# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 8 August 2017 (၉၀၁၀)


## ကမ္ဘာတစ်ဝန်း အခက်အခဲအကျပ်အတည်းရှိနေချိန်မှာ အာဆီယံရဲ့ စီးပွားရေးတိုးတက်မှုဟာ ၄ ဒသမ ၇ ရာခိုင်နှုန်းရှိ၍ ချီးကျူးထိုက်တာဝန်သိ တာဝန်ကျေပွန်တဲ့ အာဆီယံရဲ့ မိသားစုဝင် မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းလုပ်ငန်းတွေမှာ ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်

### ၂၀၁၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည် အာဆီယံနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့်သဝဏ်လွှာ

**လေးစားအပ်ပါသောပြည်သူအပေါင်းတို့ခင်ဗျား၊**

ဒီကနေ့ဟာ အာဆီယံအဖွဲ့ကြီး စတင်တည်ထောင်ခဲ့တဲ့ နှစ်ပေါင်း(၅၀)ပြည့်မြောက်တဲ့ ရွှေရတုနှစ်ပတ်လည်နေ့ဖြစ်ပြီးတော့ အာဆီယံအတွက် သမိုင်းမှတ်တိုင်တစ်ခုပဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ဆယ်စုနှစ် ငါးစုအတွင်းမှာ အာဆီယံနိုင်ငံများအနေနဲ့ ကျေနပ်ဂုဏ်ယူဖွယ်ရာ တိုးတက်ဖြစ်ထွန်းမှုတွေရှိခဲ့ပါတယ်။ ယနေ့ အာဆီယံ(၁၀)နိုင်ငံရဲ့ စီးပွားရေးပေါင်းစည်းမှုဟာ ကမ္ဘာ့အဆင့် (၇)နေရာမှာရောက်ရှိနေပြီး ဒီအောင်မြင်မှုဟာ မဆုတ်မနစ် ကြိုးပမ်းအားထုတ်ခဲ့တဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ မှတ်ကျောက်ပဲဖြစ်ပါတယ်။

ဒီနှစ်ဟာ မြန်မာနိုင်ငံအတွက်လည်း ထူးခြားတဲ့နှစ်ပတ်လည်နေ့ အခါသမယဖြစ်နေပါတယ်။ မြန်မာနိုင်ငံအတွက် လွန်ခဲ့တဲ့ နှစ်(၂၀)က အာဆီယံမိသားစုထဲကို ဝင်ရောက်ခဲ့တဲ့ သမိုင်းဝင်နေ့လည်း ဖြစ်ပါတယ်။

ဒီနှစ်ပတ်လည်နေ့အခါသမယနှစ်ခုကို ဂုဏ်ပြုကြိုဆိုရင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံးကိုလည်း ကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

အာဆီယံခေါင်းဆောင်ကြီးများဟာ အရှေ့တောင်အာရှဒေသအတွင်းမှာနေထိုင်ကြတဲ့ ပြည်သူများအားလုံးအတွက် အရှေ့တောင်အာရှဒေသကို အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်တဲ့ဒေသကြီးဖြစ်လာစေဖို့ မျှော်မှန်းပြီး အာဆီယံအဖွဲ့ကြီးကို တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြေတိုင်ကန်ကျေးရွာ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးပြီး

## ရွာသူရွာသားများနှင့်အတူ ငြိမ်းချမ်းရေးစကားဝိုင်း ကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့နှင့် ယနေ့နံနက်ပိုင်းတွင် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ ဖွံ့ဖြိုးရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြေတိုင်ကန်ကျေးရွာ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေသည့် ထရန်စဖော်မာကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာချုပ် ဦးစိုးမင်းထွန်းက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ လျှပ်စစ်မီးအသုံးပြုမှုနှင့် လျှပ်စစ်ဓာတ်အားဖြင့် ဆောင်ရွက်နေသည့် အသေးစားစက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

မြေတိုင်ကန်ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၂၈၁ စု၊ လူဦးရေ ၁၂၄၂ ဦးနေထိုင်ကြပြီး အများစုမှာ ရက်ကန်းလုပ်ငန်းနှင့် တောင်သူလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ဝါနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်သည်။ ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင်

**စာမျက်နှာ ၄ ကော်လံ ၁ သို့**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြေတိုင်ကန်ကျေးရွာမှ ရွာသူရွာသားများ ငြိမ်းချမ်းရေးစကားဝိုင်း ပြုလုပ်စဉ်။


YOKOHAMA

မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ် -

အနော်ရထာ တာယာအရောင်းပြခန်း

အမှတ် - ၂၆၉၊ ဗားဂရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

မြေနီကုန်း - 01-501901, 09-421167021, 535837, 09-420237009, 539539

ဘုရင့်နောင် - 01-682562, 683665,683200, 686419, 527149, 523766, 532174



ကြေးမုံ

ကြေးမုံ

# ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံကြီးနှင့် ဒီမိုကရေစီပန်းတိုင်

လွန်ခဲ့သော နှစ်ဆယ့်ကိုးနှစ်။

၈ ဩဂုတ် ၁၉၈၈ မှာ ခေတ်သစ်မြန်မာ့သမိုင်းတွင် အကြီးအကျယ်ဆုံးပြည်သူ့ဆန္ဒဖော်ထုတ်ပွဲကြီး ဖြစ်ပွားခဲ့သည်။ ပြည်သူလူထုတစ်ရပ်လုံး၏ ဒီမိုကရေစီလိုလားမှုကို ဖော်ထုတ်ဆန္ဒပြခဲ့သည့် ပြည်သူ့အရေးတော်ပုံကြီး။

လူအုပ်စုလေးတစ်စု၏ ဆန္ဒပြပွဲမဟုတ်။

နီးစပ်ရာစုဝေးထားသည့် လူတစ်စု၏ သပိတ်မှောက်ပွဲမဟုတ်။ လူတချို့၏ အကျိုးစီးပွားကို အမှီပြုကာ ရပိုင်ခွင့်တောင်းဆိုသည့် ပွဲလေးမဟုတ်။

လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မြန်မာပြည်တစ်နံတစ်လျား၊ တောင်ပေါ်မြေပြန့်၊ မြို့ပြကျေးလက်၊ ပြည်ထောင်စုတိုင်းရင်းသားအသီးသီးတို့ မိမိတို့၏ ကိုယ်တိုင်ဆန္ဒများတူညီစွာဖြင့် တစုတရုံးတည်း၊ တညီတညွတ်တည်းသော ဧရာမလူထုကြီး၏ အရေးတော်ပုံကြီး။

လူပင်လယ်ကြီးများက အမြို့မြို့အနယ်နယ်မှာ လှိုင်းလုံးကြီးများနှယ် တလိမ့်လိမ့်ဖြန့်ကြက်ထားပြီး ဒီမိုကရေစီရရှိရေးဟူသည့် ကြွေးကြော်သံများကို ဘဝင်္ဂညံအောင်ဟစ်ဆိုခဲ့ကြသည်။

နိုင်ငံတွင်းမှာရှိသော လူတစ်ဦးချင်းစီမှာ တန်းတူညီမျှရှိရမည့် ဒီမိုကရေစီအခွင့်အရေးကို တောင်းဆိုခဲ့ကြသည်။

ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော နိုင်ငံသားတို့၏ မူလအခွင့်အရေးကို အပြည့်အဝပြန်လည်ရရှိရန် တောင်းဆိုခဲ့ကြသည်။ ကိုယ့်နိုင်ငံ၏ အရေးကိစ္စများကို ပြည်သူလူထုကိုယ်စား စီမံခန့်ခွဲအုပ်ချုပ်ရန် ပြည်သူတို့က ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းသော အစိုးရတစ်ရပ်ကို ရရှိနိုင်ရန်အတွက် တောင်းဆိုခဲ့ကြသည်။

ရွေးကောက်ပွဲများကျင်းပပြီး ပြည်သူ့ကိုယ်စားလှယ်များနှင့် ပေါ်ပေါက်လာသော လွှတ်တော်များ၊ လွှတ်တော်များက ရွေးချယ်ဖွဲ့စည်းသည့် အစိုးရအဖွဲ့တို့က နိုင်ငံ၏အချုပ်အခြာအာဏာကို အမှန်တကယ်ပိုင်စိုးသည့် အစိုးရအဖွဲ့ကို ပြည်သူ့သဘောကျ လွှဲပြောင်းပေးချင်သည်။

နိုင်ငံ၏ အချုပ်အခြာအာဏာဟူသည် ပြည်သူတို့ကသာ ပိုင်၏။ ပြည်သူတို့ ပိုင်ဆိုင်သော အချုပ်အခြာအာဏာကို ပြည်သူတို့ကသာ စီမံခန့်ခွဲလို၏။

ပြည်သူ့ကိုယ်စားလှယ်တို့၏ စီမံခန့်ခွဲမှုဖြင့် နိုင်ငံ၏ ဆုတ်ယုတ်လျော့ပါးနေသော စီးပွားရေးပြန်လည်ထူထောင်ရေး၊ ပြည်ထောင်စုညီညွတ်ရေးတို့ တည်ဆောက်ကာ ငြိမ်းချမ်းရေးရယူလိုကြ၏။

၈၈၈၈ ပြည်သူ့ ဒီမိုကရေစီရေးအရေးတော်ပုံကြီး၏ အနှစ်သာရက ဒါပဲဖြစ်၏။

ယနေ့အချိန်ထိတိုင် နှစ်ဆယ့်ကိုးနှစ်ကြာ ဖြတ်သန်းခဲ့သော ဒီမိုကရေစီခရီးကြမ်း၏ အဓိကရည်ရွယ်ချက်မှာ အထက်ဖော်ပြပါ အနှစ်သာရတို့ကို ပြည်သူတို့ရယူ ခံစားရန်ဖြစ်ပါ၏။

အဆိုပါ ရည်မှန်းချက်များ ရရှိနိုင်ရေးအတွက်များစွာသော ပြည်သူတို့၏ အနစ်နာခံမှုများ၊ ဒုက္ခဝေဒနာများဖြင့် နှစ်ပေါင်းများစွာ စတေးရင်းနှီးခဲ့ကြပါသည်။

နှစ်ဆယ့်ကိုးနှစ်ကြာ ရည်ရွယ်ရုန်းကန်ခဲ့ကြရသော ပြည်သူတို့ မျှော်မှန်းသည့် ဒီမိုကရေစီနိုင်ငံထူထောင်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားတို့ ညီညွတ်ရေး၊ တိုင်းရင်းသားအားလုံး တန်းတူညီမျှသည့် ငြိမ်းချမ်းသော ဖက်ဒရယ်နိုင်ငံတော်ဟူသော ပန်းတိုင်က မြင်နေရပြီ ဖြစ်သော်လည်း မရောက်သေးသည့် အခြေအနေမှာပဲ ရှိနေသေးသည်။

ပြည်သူတို့၏ ညီညွတ်မှု ပြင်းပြသော ဆန္ဒ၊ အတူတကွ ကြိုးပမ်းမှုတို့ဖြင့် ရှစ်လေးလုံး ပြည်သူ့ဒီမိုကရေစီရေး အရေးတော်ပုံကြီး၏ မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်ပါစေသတည်း။ ။

## မအူပင်မြို့နယ်တွင် ရေပေါ်အသက်ကယ်သင်တန်းဖွင့်

**မအူပင် ဩဂုတ် ၇**

မအူပင်မြို့နယ်တွင် လူမှုကယ်ဆယ်ရေးအဖွဲ့ (မအူပင်)ဦးဆောင်မှုဖြင့် ရေပေါ်အသက်ကယ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မြို့ရှောင်လမ်းပန်းဝတီစားသောက်ဆိုင်၌ ကျင်းပရာ လူမှုကယ်ဆယ်ရေးအရာရှိ(စေတနာ) ဦးဝင်းဌေးက သင်တန်းတွင် ပို့ချမည့် လူမှုကယ်ဆယ်ရေးနှင့် အခြေခံအသက်ကယ် အထောက်အကူများ၊ သဘာဝဘေးဒဏ်ကြောင့် လတ်တလော ရှေးဦးပြုစုခြင်းများကို ရှင်းလင်းခဲ့ပြီး သင်တန်းကို ဩဂုတ် ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

■




## H1N1 ရောဂါနှင့်ပတ်သက်၍ ဘတ်စ်ကားစီးသူများကို အလွန်စိုးရိမ်

**ရန်ကုန် ဩဂုတ် ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်း၍ ရာသီတုပ်ကွေးရောဂါ H1N1 နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပသည်။



အဆိုပါ ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက H1N1 ရောဂါနှင့်ပတ်သက်၍ ဘတ်စ်ကားစီးကြသည့် ပြည်သူများမှာ တစ်ယောက်နှင့်တစ်ယောက်နီးကပ်စွာ တည်ရှိသည့်အတွက် အလွန်စိုးရိမ်ကြောင်း၊ ဖျားနာချောင်းဆိုးသူများအနေဖြင့် ဘတ်စ်ကားမစီးသင့်ကြောင်း၊ စာသင်ကျောင်းများ၊ ဘတ်စ်ကားလိုင်းများ၊ ရုံးများတွင် ကျန်းမာရေး အသိပညာပေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများ၊ ဆေးပညာရှင်များ၊ ဆေးကောင်စီမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

**(ဇာနည်မောင်)**

## လူထုဗဟိုပြုစီမံကိန်း အဖွဲ့အစည်းပေါင်းစုံပါဝင်သော ဆွေးနွေးပွဲကျင်းပ

**ဘီးလင်း ဩဂုတ် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် သက်ဆိုင်ရာအဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဩဂုတ် ၄ ရက်က ကျင်းပခဲ့ရာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးကြည်က အဖွင့်အမှာစကားပြောကြားသည်။



ထို့နောက် မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးက ဘီးလင်းမြို့နယ်အတွင်း ဆောင်ရွက်နေသည့် စီမံကိန်းဒုတိယနှစ် လုပ်ငန်းအတွေ့အကြုံများနှင့် ဆက်လက်ဆောင်ရွက်မည့် တတိယနှစ်လုပ်ငန်းများနှင့်ပတ်သက်ပြီး ပြောကြားသည်။ ထို့နောက် မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ နည်းပညာအကြံပေး ဦးထွန်းအောင်ကျော်က စီမံကိန်းဒုတိယနှစ်စက်ဝန်း ဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းပြီး ဒုတိယနှစ်စီမံကိန်းအတွက် လုပ်ငန်းဆောင်ရွက်မှုအကောင်းဆုံး ကျေးရွာ သုံးရွာနှင့် ကျေးရွာ အုပ်စုသုံးခုတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအတွက် ခွင့်ပြုရန်ပုံငွေ ၂၀၉၄ သန်းဖြင့် ကျေးရွာပေါင်း ၁၅၀ ကို ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်(ရွှေဈေး) ၉၀၆၀၀၀ - ၉၀၆၀၀၀ မန္တလေး(ရွှေဈေး) ၉၀၆၀၀၀ - ၉၀၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၆၅ ကျပ်၊ | ၆၅၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၇၁၅ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၈၀/၇၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၈၅ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၂၀/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၅/၆၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၁၀/၆၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၅. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၂. ၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၉၈၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၁၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၄၀၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၀. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၈၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၁. ၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၁. ၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဘာသာအသီးသီး၏ လမ်းစဉ်နှင့် အစဉ်အလာများကို တန်းတူညီမျှစွာ အသိအမှတ်ပြုရမည်

နေပြည်တော်   ဩဂုတ်   ၇

**သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)တွင် သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြုအဖွဲ့၊ အိန္ဒိယနိုင်ငံ ဝိဝေကနန္ဒအပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့က ဂျပန်ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ ဩဂုတ် ၅ ရက်မှ ၆ ရက်အထိ ကျင်းပသည့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံကြီးတွင် ဘာသာပေါင်းစုံမှ ခေါင်းဆောင်များနှင့် သုတေသီများက သဘောတူထုတ်ပြန်ကြေညာချက်တစ်စောင်ကို ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ သဘောတူထုတ်ပြန်ကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်သည် -**

**သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)တွင် ကျင်းပပြုလုပ်သည့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာဘာသာပေါင်းစုံ ညီလာခံကြီး၏ သဘောတူထုတ်ပြန်ကြေညာချက်**

**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်**

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်**

၁။ ကမ္ဘာ့ပြည်သူအပေါင်း စိုးရွံ့ထိတ်လန့်မှုကင်းရှင်းစွာ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဘဝလုံခြုံမှုအာမခံချက် အပြည့်အဝ ရှိနိုင်မည့် ညီညွတ်သည့် လူမှုဘဝဖန်တီးဖော်ဆောင်သွားမည်။

၂။ ဘာသာရေးကို ခုတုံးလုပ်လျက် အမုန်းစကားပြောကြားခြင်း၊ မဟုတ်မမှန်ဝါဒဖြန့်ခြင်း၊ ယင်းတို့အပေါ် အခြေတည်၍ ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆူပူသောင်းကျန်းခြင်း၊ စစ်မက်ဖြစ်ပွားခြင်း မှန်သမျှကိုလည်းကောင်း၊ ယင်းလုပ်ရပ်များအတွက် ထောက်ပံ့ကူညီသူများကိုလည်းကောင်း ပြင်းထန်စွာ ပြစ်တင်ရှုတ်ချသည်။

၃။ ကမ္ဘာပေါ်ရှိ ဘာသာရေးခေါင်းဆောင်များအားလုံး ဘာသာတရား၏ အဆုံးအမများကို လိုက်နာခံယူပြီး ပြည့်ဝသော လူ့ဘောင်ဘဝတည်ဆောက်သူများအဖြစ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေး ပိုမိုတိုးတက်ခိုင်မာစေရေးကို ကြိုးပမ်းဆောင်ရွက်သွားကြမည်။

၄။ မတူကွဲပြားသည့် ဘာသာဝင်များအကြား အပြန်အလှန်နားလည်မှု၊ လေးစားမှုနှင့် ယုံကြည်မှု တည်ဆောက်ပြီး ငြိမ်းချမ်းလုံခြုံသည့် သာယာသော လူ့ဘောင်ဘဝ တည်ဆောက်သွားရန် လိုအပ်သည်။

၅။ အခြားကိုးကွယ်ရာဘာသာများ၏ အရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း မပြုရေးကို ထိန်းသိမ်းဆောင်ရွက်ပြီး ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြမည်။

၆။ လူသားထု ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် များစွာနောက်ကျခြင်း မဖြစ်မီ သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးကို ဘာသာပေါင်းစုံ၏ အမွေခံတာဝန်ဝတ္တရားအဖြစ် ဆောင်ရွက်သွားကြမည်။

၇။ ဘာသာပေါင်းစုံညီလာခံ( SAMVAD II) သို့ တက်ရောက်ခဲ့ကြသည့် အိန္ဒိယနိုင်ငံမှ ဘာသာရေးခေါင်းဆောင်များက ကိုးကွယ်ရာဘာသာများအကြား ညီညွတ်ချစ်ကြည်မှုရရှိစေရေးအတွက် လိုအပ်ပါက ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှစတင်၍ ၄ လ တစ်ကြိမ် တွေ့ဆုံဆွေးနွေးသွားရန် ဆုံးဖြတ်ကြသည်။

၈။ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးအသိစိတ်ဓာတ် တိုးမြှင့်မှုအစီအစဉ်များကို စုပေါင်းချမှတ်ပြီး လက်တွေ့ဆောင်ရွက်သွားမည်။

၉။ အချင်းချင်းအပြန်အလှန်နားလည်မှု၊ ယုံကြည်မှုတိုးမြှင့်ရေးအတွက် ဘာသာပေါင်းစုံတရားစခန်း (Meditation Camp) တစ်ခု ဖွဲ့စည်းတည်ထောင်သွားမည်။

၁၀။ ဘာသာအသီးသီး၏ လမ်းစဉ်နှင့် အစဉ်အလာများကို တန်းတူညီမျှစွာ အသိအမှတ်ပြုရမည်။

# ဥပဒေပြုရေးနှင့် ဥပဒေရေးရာကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော် House Appropriations Committee ဥက္ကဋ္ဌ Hon.Mr. Rodney Frelinghuysen နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးနှင့် ဥပဒေရေးရာကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီလ်ရယ်တို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး ကျင်းပ

## ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် ခုနစ်ခုနှင့် အတည်ပြုမိန့် ၁၇ ခု ခွင့်ပြုပေးခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၇ သန်းကျော် ခွင့်ပြုပေးခဲ့



**ရန်ကုန် ဩဂုတ် ၇**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှု ပြုရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၇ ရက်က ရန်ကုန်မြို့တွင် ကျင်းပခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံလိုသူက တင်ပြလာသော အဆိုပြုလွှာများ၊ အတည်ပြုမိန့်လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးအပါအဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့် ခုနစ်ခုနှင့် အတည်ပြုမိန့် ၁၇ ခုကို ခွင့်ပြုပေးခဲ့ပြီး ယင်းမှ ခွင့်ပြုလိုက်သော ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၁၉၂ သန်းကျော်နှင့် မြန်မာငွေကျပ် ၄၀၉၃၄၈ ဒသမ ၄၇ သန်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

ပြီးခဲ့သည့် ဇူလိုင်လလယ်အထိ စာရင်းများအရ (ယခုခွင့်ပြုလိုက်သော ရင်းနှီးမြှုပ်နှံမှုများ မပါဝင်သေးမီ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉၃ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၇၆၈ ဒသမ ၅၂၅ သန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၉၈၉ ဒသမ ၈၁၃ စီးဝင်ခဲ့သည့်အပြင် အထူးစီးပွားရေးဇုန် ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၄၈၀ သန်း ခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁၁၇ ဒသမ ၂၉၃ သန်း (သုံးဘီလီယံကျော်) စီးဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းမှာ ဘဏ္ဍာရေးနှစ် သုံးလကျော်ကာလအတွင်းမှာပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော် ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ယခုဘဏ္ဍာရေးနှစ်၏ လျာထားချက် ထက်ဝက်ကျော်ကို ရောက်ရှိလာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။ ယင်းအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီတို့အပါအဝင် ရင်းနှီးမြှုပ်နှံမှုကော်မတီများ ဖွဲ့စည်းကာ ဆောင်ရွက်မည်ဖြစ်သောကြောင့် သက်ဆိုင်ရာ နယ်မြေဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးမြှင့်လာရန် ဆောင်ရွက်သွားမည်ဖြစ်ရာ လျာထားချက်ကို ကျော်လွန်သွားရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။ **(ဆုနှင်းလှဲ့)**

# ၁၉၉၅ ခုနှစ် မော်ဒယ် ခရီးသည်တင်ယာဉ်များ အပ်နှံလက်ခံပြီးနောက် ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်ယာဉ်များ အပ်နှံနိုင်ရန် ဆက်လက်ဆောင်ရွက်မည်

**ရန်ကုန် ဩဂုတ် ၇**

YBS ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများတွင် ၁၉၉၅ ခုနှစ် မော်ဒယ်နှင့်အောက် သက်တမ်းနှစ် ၂၀ ကျော် ခရီးသည်တင်ဘတ်စ်ကားများအား အပ်နှံလက်ခံမှု ဆောင်ရွက်ပြီးနောက် ၁၉၉၆၊ ၁၉၉၇ နှင့် ၁၉၉၈ ခုနှစ်ထုတ် မော်ဒယ် ခရီးသည်တင်ယာဉ်များ အပ်နှံနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

သက်တမ်း နှစ် ၂၀ နှင့်အထက် အိုဟောင်းဘတ်စ်ကားများအား အစားထိုးလဲလှယ်သည့် အစီအစဉ်အရ ၁၉၉၅ ခုနှစ် မော်ဒယ်နှင့်အောက် ခရီးသည်တင်ဘတ်စ်ကားများအား အပ်နှံ၍ လူစီးယာဉ်စလစ် ထုတ်ပေးခြင်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်လက်ခံဆောင်ရွက်ပေးခဲ့ပြီးနောက် ဆက်လက်၍ ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်ယာဉ်ဟောင်းများကိုပါ ဆက်လက်အပ်နှံနိုင်ရန်နှင့် ယာဉ်အသစ်များ ဖြည့်စွက်ပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဟု သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"၉၅ မော်ဒယ်တွေ အပ်နှံလက်ခံပြီးတဲ့နောက်မှာတော့ ၉၆၊ ၉၇၊ ၉၈ ယာဉ်တွေကိုပါ ဆက်လက်ဆောင်ရွက်ပါမယ်။ အစီး ၄၀၀ ဝန်းကျင်လောက်တော့ရှိပါတယ်။ ဒီကားတွေနေရာမှာ ကားသစ်တွေနဲ့ တဖြည်းဖြည်း အစားထိုးသွားပါမယ်။ ကားသစ်တွေ တဖြည်းဖြည်း အစားထိုးလာနိုင်တာနဲ့အတူ ကတ်စနစ်၊ ငွေပေးချေစနစ်ကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

YBS ယာဉ်လိုင်းများတွင် လက်ရှိအစိုးရက ဝယ်ယူထားသော ခရီးသည်တင် ယာဉ်အစီး ၁၀၀၀၊ ပုဂ္ဂလိက ကုမ္ပဏီတို့က ဝယ်ယူထားသော ခရီးသည်တင်ယာဉ် အစီး ၁၀၀၀ ကျော် အပါအဝင် ကားသစ် အစီး ၂၆၀၀ ခန့် ဝင်ရောက်ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ ကား သစ်အစီး ၂၀၀၀ ကျော် ဝင်ရောက်လာခြင်းနှင့်အတူ ၉၅ မော်ဒယ်နှင့်အောက် ယာဉ်ဟောင်းများ အပ်နှံပြီးဖြစ်သည့်အတွက် ရန်ကုန်မြို့တွင် ပြေးဆွဲနေသည့် ဘတ်စ်ကားယာဉ်အစီးရေသည် ၃၀၀၀ ကျော်၊ ၄၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ **(ဝဝ၁)**

✪ **ရွှေဖုံးမှ**

အရှေ့တောင်အာရှဒေသကို ရှင်သန်ထက်မြက်တဲ့၊ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့၊ ပေါင်းစည်းညီညွတ်တဲ့ စီးပွားရေးအင်အားစု ဖြစ်လာစေဖို့ ဘုံအမှတ်သရုပ်လက္ခဏာနဲ့ စည်းလုံးညီညွတ်မှုအပေါ် အခြေခံတဲ့ အသိုက်အဝန်းတစ်ခုအဖြစ် ဖန်တီးနိုင်ဖို့ ဦးတည်ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

အာဆီယံအဖွဲ့ကြီးရဲ့ အဆိုပါရည်မှန်းချက်တွေကိုစိန်ခေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများကို လည်းဖြတ်သန်းခဲ့တဲ့ လမ်းကြောင်းတစ်လျှောက်မှာ တွေ့ကြုံရင်ဆိုင်ခဲ့ရပါတယ်။ သို့သော်လည်း အာဆီယံအဖွဲ့ကြီး အနေနဲ့ အပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ တူညီဆန္ဒအလေးထားမှုစတဲ့ "မူ"တွေပေါ်မှာ အခိုင်အမာ ရပ်တည်ပြီး မိမိတို့ရဲ့ရည်မှန်းချက်၊ ဦးတည်ချက်ကိုအပျောက်မခံဘဲ လျှောက်လှမ်းခဲ့ကြတာဖြစ်ပါတယ်။ မိမိတို့ရဲ့ ထူးခြားတဲ့ "အာဆီယံနည်းအာဆီယံဟန်"နဲ့ တိုးတက်အောင်မြင်မှုတွေကို ဖော်ဆောင်နိုင်ခဲ့ကြပါတယ်။

အာဆီယံအဖွဲ့ကြီးရဲ့ တိုးတက်အောင်မြင်မှုကို ဘက်စုံထောင့်စုံကနေ တိုင်းတာကြည့်နိုင်ပါတယ်။ ဒီကနေ့ အရှေ့တောင်အာရှဒေသဟာ အေးချမ်းတည်ငြိမ်တဲ့ဒေသတစ်ခုဖြစ်နေပါပြီ။ နှစ်ပေါင်း ၅၀ အတွင်းမှာ ကြုံတွေ့ခဲ့ရတဲ့ ပြဿနာရပ်အရပ်ရပ်ကို အသိုက်အဝန်းတစ်ခုရဲ့ အဖွဲ့ဝင်နိုင်ငံများအနေနဲ့ အတူတကွပူးပေါင်းဖြေရှင်းခဲ့ပါတယ်။

အာဆီယံနိုင်ငံတွေရဲ့ စီးပွားရေးအခြေအနေဟာလည်း သိသိသာသာတိုးတက်မှုရှိခဲ့ပါတယ်။ အဖွဲ့ဝင်နိုင်ငံ အားလုံးရဲ့ စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅ ထရီလီယံ ရှိနေပြီး အကြီးမားဆုံးသော ကမ္ဘာ့စီးပွားရေးအုပ်စုတစ်ခုဖြစ်လာခဲ့ပါပြီ။ ကမ္ဘာပေါ်မှာ စီးပွားရေးတိုးတက်မှုနှုန်း အလျင်မြန်ဆုံးနိုင်ငံတွေထဲမှာ ဒီအရှေ့တောင်အာရှဒေသကနိုင်ငံတွေ ပါဝင်နေပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ အာဆီယံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းဟာ ၄ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်း အခက်အခဲအကျပ်အတည်းတွေနဲ့ စိန်ခေါ်မှုတွေရှိနေချိန်မှာ ယခုလိုစီးပွားရေးတိုးတက်မှုနှုန်းရရှိနေတာဟာ ချီးကျူးထိုက်တဲ့အခြေအနေပဲဖြစ်ပါတယ်။

အာဆီယံတစ်နိုင်ငံနဲ့တစ်နိုင်ငံအကြား ယဉ်ကျေးမှုဆက်နွှယ်ဖလှယ်မှုတွေလည်း အများအပြားရှိနေကြပါတယ်။ မြန်မာနိုင်ငံဟာလည်း ကွဲပြားခြားနားတဲ့ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများနဲ့ ရှင်သန်နေတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါ တယ်။ ဒါကြောင့် အခြား(၉)နိုင်ငံပါဝင်တဲ့ အာဆီယံအဖွဲ့ထဲကို မြန်မာနိုင်ငံဝင်ရောက်လာတဲ့အခါမှာ အာဆီယံရဲ့ ယဉ်ကျေးမှုအနုပညာကားချပ်ကို ပိုမိုပြီးတော့ အရောင်အသွေးစုံလင်ပြည့်စုံစေခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

လာမယ့်အနာဂတ် အနှစ် ၅၀ ကို မျှော်ကြည့်လိုက်ရင် အာဆီယံနိုင်ငံတွေရဲ့ဆက်ဆံရေးဟာ လက်ရှိအခြေအနေ ထက် ပိုမိုပြီးတော့ နက်ရှိုင်းလာဖို့ရှိပါတယ်။ မိမိတို့ရဲ့ အခြေခံမူတွေပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်ထားခြင်းအားဖြင့် အရှိန်အဟုန်နဲ့ လျင်လျင်မြန်မြန်ပြောင်းလဲနေတဲ့ ကမ္ဘာ့အခြေအနေတွေကြားမှာ ရှင်သန်တက်ကြွနေတဲ့ အဖွဲ့အစည်း အဖြစ် အောင်မြင်စွာရပ်တည်သွားနိုင်မှာဖြစ်ပါတယ်။ ရှေ့ကိုဆက်ပြီး ဆတက်ထမ်းပိုး ကြိုးပမ်းအားထုတ်ခြင်းအားဖြင့် လည်း အာဆီယံဒေသကို နိုင်ငံရေးအရ စုစည်းမှုခိုင်မာတဲ့၊ စီးပွားရေးအရ ပေါင်းစည်းညီညွတ်တဲ့၊ လူမှုရေးအရ တာဝန်သိ တာဝန်ကျေပွန်တဲ့၊ ပြည်သူလူထုဗဟိုပြုတဲ့ ဒေသကြီးအဖြစ် ရပ်တည်သွားနိုင်စေမှာဖြစ်ပါတယ်။

ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်နေမယ့် အနာဂတ်ကိုဖန်တီးနိုင်ဖို့အတွက် အာဆီယံခေါင်းဆောင်တွေဟာ ကုလသမဂ္ဂရဲ့"၂၀၃၀ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်အစီအစဉ်"နဲ့အညီ "အာဆီယံအသိုက် အဝန်း မျှော်မှန်းချက် ၂၀၂၅" ကို အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ စီမံထားရှိပြီးဖြစ်ပါတယ်။

လာမယ့်အနာဂတ်ကာလမှာ နိုင်ငံတကာအသိုက်အဝန်းနဲ့ ထိတွေ့ဆက်ဆံရေးကိုမြှင့်တင်ပြီး အာဆီယံအသိုက် အဝန်းရဲ့ တိုးတက်မှုကို ဆက်လက်တည်ဆောက်သွားကြဖို့ စီမံထားပါတယ်။ ဒီကနေ့ဒီအချိန်မှာ အာဆီယံအဖွဲ့ကြီး ဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံ ၈၇ နိုင်ငံနဲ့ လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုနဲ့လည်းကောင်း သံအမတ်ကြီးအဆင့် သံတမန်အဆက်အသွယ်ထားရှိနိုင်ပြီဖြစ်ပါတယ်။ အပြန်အလှန်အားဖြင့် အခြားသောကမ္ဘာ့နိုင်ငံ များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှာလည်း အာဆီယံကော်မတီ ၅၂ ခုကို ဖွဲ့စည်းတည်ထောင် ဆက်သွယ်ထားရှိ နိုင်ခဲ့ပြီဖြစ်ပါတယ်။ အာဆီယံအဖွဲ့ကြီးအနေနဲ့ နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံမှုကိုဆက်လက်မြှင့်တင်ပြီး အာဆီယံ ဒေသကြီးနဲ့ အာဆီယံပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။

အဆိုပါရည်မှန်းချက်ဟာ ယခုနှစ်နှစ်ကုန်ပိုင်းမှာ အပြီးသတ်နိုင်ဖို့မျှော်မှန်းထားတဲ့ "ဒေသဆိုင်ရာ ဘက်စုံ စီးပွားရေး မိတ်ဖက်အစီအစဉ်"ကို အကောင်အထည်ဖော်လာနိုင်တာနဲ့အမျှ ပိုမိုနက်ရှိုင်းတဲ့ အောင်မြင်မှုတွေရရှိ လာမှာဖြစ်ပါတယ်။ ဒီအစီအစဉ် စတင်အကောင်အထည်ဖော်နိုင်ပြီဆိုရင် ကမ္ဘာ့လူဦးရေထက်ဝက်ကို လွှမ်းခြုံနိုင်တဲ့ အကြီးမားဆုံးဈေးကွက်ကြီးတစ်ခု ဖြစ်လာမှာဖြစ်ပြီး ကမ္ဘာ့ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးရဲ့ ၃၀ ရာခိုင်နှုန်း ရှိတဲ့ ကုန်သွယ်ရေးဒေသကြီးတစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ယခုနှစ် နှစ်ပတ်လည်နေ့ကို "ပြောင်းလဲဖို့ရာ ပေါင်းစည်းပါ၊ ကမ္ဘာ့နီးဝေး၊ ထိတွေ့ပေး"ဟူသောဆောင်ပုဒ်နဲ့အညီ ဂုဏ်ပြုကြိုဆိုကြခြင်းပဲဖြစ်ပါတယ်။

အာဆီယံအနေနဲ့ ဒီရည်မှန်းချက်တွေကို ကြိုးပမ်းအားထုတ်ဖော်ဆောင်နိုင်ရုံနဲ့ ကျေနပ်နေကြမှာမဟုတ်ပါဘူး။ တစ်ဖက်မှာလည်း စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဒေသအတွင်းနဲ့ ကမ္ဘာတစ်ဝန်းမှာ လူဦးရေတိုးပွားမှု နှုန်း တစ်နေ့တခြားမြင့်မားလာနေတာတွေ၊ ဂလိုဘယ်လိုက်ဇေးရှင်းကို ဆန့်ကျင်လာကြတာတွေ၊ အကြမ်းဖက် တိုက်ခိုက်မှုတွေ၊ အကြမ်းဖက်အစွန်းရောက်ဝါဒီတွေ၊ လူမှုစီးပွားရေးမတည်ငြိမ်မှုတွေကို ရင်ဆိုင်ဖြေရှင်းနေရဦးမှာ ဖြစ်ပါတယ်။

ဒါတွေကိုရင်ဆိုင်လာနိုင်အောင် ဒေသတွင်းပေါင်းစည်းမှုအင်အားပိုမိုကောင်းမွန်အောင် ပြည်သူလူထု ပူးပေါင်း ပါဝင်မှုနဲ့ ဆတက်ထမ်းပိုး ကြိုးပမ်းဖော်ဆောင်သွားရမှာဖြစ်ပါတယ်။ အထူးသဖြင့် အမျိုးသမီးနဲ့ လူငယ်များရဲ့ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ ပိုမိုစုစည်းညီညွတ်တဲ့ အာဆီယံအဖွဲ့ကြီးဖြစ်လာအောင် နောက်တစ်ဆင့် တက်လှမ်းနိုင်ခြင်းအားဖြင့် ပိုမိုပွင့်လင်းတဲ့၊ ပိုမိုငြိမ်းချမ်းတဲ့၊ အားလုံးပါဝင်မှုပိုပြီးမြင့်မားတဲ့၊ ကြံ့ကြံ့ခံနိုင် စွမ်းပိုမိုမြင့်မားတဲ့၊ ပိုမိုသာယာဝပြောတဲ့ဒေသကြီး ဖြစ်လာမှာဖြစ်ပါတယ်။

အာဆီယံအဖွဲ့ကြီးရဲ့ ဒီရည်မှန်းချက်တွေ အောင်မြင်အောင်ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံအနေနဲ့ တက်ကြွတဲ့ အခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းပေါင်းစည်းမှုတည်ဆောက်ရေး လုပ်ငန်းတွေမှာ ဆက်လက်ပြီးတော့ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တာဝန်သိ တာဝန် ကျေပွန်တဲ့ အာဆီယံနိုင်ငံ၊ အာဆီယံအဖွဲ့ရဲ့ မိသားစုဝင်ဖြစ်ရခြင်းကို ဂုဏ်ယူတတ်တဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံအနေနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီရပ်တည်ချက်ဟာ မြန်မာနိုင်ငံသူ နိုင်ငံ သား တစ်ဦးချင်းစီမှာ ထင်ဟပ်နေရမှာဖြစ်ပါတယ်။

အာဆီယံပြည်သူတွေဟာ အာဆီယံရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးအောင်မြင်မှုအတွက် အသက် သွေးကြောပဲဖြစ်ပါတယ်။ ဒါကြောင့် ယခုလိုကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလှတဲ့ ရွှေရတုနှစ်ပတ်လည် အခါသမယမှာ အာဆီယံအဖွဲ့ကြီးအနေနဲ့ အနာဂတ်ကိုအတူတကွလျှောက်လှမ်းကြရာမှာ တိုးတက်အောင်မြင်မှုများ ဆက်လက်ဆွတ်ခူးရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။





**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြေတိုင်ကန်ကျေးရွာရှိ အဘိုးအဘွားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (ဝဲပုံ) **နှင့် အသေးစားစက်မှုလုပ်ငန်း ရက်ကန်းရုံကို လှည့်လည်ကြည့်ရှုစဉ်။** (ယာပုံ)

❖ **နိုင်ငံတော်မှ**

မြေတိုင်ကန်ကျေးရွာအတွက် လျှပ်စစ်ဓာတ်အားကို စတင်သွယ်တန်းပေးခဲ့သည်။ လျှပ်စစ်ဓာတ်အားမရရှိမီကာလတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဖြစ်သည့် ရက်ကန်းစက်လုပ်ငန်းတစ်ခုအတွက် တစ်လလျှင် ဒီဇယ်အင်ဂျင်ဖြင့် မောင်းနှင်သည့် ကုန်ကျစရိတ်မှာ ငွေကျပ် တစ်သိန်းခွဲခန့်ရှိခဲ့ပြီး လက်ရှိအချိန်တွင် လျှပ်စစ်ဓာတ်အားဖြင့် အသုံးပြုနိုင်သည့်အတွက် ကုန်ကျစရိတ်မှာ ငွေကျပ် ငါးသောင်းအောက်သာရှိသည့်အတွက် ဝင်ငွေတိုးတက်ရရှိလာကြောင်း သိရ သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြေတိုင်ကန်ကျေးရွာ ရပ်မိရပ်ဖများ၏ ကျေးလက်စကားဝိုင်းသို့ ရောက်ရှိသည်။

ယင်းနောက် အသက် (၇၀)ကျော် အဘိုးအဘွားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ကျေးရွာ၏ဖွံ့ဖြိုးရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးကိစ္စရပ်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျေးရွာအတွင်း လျှပ်စစ်မီးဖြင့်ဆောင်ရွက်နေသည့် အသေးစားစက်မှုလုပ်ငန်း ရက်ကန်းရုံများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

မြေတိုင်ကန်ကျေးရွာအနေဖြင့် ယခု ၂၀၁၇ နှစ် မတ်လကုန်မှ လျှပ်စစ် ဓာတ်အား စတင်ရရှိခဲ့ကြောင်း၊ စက်ရက်ကန်းရုံ ၁၀ ရုံတွင်ရှိသော ရက်ကန်းစင် ပေါင်း ၅၉ စင်၊ ချည်ချစင် သုံးစင်၊ တွင်ခုံတစ်ခုကို လျှပ်စစ်ဓာတ်အားအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ အဝီစိတွင်းပေါင်း ၇၀ ကိုလည်း လျှပ်စစ် ဓာတ်အားအသုံးပြု၍ သောက်သုံးရေရယူနိုင်ပြီဖြစ်ကြောင်း၊ ထို့ပြင် မြေတိုင်ကန် ကျေးရွာရှိ ဆန်စက်လေးလုံးနှင့် ဆီစက်တစ်လုံးသည်လည်း လျှပ်စစ်ဓာတ်အား ဖြင့် လည်ပတ်နိုင်ရေး ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြေတိုင်ကန်ကျေးရွာမှ ရွာသူရွာသားများနှင့်အတူ ငြိမ်းချမ်းရေးစကားဝိုင်း (PEACE TALK) အစီအစဉ် ကျင်းပသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြေတိုင်ကန် ကျေးရွာရှိ သီဟာရာမဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ဆရာတော် ဦးကောသလ္လနှင့် ဦးသံဝရသာမိတို့ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ခဲ့သည်။

မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၇ သန်းရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်း လျှပ်စစ် ဓာတ်အားရရှိပြီး ၂၀၁၇ ခုနှစ် ဇွန်လတွင် အိမ်ထောင်စုပေါင်း ၄ ဒသမ ၁၉ သန်းထိ လျှပ်စစ်ဓာတ်အားရရှိခဲ့ကြောင်း၊ တစ်နှစ်ခွဲအတွင်း အိမ်ထောင်စုပေါင်း ငါးသိန်းခန့်၊ လူဦးရေအားဖြင့် ၂ ဒသမ ၅ သန်းခန့် လျှပ်စစ်ဓာတ်အား တိုးချဲ့ပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃၈၅၉ ရွာရှိ သည့်အနက် ၂၀၁၇ ခုနှစ် မေလကုန်အထိ ကျေးရွာပေါင်း ၃၁၈၀၄ ရွာကို လျှပ်စစ်မီးပေးနိုင်ခဲ့ကြောင်း။

ကျေးရွာများမီးလင်းရေးကို နိုင်ငံ့ဘဏ္ဍာငွေ၊ နိုင်ငံတကာအကူအညီ၊ ချေးငွေများနှင့် ကျေးရွာသူ ကျေးရွာသားများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ကို ရေးဆွဲထားပြီး ငါးနှစ်အတွင်း အိမ်ထောင်စုပေါင်း ၁ ဒသမ ၅ သန်းခန့်ကို ဓာတ်အားစနစ်မှ တိုးချဲ့ပေးနိုင်ရန်နှင့် သုည ဒသမ ၁၂ သန်းကို ဓာတ်အား စနစ်ပြင်ပအခြားနည်းလမ်းများဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန် လျာထား ကြောင်း။

ထို့ပြင် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၁၀ ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပထမ အဆင့်အဖြစ် ဓာတ်အားလိုင်းရောက်ရှိပြီးသော နေရာမှ နှစ်မိုင်အကွာတွင် ရှိသော ကျေးရွာပေါင်း ၅၀၈၀၊ အိမ်ထောင်စုပေါင်း ၆ ဒသမ ၃ သိန်းခန့်ကို လျှပ်စစ်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်အဖြစ် ဓာတ်အားလိုင်း များနှင့် ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်ပြီး အိမ်ထောင်စုပေါင်း ၇ ဒသမ ၅ သိန်းခန့်ကို လျှပ်စစ်ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ရန် လျာထားကြောင်း။

ဂျာမနီနိုင်ငံ၏ချေးငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီး၊ လွိုင်လင်နှင့် လင်းခေးခရိုင်များရှိ ကျေးရွာ ၄၁၆ ရွာအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ်တွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၁၄၈၄ ရွာအား ဓာတ်အားဖြန့်ဖြူးပေး နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ခုတင် (၅၀) ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ခွင့်ရရှိပြီးပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဩဂုတ် ၇**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်၏ **စဉ့်ကိုင်မြို့နယ် ရွှေလုံ့ဗိုလ် (ကန်အောက်) ကျေးရွာတွင် တိုက်နယ်ဆေးရုံအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စဉ့်ကိုင်မြို့နယ်တွင် လူဦးရေ ၁၅၀၀၀၀ ကျော်နေထိုင်ပြီး ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံ၊ မျက်စိဆေးရုံနှင့် ပုလိပ်တိုက်နယ်ဆေးရုံ ဖွင့်လှစ်ထားပါကြောင်း၊ ရွှေလုံ့ဗိုလ်(ကန်အောက်)ကျေးရွာသည် နတ်ရေကန်ကျေးလက်ဌာနခွဲအောက်တွင် တည်ရှိသည့်ကျေးရွာတစ်ရွာဖြစ်ပါကြောင်း၊ ရွှေလုံ့ဗိုလ်ကျေးရွာသည် အိမ်ခြေတစ်ရာကျော်သာရှိသည့် ကျေးရွာဖြစ်ပါကြောင်း၊ ရွှေလုံ့ဗိုလ် ကျေးရွာသည် စဉ့်ကိုင်ဆေးရုံနှင့် (၁၆)မိုင်ခန့်ဝေးကွာပြီးသွားလာရန် ခက်ခဲမှုရှိသည်ကို သိရှိပါကြောင်း။

တိုက်နယ်ဆေးရုံခွင့်ပြုမှုအတွက် ယခုနှစ်အတွင် လျာထားမှုစာရင်းမှာ ပြည့်နေပြီဖြစ်ပါကြောင်း၊ တိုက်နယ်ဆေးရုံခွင့်ပြုပေးမည်ဆိုပါက စံနှုန်းခြောက်ချက် ရှိပါကြောင်း၊ ရွှေလုံ့ဗိုလ်(ကန်အောက်)ကျေးရွာမှာ စံ(၂)ချက်သာပြည့်မီပါကြောင်း၊ လတ်တလောတွင် သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမှုမရှိသည့်အတွက် တိုက်နယ်ဆေးရုံဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ **ဝက်လက်ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက ဝက်လက်မြို့နယ်ဆေးရုံအား (၂၅)ခုတင်ဆံ့မှ ခုတင် (၅၀)ဆံ့သို့ တိုးမြှင့်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်မှ ကျခံသုံးစွဲနိုင်ရန် ညှိနှိုင်းထားရှိပါကြောင်း၊ ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ခွင့်ရရှိပြီးပါက အဆောက်အအုံ၊ စက်နှင့် စက်ပစ္စည်း ထပ်မံလိုအပ်ချက်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။


ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့ ကျင်းပစဉ်။

အိမ်မဲ မဲဆန္ဒနယ်မှ **နိုင်ငံတော်စီမံကိန်းလုပ်ငန်းများဖြစ်သည့် ပြည်ထောင်စုဘတ်ဂျက်မှ ချထားပေးခဲ့သောလုပ်ငန်းများတွင်လုပ်ပိုင်ခွင့်ရ ကုမ္ပဏီများက စာချုပ်ပါအာမခံချက်များ၊ စည်းကမ်း၊ စည်းမျဉ်း၊ စံသတ်မှတ်ချက်မလိုက်နာမှုအပေါ် မည်သို့အရေးယူဆောင်ရွက်မည်ကို သိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း လုပ်ငန်းသည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် Top Creative Asia Co.,Ltd. နှင့် ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးတို့ လုပ်ငန်းတန်ဖိုးငွေကျပ် ၄၃၅ သန်းဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့သောလုပ်ငန်းဖြစ်ပါကြောင်း၊ ရန်ပုံငွေကျပ် သန်း ၄၀၀ ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

အဆိုပါကိစ္စရပ်အပေါ် စုံစမ်းစစ်ဆေးပေးပါရန် အဖွဲ့ဝင်သုံးဦးပါဝင်သော ရှေးဦးစုံစမ်းရေးအဖွဲ့ဖွဲ့၍ စုံစမ်းမှုပြုလုပ်ခဲ့ပါကြောင်း၊ ရှေးဦးစုံစမ်းမှုအဖွဲ့၏ အစီရင်ခံစာတင်ပြချက်နှင့် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၏ တင်ပြချက်အရ ရွာသစ်တိုက်နယ် ဆေးရုံကြီးကြပ်မှုကော်မတီနှင့် ကုမ္ပဏီ Project Engineer တို့ညှိနှိုင်း၍ လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ပြီး ယခုအခါဆေးရုံလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အိမ်မဲမြို့နယ် ရွာသစ်တိုက်နယ်ဆေးရုံတည်ဆောက်ခဲ့သည့် Top Creative Asia Co.,Ltd. အား စာရင်းစစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာ ပေးပို့မှုအပေါ် မူတည်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အလားတူ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့် လိုင်စင်များ လျှောက်ထားရာတွင် မလိုလားအပ်သော အဆင့်များကို ဖြေလျှော့ပေးရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၏ (၃/၂၀၁၇)အမိန့်ညွှန်ကြားချက်နှင့် ဆက်စပ်ပတ်သက်သော အမိန့်ညွှန်ကြားချက်၊ စည်းကမ်းချက်များကို ပြန်လည်ရုပ်သိမ်း၍ ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ **ပေါက်တောမြို့နယ် အရှေ့မြောက်ဘက်ရှိ သပြေကန်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ၏ **ပဲခူးမြို့နယ် ဇောင်းတူတိုက်နယ် ဆေးရုံ ဝန်ထမ်းအိမ်ရာများအား ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက ပြန်လည်ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**နှင့် **"မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"**တို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်းမရှိသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်းသောစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၏ **မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်းသော စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်လမ်းညွှန်ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို အမျိုးသားအဆင့် စီမံချက်ချမှတ်ပြီး ပြည်သူများ ပူးပေါင်းဆောင်ရွက်လာစေရန် ဆောင်ရွက်သင့်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စာဖတ်ရှိန်မြှင့်တင်ရေးကို အစီအစဉ်၊ အစီအမံများ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း၊ ပြည်ထောင်စုရန်ပုံငွေ သိန်း ၁၀၀၀ ဖြင့် **စာမျက်နှာ ၈ သို့ »»**

# ပြည်သူတို့၏တိုင်ကြားစာများအနက် အချိန်တိုအတွင်း ချက်ချင်းဖြေရှင်းပေးသင့်သည်များကို အချိန်မဆိုင်းဆောင်ရွက်ပေးနိုင်ရန်လိုအပ်

**နေပြည်တော် ဩဂုတ် ၇**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၃၉) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ၏ **ဒီးမော့ဆိုမြို့တွင် မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မီ ပြည်သူ့ရင်ပြင်တစ်ခုကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ဒီးမော့ဆိုမြို့နယ်တွင် မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မီ ပြည်သူ့ရင်ပြင်တစ်ခု ဆောက်လုပ်ရန်အတွက် အနည်းဆုံး ပေ ၃၀၀ × ၃၀၀ (၂ ဧက)ရှိသော မြေနေရာလိုအပ်ပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပြည်သူ့ရင်ပြင် ဆောက်လုပ်ရန်မြေနေရာ မရှိခြင်းနှင့် ၂၀၁၇ - ၂၀၁၈ စီမံကိန်းလျာထားချက်တွင် ထည့်သွင်းလျာထားမှုမရှိသည့်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်တည်ဆောက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **မော်လမြိုင်မြို့ ကျိုက်ဖနဲရပ်ကွက် ဝတ်ကြီးလမ်းရှိ ဝတ်သစ်ရပ်နှင့် ဇီးကုန်းရပ်နယ်ခြားရှိ ရေမြောင်းကြီးမှာ ကျူးကျော်အိမ်များကြောင့် တိမ်ကောနေပြီဖြစ်သဖြင့် ကျူးကျော်အိမ်များကို ဖယ်ရှားပြီး ရေမြောင်းပြန်ဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော် ကောင်စီဝင် ဦးအောင်မြင့်ထွန်းက မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒိုင်းဝန်ကွင်းဈေးအတွင်း ရေမြောင်းတစ်လျှောက် ပိတ်ဆို့မှုများကို အပတ်စဉ်ဈေးပိတ်ရက်(တနင်္ဂနွေနေ့)တိုင်း ရှင်းလင်းဖယ်ရှားဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာလမ်းဖြတ် တံတားအား ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ပိတ်ဆို့မှုများကို တူးဖော်ရှင်းလင်းခဲ့ပါကြောင်း၊ မြန်မာလမ်းတစ်လျှောက် သုတလမ်းမှ ဒိုင်းဝန်ကွင်းလမ်းမကြီးအထိ လက်ယာဘက်ခြမ်းအား ရပ်ကွက်ပြည်သူများက ၂၀၁၇ ခုနှစ် မေ ၂၉ ရက်မှ စတင်၍ ရှင်းလင်းဖော်ထုတ်ဆောင်ရွက်ခဲ့ပြီး မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လိုအပ်သည့် မော်တော်ယာဉ်များ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ရေမြောင်းဖော်ထုတ်ရန် ကျန်ရှိသည့်အပိုင်းများကို ဆက်လက်ရှင်းလင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **စစ်ဆေးရေးဂိတ်အား အမိုးအကာစီစဉ်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြန်လည်ရှင်းလင်းဖြေကြားသည်။


မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉)မှ ဦးမြမင်းဆွေ


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်

ထို့နောက် အမျိုးသားလွှတ်တော် **နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)က ကော်မတီအနေဖြင့် နိုင်ငံတကာဆက်ဆံရေး အတွေ့အကြုံများကို လွှတ်တော်ဂျာနယ်၌ ဖော်ပြပေးသင့်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုများကိုလည်း လေ့လာစောင့်ကြည့်သုံးသပ်နေရန် လိုအပ်ပါကြောင်း၊ ထို့အတူ ကော်မတီ၌ နိုင်ငံတကာ အတွေ့အကြုံ၊ ဘာသာစကား ကျွမ်းကျင်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းသွားရန်လိုအပ်ပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးပြီး လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းက အဆိုတင်သွင်းရာ လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် **ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်တို့က အကြံပြုဆွေးနွေးကြသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း**က အားကစားကဏ္ဍတွင် အောင်မြင်မှုများရရှိရန် အတွေ့အကြုံရှိသော အားကစားသမားများကို ဖြည့်ဆည်းထောက်ပံ့ပေးရန်လိုအပ်သည့်အပြင် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာရေးအတွက် အားကစားသိပ္ပံများအပြင် မြို့နယ်အလိုက်၊ ကျေးရွာအလိုက် အားကစားပြိုင်ပွဲများကို ဖော်ထုတ်ပေးရန်နှင့် အားကစားကဏ္ဍဆိုင်ရာ ဘတ်ဂျက်များ တိုးမြှင့်ရရှိရေးအတွက် ကော်မတီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများကို တိုက်တွန်းသင့်ပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးသည်။

အမျိုးသားလွှတ်တော် **ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့အတူ အမျိုးသားလွှတ်တော် **ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေက ကော်မတီအနေဖြင့် တိုင်ကြားစာများကို စိစစ်လက်ခံရာတွင် ယခုထက်ပိုမို တိကျစွာစိစစ်ဆောင်ရွက်သင့်ပါကြောင်း၊ ထို့အတူ သက်ဆိုင်ရာ ဗဟိုရုံးများနှင့် ဝန်ကြီးဌာနများ၏ ပြန်ကြားချက်များကိုလည်း အလေးထား စိစစ်ရန်လိုအပ်ပါကြောင်း၊ အလားတူ ပြည်သူတို့၏ တိုင်ကြားစာများအနက် အချိန်တိုအတွင်း ချက်ချင်းဖြေရှင်းပေးသင့်သည်များကိုလည်း အချိန်မဆိုင်းဆောင်ရွက်ပေးနိုင်ရန်လိုအပ်ပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးပြီး လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၄၀) ရက်မြောက်နေ့ကို ဩဂုတ် ၉ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်ပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်းကျင်းပ

## လျှပ်စစ်အလင်း၊ ငြိမ်းချမ်းရေးအလင်း၊ ပညာအလင်း အားလုံးသည် အမှောင်ခွင်းနိုင်သည့် အလင်းရောင်များဖြစ်

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်ပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ မြေတိုင်ကန်ကျေးရွာ သီဟာရာမဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။

ငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာ၌ "ကျွန်မ ဒီရွာကိုလာရတဲ့အကြောင်းအရင်းကတော့ ကိစ္စနှစ်ခုကို ဆွေးနွေးချင်လို့ပါ။ တစ်ခုက ငြိမ်းချမ်းရေးဖြစ်ပါတယ်၊ နောက်တစ်ခုက လျှပ်စစ်မီးရရှိရေးပါ။ ဘာဖြစ်လို့ ဒီရွာကိုရွေးရလဲဆိုတော့ မကြာခင်ကာလတုန်းက လျှပ်စစ်မီးကို ဒီရွာမှာ သွယ်လိုက်ပါတယ်။ ဒီလိုလျှပ်စစ်မီးသွယ်လိုက်ခြင်းအားဖြင့် ဒီရွာသူ ရွာသားတွေရဲ့ ဘဝတွေ ဘယ်လိုပြောင်းလဲသွားတယ်ဆိုတာလည်း ကျွန်မတို့သိချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့တစ်နိုင်ငံလုံးမှာ လျှပ်စစ်မီးရဖို့က အင်မတန်မှ အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက်ဆိုရင် လျှပ်စစ်မီးရဖို့ဆိုတာ အင်မတန်မှအရေးကြီးပါတယ်။ ဒါပေမယ့် တစ်နည်းအားဖြင့်ပြောရရင် ဒါနဲ့တန်းတူ အရေးကြီးတာကတော့ ပိုပြီးတော့ အရေးမကြီးရင်တောင်မှ တန်းတူအရေးကြီးတာဆိုတာကတော့ ငြိမ်းချမ်းရေးပါပဲ။"

"ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ မိတ္ထီလာမြို့နယ်ဘက်က သိပ်ပြီးတော့ ထိထိရောက်ရောက် သိချင်မှ သိကြမယ်။ မန္တလေးတိုင်းဘက်ကနေပြီးတော့ သိပ်ပြီးတော့ သိချင်မှ သိကြမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဘက်ကငြိမ်းချမ်းရေး ရတာကြာပြီဆိုတော့ ငြိမ်းချမ်းရေးမရှိခြင်းရဲ့ အန္တရာယ်ရုံတွေကို သိပ်ပြီးတော့ မသိကြဘူး။ ကျွန်မတို့နိုင်ငံတစ်နိုင်ငံလုံးဟာ ကျွန်မတို့ထပ်တလဲလဲပြောပါတယ်။ နိုင်ငံတစ်နိုင်ငံဆိုတာ လူတစ်ယောက်ရဲ့ ကိုယ်ခန္ဓာလို တစ်နေရာမှာနာနေရင် တခြားနေရာတွေကိုလည်းထိတယ်။ ဥပမာဆိုရင် ကိုယ်ခန္ဓာမှာ လက်နာလို့ရှိရင် လက်ကနာနေတာပဲ။ တခြားအစိတ်အပိုင်းတွေက ဘယ်လိုပဲကောင်းနေကောင်းနေ လက်နာတာကနာတာပဲ။ အဲဒီတော့ လက်နာတယ်ဆိုရင် မသက်သာဘူး။ တခြားနှလုံးကလည်း ကောင်းပါတယ်၊ အသည်းကလည်းကောင်းပါတယ်၊ ခေါင်းကလည်းကောင်းပါတယ်။ ဒူးလည်းကောင်းနေတယ်၊ လက်က နာနေတယ်ဆိုရင် မသက်မသာဖြစ်တာပဲ"ဟု ပြောသည်။

ဆက်လက်၍ "ဒီအတိုင်းပဲ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးငြိမ်းချမ်းမှ ကျွန်မတို့နိုင်ငံတစ်နိုင်ငံလုံးဟာ ကျန်းမာတဲ့ပုဂ္ဂိုလ်တစ်ယောက်လို အားလုံးကောင်းတယ်လို့ ပြောလို့ရပါလိမ့်မယ်။ အခုတော့ ငြိမ်းချမ်းရေးဆိုတာ လက်နာရုံတင် မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးမရှိတဲ့နိုင်ငံဟာ နှလုံးရောဂါရှိတဲ့နိုင်ငံလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းရေးဆိုတာ တကယ်တော့ နှလုံးသားနဲ့ သက်ဆိုင်ပါတယ်။ ကျွန်မတို့ရဲ့တိုင်းရင်းသားအချင်းချင်း၊ ကျွန်မတို့ ပြည်သူပြည်သားအချင်းချင်း ပဋိပက္ခတွေဖြစ်ထားကြတဲ့အတွက်ကြောင့်၊ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုမရှိတာကြောင့်၊ တစ်ဦးအပေါ်မှာတစ်ဦး မေတ္တာမထားနိုင်တာကြောင့် ငြိမ်းချမ်းရေးမရှိတာပါ။ နှလုံးရောဂါလို့တောင် ပြောလို့ရပါတယ်။

အားလုံးသိတဲ့အတိုင်းပဲ လူတစ်ယောက်ဟာ နှလုံးရောဂါရှိပြီဆိုရင် ဒီလူရဲ့ကျန်းမာရေးဟာ ဘယ်လိုမှ ကောင်းတယ်လို့ မပြောနိုင်ပါဘူး။ ဒါကြောင့် ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးမရှိသရွေ့ တခြားဘယ်ဘက်ကပဲကောင်းကောင်း ကျွန်မတို့နိုင်ငံဟာ တကယ်တော့ အခြေအနေကောင်းသွားပြီလို့ ပြောလို့မရပါဘူး။ ဒါတွေကို ကျွန်မဆွေးနွေးချင်တာပါ။ ဒီလိုငြိမ်းချမ်းရေးမရတဲ့ဒေသတွေပေါ့။ ကျွန်မတို့အတွက် အချင်းချင်းကြားမှာ ပဋိပက္ခဖြစ်နေတဲ့ဒေသတွေနဲ့ ဝေးနေတဲ့ ဒီလိုရွာတစ်ရွာမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ဘယ်လိုအတွေးအခေါ်တွေရှိလဲ။ ရှိရောရှိကြရဲ့လား။ စဉ်းရောစဉ်းစားကြရဲ့လားဆိုတာ ကျွန်မအနေနဲ့ ဒါကိုသိချင်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ နှစ်လ၊ သုံးလတုန်းက ကျွန်မ လူငယ်တချို့နဲ့ စကားပြောတဲ့အခါ မန္တလေးတိုင်းဘက် လူငယ်တစ်ယောက်ကတော့ မှန်မှန်ကန်ကန်ပွင့်ပွင့်လင်းလင်းပြောတယ်။ သူတို့က ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ သိပ်မစဉ်းစားဘူး။ တစ်သက်လုံး ငြိမ်းချမ်းရေးရှိတဲ့နေရာမှာကြီးလာတဲ့အခါကျတော့ ငြိမ်းချမ်းရေးမရှိခြင်းရဲ့ ပြဿနာတွေ၊ ပဋိပက္ခတွေဖြစ်နေခြင်းရဲ့ ပြဿနာတွေကို သူ့ခေါင်းထဲမှာ တစ်ခါမှမရှိခဲ့ဘူးဆိုပြီး ရိုးရိုးသားသားပဲဝန်ခံပါတယ်။ ဒီနိုင်ငံရဲ့ငြိမ်းချမ်းရေးဟာ အားလုံးနဲ့ဆိုင်တယ်ဆိုတာကို ကျွန်မတို့ပြည်သူပြည်သားတွေ နှလုံးသွင်းစေချင်တယ်။ အဲဒီလို အားလုံးဝိုင်းလုပ်မှ ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းမယ်။ ငြိမ်းချမ်းမှ ကျွန်မတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းထားနိုင်မှာဖြစ်ပါတယ်။ အခုနကပြောသလို လူတစ်ယောက်ဟာ နှလုံးရောဂါရနေရင် သွားလာလှုပ်ရှားနိုင်ပေမယ့်လည်း ဘယ်တော့ ဒီရောဂါဖောက်ပြန်ပြီးတော့ ကိုယ့်ရဲ့သွားလာလှုပ်ရှားမှု နိစ္စဓူဝအလုပ်တွေကို ထိခိုက်မယ်ဆိုတာ ပြောလို့မရဘူး။ ဒါကြောင့် ကျွန်မတို့အခု ကိစ္စနှစ်ခုကို ဆွေးနွေးချင်ပါတယ်"ဟု ပြောသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ ငြိမ်းချမ်းရေးအပေါ်မှာ ဘယ်လိုစိတ်ထားကြလဲ။ တစ်ခါမှ မစဉ်းစားဖူးဘူးဆိုရင်လည်း အခုလောလောဆယ်ဆယ် ဒီနေ့ဒီအခါမှာ စဉ်းစားရင်းနဲ့ ဘယ်လိုအတွေးတွေပေါ်လာတယ်။ နောက်တစ်ခုက လျှပ်စစ်မီး။ လျှပ်စစ်မီးက ဒီရွာကို သုံးလပိုင်းက ရောက်လာတယ်လို့ ကျွန်မနားလည်ပါတယ်။ သုံးလပိုင်းက ရောက်လာတယ်ဆိုတော့ အခု လေးလလောက်ရှိပြီ။ အဲဒီအတွင်းမှာ ဘယ်လိုအခြေအနေတွေ ပြောင်းသွားလဲ၊ ကိုယ့်ရွာရဲ့အခြေအနေ ဘယ်လိုပြောင်းသွားလဲ၊ ကိုယ့်မိသားစုရဲ့ အခြေအနေဘယ်လိုပြောင်းသွားလဲ၊ ကိုယ့်တစ်ဦးချင်းရဲ့ အခြေအနေ ဘယ်လိုပြောင်းသွားလဲ၊ လျှပ်စစ်မီးမရခင်နဲ့ ရပြီးတဲ့အချိန်က ဘာကွာခြားသလဲ ဆိုတာ အဲဒါကို ကျွန်မတို့ သိချင်ပါတယ်။"



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးသူများ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

"သိချင်ပါတယ်ဆိုတာ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ငြိမ်းချမ်းရေးရဖို့ အရေးကြီးသလို လျှပ်စစ်မီးရဖို့ကလည်း အရေးကြီးတယ်။ ဘာကြောင့်အရေးကြီးတာလဲဆိုတာကို အများနားလည်စေချင်တယ်။ အားလုံးကဝိုင်းပြီးတော့ ကျွန်မတို့တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိဖို့အတွက် လုပ်စေချင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ကျွန်မနားလည်သလောက်ကတော့ ၃၈ ဒသမ ၅ ရာခိုင်နှုန်းကပဲ လျှပ်စစ်မီးရပါတယ်။ ဒါဟာနည်းပါတယ်။ ဒါဟာ တစ်ဝက်တောင်မဟုတ်သေးဘူး။ လူနည်းစုကပဲ လျှပ်စစ်ရဲ့အကျိုးကိုခံစားနေရတယ်။ ကျွန်မတို့ရဲ့ရည်ရွယ်ချက်ကတော့ တစ်နိုင်ငံလုံးဟာ ၂၀၃၀ မှာ လျှပ်စစ်မီးရအောင် ၂၀၃၀ ဆိုတော့ အခုတွက်လို့ရှိရင် အချိန်ကကျန်သေးတယ်။ ၁၃ နှစ်တောင်ကျန်သေးတယ်လို့ ပြောပါလိမ့်မယ်။ ဟုတ်ပါတယ် ကြာပါတယ်။ ကျွန်မတို့က တကယ်တော့ ၁၃ ရက်တည်းနဲ့ ရအောင်လုပ်လို့ရရင် ရတယ်ဆိုရင် လုပ်ချင်တာပေါ့။ ၁၃ နာရီနဲ့ ရအောင်လုပ်လို့ရရင်လည်း ပိုပြီးတော့ကောင်းပါတယ်။ ဒါပေမယ့် ကျွန်မတို့က လက်တွေ့ကျကျစဉ်းစားရတယ်။ စဉ်းစားတဲ့အခါမှာ ကျွန်မတို့တစ်နိုင်ငံလုံး လျှပ်စစ်မီးရဖို့အတွက်ဆိုရင် ၂၀၃၀ လောက်ထိ သေသေချာချာ စီမံကိန်းချပြီးတော့ လုပ်ယူရမယ်လို့ ပညာရှင်တွေရော၊ သက်ဆိုင်ရာအစိုးရဌာနတွေရော ဒီအဖြေထွက်လာပါတယ်။ အဲဒီဟာကို ဦးတည်ပြီးလုပ်သွားပါမယ်။ ဒီကြားထဲမှာလည်း တတ်နိုင်သလောက် အမြန်ဆုံးဖြစ်အောင်လုပ်ပါမယ်။"

"လျှပ်စစ်မီးရရှိရေးဆိုတာ နည်းအမျိုးမျိုးရှိပါတယ်။ ဒီနည်းအမျိုးမျိုးတော့ ကျွန်မ မဆွေးနွေးတော့ပါဘူး။ ကျွန်မတို့စကားဝိုင်းမှာပါတဲ့ ကျွန်မတို့ ရွာသူရွာသားများကလည်း ပါဝင်ပြီးဆွေးနွေးစေချင်ပါတယ်။ ကျွန်မတို့ ဒီဆွေးနွေးပွဲမှာ ပထမဦးဆုံး လျှပ်စစ်မီးနဲ့ပတ်သက်လို့လည်း ဆွေးနွေးစေချင်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့၊ တခြားကိစ္စတွေနဲ့ပတ်သက်လို့လည်း ဆွေးနွေးလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွာတစ်ရွာရဲ့ အခြေအနေဆိုတာဟာ ကျွန်မတို့တစ်နိုင်ငံလုံးရဲ့ အခြေအနေကိုလည်း အတိုင်းအတာတစ်ခုထိ ရောင်ပြန်ဟပ်ပါတယ်။ ရွာတစ်ရွာမှာ ဒီရွာလေးပဲ၊ ဒီရွာကနေပဲ ပြဿနာတွေက အရေးမကြီးဘူးလို့ ကျွန်မတို့စိတ်ထဲမှာ ထားလို့မရပါဘူး။ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွာတစ်ရွာမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို သုံးသပ်ခြင်းအားဖြင့်၊ ဒီပြဿနာတွေရဲ့အဖြေကို ရှာခြင်းအားဖြင့် တစ်နိုင်ငံလုံးကနေပြီးတော့ ရင်ဆိုင်နေရတဲ့ပြဿနာတွေကိုလည်း ဘယ်လိုဖြေရှင်းမလဲဆိုတာကို အဖြေရနိုင်ပါတယ်။"

"ကျွန်မတို့မသိတာတွေလည်း ဒီရွာမှာလာပြီးတော့ ဆွေးနွေးခြင်းအားဖြင့်လည်း သိနိုင်ပါတယ်။ ဒီရွာနဲ့ပတ်သက်လို့ကတော့ ကျွန်မလာနေတုန်းမှာပဲ ကျွန်မကိုပြောတယ်။ ဒီရွာက ထူးခြားတဲ့အချက် နှစ်ချက်ရှိတယ်။ အဲဒါနဲ့ ကျွန်မစိတ်ဝင်စားတယ်။ တစ်ခုကဘာလဲဆိုတော့ အရက်ဆိုင်မရှိဘူးတဲ့။ အရက်ဆိုင်မရှိတဲ့ရွာဆိုတော့ ထူးခြားတယ်။ ကျွန်မစဉ်းစားတယ်။ ဒီလိုဆိုရင် အဓိပ္ပာယ်က ကျွန်မတို့နိုင်ငံမှာ အရက်ဆိုင်ရှိတဲ့ ရွာတွေကများတယ်ပေါ့။ ဒီရွာမှာအရက်ဆိုင်မရှိခြင်းရဲ့ အကြောင်းရင်းကဘာလဲဆိုတာ ကျွန်မစိတ်ဝင်စားတယ်။ နောက်တစ်ခု ပိုပြီးစိတ်ဝင်စားတာက ဘာလဲဆိုတော့ ဒီရွာက လူငယ်တွေက ရွာကိုစွန့်ပြီး တခြားမှာသွားပြီး စီးပွားရေးလုပ်တာ မရှိဘူးတဲ့။ ဒါဟာ အင်မတန်မှ ထူးခြားပါတယ်။ ဒီရွာကတော့ ဒါကို သာမန်လို့များထင်မလားတော့ မသိဘူး။ ကျွန်မတို့နိုင်ငံ အနှံ့အပြားမှာ လူငယ်လူရွယ်တွေ မရှိတော့တဲ့ ရွာတွေ အများကြီးရှိပါတယ်။ လူငယ်လူရွယ်တွေက မိမိတို့ရဲ့ စီးပွားရေးအတွက်၊ ဘဝရပ်တည်ရေးအတွက်ဆိုပြီး ရွာကိုစွန့်ပြီး တခြားကိုသွားတယ်။ အဲဒီလို တခြားကိုထွက်သွားတယ်ဆိုတာ ရွာကိုအများကြီးထိခိုက်ပါတယ်။ လူမှုရေးအရဆိုရင် မိသားစုဘဝကိုလည်း ထိခိုက်တယ်။ စီးပွားရေးအရဆိုရင်လည်း ရွာမှာ အလုပ်မရှိလို့ဆိုပြီး ထွက်သွားလို့ကို ရွာကနေပြီးတော့ အလုပ်ရှိနိုင်တဲ့ အခြေအနေဖန်တီးနိုင်တဲ့အားတွေ လျော့သွားပါတယ်။ အဲဒါလည်း ကျွန်မ စိတ်ဝင်စားတယ်။ ဘာဖြစ်လို့ ကျွန်မတို့တွေ ဒီရွာက လူငယ် လူရွယ်တွေက ရွာကိုစွန့်ပြီးတော့ စီးပွားရှာရတဲ့အလေ့အထမရှိသလဲ။ ကိုယ့်ဘဝ၊ ကိုယ့်ရွာလေးမှာ ကိုယ့်ဘဝနဲ့ ကိုယ် ရပ်တည်ပြီးတော့ ဘဝတိုးတက်ထွန်းကားအောင်လို့လုပ်ဖို့ရာ ကျွန်မတို့အနေနဲ့ ဒီရွာကနေပြီးတော့ ဘာတွေသင်ယူနိုင်သလဲဆိုတာလည်း သိချင်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီဆွေးနွေးပွဲစကားဝိုင်းမှာ အားလုံးပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးစေချင်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် မြေတိုင်ကန်ကျေးရွာမှ ကျေးလက်ပြည်သူ ရှစ်ဦးက ပြည်တွင်းငြိမ်းချမ်းရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ မတူကွဲပြားမှုမှ ညီညွတ်မှုတည်ဆောက်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေး၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ကျောင်းဆရာ ဦးထွန်းဝင်းက "မြေတိုင်ကန်ရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှာ ကျောင်းသား ကျောင်းသူ KG တန်းကနေ ပဉ္စမတန်းအထိ ၆၉ ယောက်ရှိပါတယ်။ ဆရာ ဆရာမဝန်ထမ်း ခြောက်ယောက်ပါ။ ကျောင်းဆောင် နှစ်ဆောင်ရှိပါတယ်။ ကျောင်းဆောင် တစ်ဆောင်ဟာဆိုလို့ရှိရင် ၁၉၅၃ ခုနှစ်က ကျောင်းဆောင်အဟောင်းကို ပြန်ပြင်ပြီးဆောက်လုပ်ထားတဲ့အတွက် ဟောင်းနွမ်းပျက်စီးနေတာကြောင့် ၂၀၁၅-၂၀၁၆ နဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွေမှာ အန္တရာယ်ကျောင်းဆောင်အဖြစ် ရန်ပုံငွေတင်ပြတောင်းခံခဲ့တဲ့ ကျောင်းဆောင်ဖြစ်ပါတယ်။ ဒါပေမယ့် ရန်ပုံငွေရရှိခဲ့ခြင်းမရှိသေးပါဘူး။

"ကျွန်တော်တို့ရွာမှာ လျှပ်စစ်မီးရလိုက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အသေးစားစက်မှုလုပ်ငန်းတွေ လုပ်နိုင်ကြပါတယ်။ ရက်ကန်းစင်တွေ ထောင်လာနိုင်တယ်။ ချည်ချခုံတွေ၊ ရက်ဖောက်ခုံတွေ အဲဒီလုပ်ငန်းလုပ်လာနိုင်တဲ့အခါကျတော့ အရင်တုန်းကဆိုရင် ဝမ်းတွင်းကိုသွားပြီးတော့ အလုပ်လုပ်ကြရတာ။ သူများလက်ခစားနဲ့ အလုပ်လုပ်ကြရတာ။ အခုကျတော့ ကိုယ့်ရွာမှာ ကိုယ် လုပ်နိုင်တဲ့အခါကျတော့ ဘာပဲပြောပြော ပိုပြီးဝင်ငွေလည်းရတာပေါ့။ ကျွန်တော်တို့ရွာ စီးပွားရေးကောင်းလာလို့ရှိရင် ပညာရေးလည်းကောင်းလာမှာ သေချာပါတယ်"ဟု ဆွေးနွေးသည်။

ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်ခင်ဆွေက "သမီးကို ပညာတတ်တစ်ယောက်ဖြစ်စေချင်ပေမယ့်။ သူကပညာတတ်တစ်ယောက်မဖြစ်ခဲ့ဘူး။ စက်ချုပ်သင်ပေးမယ်လို့ ရည်မှန်းထားပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဘာမှမသိထားပါဘူး"ဟု ပြောသည်။

ကုန်ကားပိုင်ရှင် ဦးရဲစိန်က "ကားတစ်စီးဝယ်ထားပါတယ်။ ကျွန်တော်တို့ဟာ နှစ်နှစ်စာချုပ်နဲ့ ဝယ်ထားပေမယ့် ခြောက်လတစ်ဖြတ်ကို သိန်းလေးငါးဆယ်ကျပ်နှုန်း သွင်းနေရပါတယ်။ ဒါပေမယ့် ခြောက်လအတွင်းမှာ အလုပ်အကိုင်က ကုမ္ပဏီနဲ့ အဆက်အသွယ်သိပ်မရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီနားလေးမှာပဲ ခေါက်တိုပြေးဆွဲနေရတဲ့အတွက် ခက်ခဲမှုရှိပါတယ်။ သိန်းလေးငါးဆယ်လောက်က ခြောက်လအတွင်းကို တကယ်တမ်းကျတော့ မဖြစ်နိုင်ပါဘူး။ ကုမ္ပဏီက အတိုး ၃၀ ရာခိုင်နှုန်းယူတာမို့ အတိုးအလွန်များနေပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ နှစ်ထပ်တိုးပေးဖို့ရာ ပြောချင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ငယ်ငယ်ကဆိုရင် ကျွန်တော် (၄)တန်းအောင်ပြီးခါတုန်းကဆိုရင် ပညာရေးကဘယ်တော့မှ ရှေ့ဆက်တက်လို့မရပါဘူး။ ကျွန်တော်တို့ငယ်ငယ်က စက်ဘီးတောင်မဝယ်နိုင်တဲ့အဆင့်ပါ။ အခုဆိုရင် တဖြည်းဖြည်းနဲ့တိုးတက်မှုကြောင့် အခုခေတ်ကလေးတွေ ကံကောင်းပါတယ်။ ပညာရေးကို ဆက်လက်သင်နိုင်ပါတယ်"ဟုဆွေးနွေးသည်။

စာမျက်နှာ ၇ သို့ ❖

## ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၆ မှ

သီးနှံပွဲစား ဒေါ်ပိုးတီက "ကျွန်မတို့ရွာမှာက တင်းနဲ့ဝယ်ပြီးတော့ ပိဿာချိန်နဲ့ရောင်းပါတယ်။ ကုန်ကိုတော့ မလျှော့နိုင်သေးဘူး။ ကျွန်မက အထိုင်ပွဲစားမဟုတ်ဘူး။ အရောင်းအဝယ်ပွဲစားပါ ။ သီးနှံထွက်တာ အကုန်ဝယ်ပါတယ်။ ကုန်မလျှော့နိုင်ဘူး။ မတ်တတ်ရောင်းပြီး မတ်တတ်ဝယ်ပါတယ်"ဟု ဆွေးနွေးသည်။

ဆန်စက်ပိုင်ရှင် ဦးကျော်ဖုန်းက "အသေးစားလုပ်ငန်းရှင်တွေ အလုပ်နားနေရတာ အများကြီးရှိပါတယ်။ ဈေးကွက်ကို မထိုးဖောက်နိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အခက်အခဲကိုယ်စီရှိကြပါတယ်။ ကျွန်တော်ဆိုရင် အရင်းအနှီးမရှိလို့ တစ်နိုင်တစ်ပိုင်ပဲ လုပ်နေရပါတယ်။ လျှပ်စစ်မီးရတဲ့အတွက်ကြောင့် တိုးချဲ့လုပ်ကိုင်ချင်တယ်။ အရင်းအနှီးမရှိတဲ့အတွက် တိုးချဲ့မလုပ်ကိုင်နိုင်ပါဘူး" ဟု ဆွေးနွေးသည်။

ရက်ကန်းရုံပိုင်ရှင် ဦးဝင်းဇော်က "ကျွန်တော်တို့ဆီမှာ လုပ်ငန်းမကောင်းပါဘူး။ အရှုံးနဲ့ပဲ ရင်ဆိုင်နေရပါတယ်။ ကုန်ကြမ်းဈေးနှုန်းက အင်မတန်ကိုဈေးကြီးပါတယ်။ ပြည်တွင်းဖြစ်က မထုတ်လုပ်နိုင်တဲ့အတွက်ပါ။ ပြည်ပမှတင်သွင်းလာတဲ့ ကုန်ကြမ်းကို အဆင့်ဆင့်နဲ့ဝယ်ရတဲ့အတွက်ကြောင့် ကျွန်တော်တို့ဆီရောက်ရင် ဈေးကြီးသွားပါတယ်။ တကယ်လို့ ပြည်တွင်းကသာထုတ်ပေးမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံဟာ ဒီထက် ဖွံ့ဖြိုးတိုးတက်လိမ့်မယ်လို့ ထင်ပါတယ်" ဟု ဆွေးနွေးသည်။

တောင်သူ ဦးအောင်တင့်က "လျှပ်စစ်မီးနဲ့ပတ်သက်လို့ အခုလို ထမင်းချက်၊ ဟင်းချက်လုပ်ရတဲ့အတွက် တောထဲမှာ ထင်းစိုက်ခင်း လောင်စာထင်းများဟာ မလိုတော့ပါဘူး။ လျှပ်စစ်မီးရခဲ့ရင် အဲဒီမြေတွေဟာ လယ်ယာမြေအတွက်ပြုပြင်ပြောင်းလဲလို့ရပါတယ်။ ဒါကြောင့် လျှပ်စစ်မီးရရှိဖို့ရယ်၊ တောင်သူတွေဖွံ့ဖြိုးဖို့ ပံ့ပိုးပေးဖို့တင်ပြလိုပါတယ်။ ငြိမ်းချမ်းရေးရှိမှ တိုင်းပြည်သာယာအေးချမ်းမှာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးကို လိုလားပါတယ်။ ကျွန်တော်တို့ဒေသတွေမှာ ငြိမ်းချမ်းခဲ့သော်လည်း ကျွန်တော့်သားတစ်ယောက်၊ ချွေးမတစ်ယောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မှာ တိုင်းရင်းဆေးဦးစီးအရာရှိအနေနဲ့ တာဝန်ထမ်းဆောင်နေပါတယ်။ ကွတ်ခိုင်ဒေသမှာ တိုက်ပွဲတွေဖြစ်ကြတော့ ကျွန်တော်စိတ်ပူမိပါတယ်။ ကိုယ့်သားသမီးတစ်ယောက်တည်းအတွက် မဟုတ်ပါဘူး။ တစ်တိုင်းပြည်လုံးအတွက် စိတ်ပူမိတာဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကိုလည်း လိုလားပါတယ်။ တစ်တိုင်းပြည်လုံး ငြိမ်းချမ်းမှ တိုင်းပြည်ကြီးဟာ သာယာအေးချမ်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ကြီး ငြိမ်းချမ်းရေးရပြီးတော့ မြန်မာပြည်ကြီးအေးချမ်းသာယာတဲ့ ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ နိုင်ငံလေးဖြစ်အောင် ဆောင်ရွက်ပေးပါလို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်"ဟု ဆွေးနွေးသည်။

MBA ကျောင်းသူ ဒေါ်ထက်ထက်အောင်က "ရိုးရိုးဘွဲ့ရထားသူတွေက


ဦးကျော်ဖုန်း


ဦးဝင်းဇော်

ဘွဲ့ရပြီးသွားရင် အလုပ်မရှိဘူးဆိုတာတွေ ဖြစ်လာတယ်။ တကယ်လက်တွေ့လည်း မလုပ်ရတဲ့အခါကျတော့ ကျွမ်းကျင်မှုမရှိဘူး။ ဘွဲ့ရရုံနဲ့ အပြင်လုပ်ငန်းမှာ အဆင်မပြေဘူး ဖြစ်နေပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင် (၂၁) ရာစုပင်လုံညီလာခံမှာ တစ်နိုင်ငံလုံးအေးချမ်းပြီး တိုင်းရင်းသားညီညွတ်မှု အားလုံးရရှိဖို့အတွက် စိတ်ရောကိုယ်ပါ လုပ်ဆောင်နေတာကိုလည်း တွေ့ရတဲ့အတွက် သမီးတို့ဘက်က ထောက်ခံပါတယ်။ သမီးတို့ဆိုရင် အခုငြိမ်းချမ်းတဲ့ဒေသမှာနေရတဲ့အတွက် သမီးတို့ပညာသင်ကြားချင်သလို သင်ကြားလို့ရတယ်။ အဲဒါကြောင့် မငြိမ်းချမ်းတဲ့ ဒေသတွေမှာလည်း အမြန်ဆုံး ငြိမ်းချမ်းရေးရရှိစေချင်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိပြီးတော့ တစ်နိုင်ငံလုံးစားဝတ်နေရေးတွေ အဆင်ပြေဖို့အတွက် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့ မေတ္တာရပ်ခံပါတယ်"ဟု ဆွေးနွေးသည်။

မြေတိုင်ကန်ကျေးရွာ ကျေးလက်ပြည်သူများ၏ ဆွေးနွေးမှုများနှင့် ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့နိုင်ငံ ဖွံ့ဖြိုးမှုနှေးကွေးရတဲ့အကြောင်းအရင်းတစ်ခုက ငြိမ်းချမ်းရေးမရှိလို့၊ ငြိမ်းချမ်းရေးမရှိခြင်းဟာ နိုင်ငံကို ထိခိုက်တယ်။ နိုင်ငံ့စီးပွားရေးကိုထိခိုက်တယ်။ နိုင်ငံ့ရဲ့ဖွံ့ဖြိုးမှုကို ထိခိုက်တယ်။ ဥပမာ - နိုင်ငံတကာက စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဟာ ဆိုရင် မတည်ငြိမ်တဲ့ မငြိမ်းချမ်းတဲ့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု မလုပ်ချင်ဘူး။ သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုအတွက် အာမခံချက်ရှိစေချင်တယ်။"

"ငြိမ်းချမ်းရေး တစ်နေရာမှာမရှိဘူးဆိုရင် ကျွန်မတို့ရဲ့ နိုင်ငံအနှံ့အပြားမှာ အကျိုးသက်ရောက်မှုရှိတယ်။ ငြိမ်းချမ်းရေးရဖို့ တတ်နိုင်တဲ့ဘက်က စိတ်ပါဝင်စားစွာ ကူညီစေချင်တယ်။ ပထမစိတ်ဓာတ်နဲ့စရမှာပဲ။ ကျွန်မခဏခဏပြောပါတယ် အောင်မြင်ခြင်းတရားလေးပါးဟာ ဆန္ဒနဲ့စရပါတယ်။ ကျွန်မတို့ရွာသူရွာသားတွေအားလုံးဟာ ငါတို့ ငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နည်းတစ်ဖုံတော့ ဆန္ဒရှိဖို့လိုတယ်။ ဆန္ဒအရ ဝီရိယ စိုက်ထုတ်ရမယ်၊ မှန်ကန်တဲ့စိတ်ဓာတ်မွေးမြူရမယ်။ ပညာရှိရမယ်။"

"ငြိမ်းချမ်းရေးရတာဟာ အမှောင်ခွင်းပြီးတော့ အလင်းထဲရောက်လာသလိုပဲ၊ အခုမှ လျှပ်စစ်မီးရတဲ့ ရွာသူရွာသားတွေ နားလည်မှာပါ။ အရင်တုန်းကဆိုရင် နေဝင်သွားပြီး ခြောက်နာရီကျော်လျှင် ရွာက အမှောင်ကျသွားတယ်။ အခုကျတော့ နေဝင်သွားရင် လျှပ်စစ်မီးနဲ့ မီးရအောင် လုပ်နိုင်တယ်။"

"ဒီလိုပဲ ငြိမ်းချမ်းရေးမရတဲ့ ပြည်သူပြည်သားတွေဟာ ကိုယ့်ဘဝကိုကိုယ်မပိုင်ဘူး။ ဘယ်တော့တိုက်ပွဲတွေဖြစ်မလဲ။ ဘယ်တော့ပြေးရလွှားရမလဲ၊ ဘယ်တော့ဆန္ဒပြမလဲ။ သူတို့ရဲ့ပစ္စည်းတွေမီးလောင်မလဲ။ အမြဲပဲစိတ်ပူနေရ


ဦးထွန်းဝင်း


ဒေါ်ခင်ဆွေ

တယ်။ ဒါကြောင့် ပြည်သူပြည်သားတွေ ကိုယ့်ဘဝကိုပိုင်နိုင်ဖို့အတွက် ငြိမ်းချမ်းရေးအတွက် ဝိုင်းပြီးတော့ ကူညီစေချင်တယ်လို့ပြောတာပါ" ဟု ပြောသည်။

ထို့ပြင် "ကျွန်မတို့နိုင်ငံမှာဆိုရင် အသက်မွေးဝမ်းကျောင်းပညာကို အများကြီးအားပေးဖို့ လိုပါတယ်။ ကမ္ဘာမှာ ပညာရေးအရ အအောင်မြင်ဆုံး၊ စီးပွားရေးအရ အအောင်မြင်ဆုံးနိုင်ငံတွေမှာ အခု ပြဿနာတစ်ခု ဘာတက်နေလဲဆိုတော့ ဘွဲ့ရပြီးတော့ အလုပ်မရှိတဲ့ ပြဿနာ၊ အလုပ်မရနိုင်တဲ့ပြဿနာ။ အဲဒီဟာက အင်မတန်မှ ပညာရေးစနစ်တွေမှာ စနစ်တွေကောင်းပါတယ်ဆိုတဲ့ နိုင်ငံတွေမှာလည်း ဒီပြဿနာဖြစ်နေတယ်။ အဲဒါကြောင့် အသက်မွေးဝမ်းကျောင်းပညာကို အားပေးဖို့ လိုအပ်တယ်ဆိုတာ သဘောပေါက်မှာပါ။"

"ကိုယ့်နိုင်ငံအတွက် လိုအပ်ချက်အရ ကိုယ့်ရဲ့သားသမီးတွေကို အသက်မွေးဝမ်းကျောင်းပညာသင်ချင်ဖို့ အားပေးစေချင်တယ်။ ဘွဲ့ရပြီးတော့ တကယ်


ဦးအောင်တင့်


ဒေါ်ထက်ထက်အောင်

အလုပ်ရနိုင်မယ်ဆိုရင်ကောင်းပါတယ်။ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားထားတဲ့ ပြည်သူပြည်သားများဟာ အသက်မွေးဝမ်းကျောင်းပညာကျောင်းပြီးတာနဲ့ တန်းပြီးတော့ အလုပ်ရဖို့ အလားအလာအင်မတန်မှ ကောင်းပါတယ်။"

"ပြည်ထောင်စုအတွင်းထဲမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံရှိတယ်။ မတူတဲ့ယုံကြည်ချက်တွေ၊ မတူတဲ့ မျိုးရိုးတွေ၊ မတူတဲ့ဘာသာစကားတွေအမျိုးမျိုးရှိတယ်။ ဒီဟာတွေ မတူကွဲပြားချက်တွေအပေါ်မှာ မူတည်ပြီးတော့ အင်အားဖြစ်အောင်လုပ်နိုင်တယ်ဆိုတာကို အမြော်အမြင်ကြီးတဲ့သူများဟာ အများကြီးနားလည်နိုင်ပါတယ်။ ပညာသင်ပေးတယ်ဆိုတာ လူတွေရဲ့စိတ်ဓာတ်ကို ပိုပြီးတော့ ကျယ်ပြန့်လာအောင်လို့၊ ပွင့်လင်းသွားအောင်လို့ အလင်းဖြစ်ပါတယ်။"

"လျှပ်စစ်အလင်း၊ ငြိမ်းချမ်းရေးအလင်း၊ ပညာအလင်းအားလုံးဟာ အလင်းရောင်ပဲ။ အမှောင်ကိုခွင်းနိုင်တဲ့ အဓိကကျတဲ့အင်အားတွေ၊ ဒါကြောင့် ကလေးတွေကို ပညာသင်ပေးရမယ်။ ကလေးတွေကို ပညာသင်ပေးတဲ့အခါကျတော့ ပညာကနေပြီးတော့ ငြိမ်းချမ်းရေးအလင်းရောင်ရအောင်၊ လျှပ်စစ်အလင်းရောင်ကို ပေးနိုင်တဲ့ စီးပွားရေးတိုးတက်မှုရအောင်ကို လုပ်ပေးနိုင်တဲ့အခွင့်အရေးတွေအများကြီးရမှာပါ။ ကလေးတွေကို ပညာသင်ပေးတယ်ဆိုတာ သဘောထားကြီးအောင်၊ အမြင်ကျယ်အောင်သင်ပေးကြပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်"ဟု ပြန်လည်ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က online မှ မေးမြန်းသည့် "ရခိုင်ပြည်နယ်ငြိမ်းချမ်းရေးက ကျန်တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ငြိမ်းချမ်းရေးထက် ပိုမိုအရေးကြီးတယ်လို့ထင်ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် ဘယ်လိုဆောင်ရွက်နေလဲ သိပါရစေ"မေးခွန်း၊ "အမျိုးသားရင်ကြားစေ့ရေးကိစ္စဟာ လွယ်မယောင်နဲ့ ဘာကြောင့် ခက်ခဲနေရပါသလဲ၊ NCA ကြောင့်လား၊ ခြေဥကြောင့်လား၊ တပ်မတော်က လက်ရှိအစိုးရနဲ့အပြည့်အဝ ပူးပေါင်းပါဝင်မှု မရှိလို့လား၊ တပ်မတော်အပေါ်မှာ လက်နက်ကိုင်တိုင်းရင်းသားတွေ ယုံကြည်မှုမရှိလို့လား၊ ဒါမှမဟုတ် လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေဟာ တိုင်းရင်းသားအကျိုးစီးပွားထက် ကိုယ့်အကျိုးစီးပွားကိုပဲ ရှေ့တန်းတင်နေလို့လား၊ ငြိမ်းချမ်းရေး အမြန်ဆုံးရချင်ပါပြီ" မေးခွန်း နှင့် "ငြိမ်းချမ်းရေးဖြစ်စဉ် ဒီထက်ပိုမိုထိရောက်အောင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ Public Center for Peace ဆိုပြီး လူထုအခြေပြု လုပ်ဆောင်နိုင်အောင် အစိုးရကဦးဆောင်ပြီး လုပ်သင့်၊ မလုပ်သင့်မေးချင်ပါတယ်" မေးခွန်း သုံးခုနှင့် စကားဝိုင်းသို့တက်ရောက်နားထောင်ကြသည့် ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်မေးခွန်းများ


ဦးရဲစိန်


ဒေါ်ပိုးတီ

နှင့် စပ်လျဉ်း၍ "ငြိမ်းချမ်းရေးဆိုတာ အားလုံးအတွက် အတူတူပဲ အရေးကြီးပါတယ်။ တစ်နေရာထက်တစ်နေရာ ပိုတယ်ဆိုတာမရှိပါဘူး။ ရခိုင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် ဘယ်လိုဆောင်ရွက်နေသလဲ သိပါရစေ ပြောတော့ နည်းနည်းစဉ်းစားမိတယ်။ သတင်းစာဖတ်ကြပါ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ဗဟိုကော်မတီဆိုတာ ဖွဲ့ထားပါတယ်။ အဲဒီကော်မတီရဲ့ လုပ်ဆောင်ချက်တွေလည်း ကာလအားလျော်စွာ သတင်းထုတ်ပြန်ပါမယ်။"

"အမျိုးသားရင်ကြားစေ့ရေးဆိုတာ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှတန်ဖိုးအကြီးဆုံးအရာတစ်ခုဖြစ်တာကြောင့် ခက်ခက်ခဲခဲနဲ့ လုပ်ယူရမယ်ဆိုတာ ကျွန်မတို့ အစကတည်းက နားလည်ပါတယ်။ ဘာကြောင့် ခက်ခဲနေတာလဲဆိုတဲ့ မေးခွန်းကို ကျွန်မ မဖြေခြင်းရဲ့ အဓိကဟာ ဘယ်သူ့ကိုမှ ကျွန်မလက်ညှိုးထိုးပြီးတော့ အပြစ်မရှာချင်ဘူး။ အားလုံးမှာ တာဝန်ရှိတယ်လို့ ကျွန်မထပ်တလဲလဲပြောပါတယ်။ အားလုံး အဘက်ဘက်က စဉ်းစားပေးဖို့ အင်မတန်မှ လိုပါတယ်။ ကိုယ့်တစ်ယောက်အမြင်နဲ့ ကြည့်နေလို့မရပါဘူး။ ကျွန်မတို့ရဲ့နိုင်ငံမှာ အမျိုးသားရင်ကြားစေ့ရေးမရှိတာကတော့ တစ်ဦးအပေါ်တစ်ဦး ယုံကြည်ချက်က မပြည့်ဝသေးလို့ ကျွန်မပြောချင်ပါတယ်။ ယုံကြည်ချက်ရှိဖို့အတွက် ကျွန်မတို့ အားလုံးဝိုင်းပြီးတော့ ကြိုးစားရမှာဖြစ်ပါတယ်။"

"ကျွန်မတို့ဟာ ပြည်သူပြည်သားများ အားလုံးပါဝင်နိုင်အောင်လို့ နည်းအမျိုးမျိုး စဉ်းစားရမှာပါ။ ဒီလို Center တစ်ခုဖွင့်ပြီးတော့ လုပ်မလား၊ အခြားနည်းနဲ့ လုပ်မလားဆိုတာ ကျွန်မတို့လည်း စဉ်းစားရမှာပါ။ အားလုံးပါနိုင်မယ်ဆိုရင်တော့ ကျွန်မတို့ ငြိမ်းချမ်းရေးဟာ မလွဲမသွေ အမြန်ရမှာပါ။ အားလုံးပါနိုင်ရေးအတွက်လည်း ကျွန်မတို့ နည်းအမျိုးမျိုးနဲ့ရှာနေပါတယ်"ဟု ပြန်လည်ဖြေကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ ဒီကိုလာနိုင်တဲ့အတွက် အများကြီးပဲ ဝမ်းသာတယ်။ ကျွန်မတို့ ဒီမှာရှိစဉ်ပေါ့နော် အတူတူအားလုံးဆွေးနွေးလိုက်တဲ့အခါကျတော့ ပြည်သူအချင်းချင်းကနေပြီး ကူညီလို့ ချက်ချင်းလက်ငင်းကို အချို့ပြဿနာလေးတွေကို ကျွန်မတို့ ဖြေရှင်းနိုင်တဲ့အတွက်လည်း ကျွန်မအင်မတန်မှ အားတက်တယ်။ ဒါဟာ ပြည်သူများရဲ့ မိမိရဲ့နိုင်ငံသူနိုင်ငံသားတာဝန်သိရှိမှုပဲ။ ဒီလိုတာဝန်သိရှိမှုတွေနဲ့ဆိုရင် ကျွန်မတို့နိုင်ငံအတွက် ကျွန်မတို့ ဘာမှစိတ်ပူစရာမလိုဘူး။ ရုန်းတော့ ရုန်းကန်ရမှာပဲ။ ဘဝမှာဘာမှ လွယ်လွယ်နဲ့မရဘူး။ အဲတော့ ကျွန်မတို့ ရုန်းကန်ရမယ်။ ကြိုးစားရမယ်။ ဒါပေမဲ့လည်း ကျွန်မတို့လိုချင်တဲ့ ပန်းတိုင်ကို ကျွန်မတို့ရောက်မယ်လို့ ယုံကြည်ပါတယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ အခုလို ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေရတဲ့ ဒေသက ပြည်သူပြည်သားများ ပိုပြီးတော့ နီးကြားတက်ကြွစွာနဲ့ ဘယ်ဘက်ကနေပြီးတော့ ကူညီနိုင်မလဲဆိုတာကို စဉ်းစားပြီး ပါဝင်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငြိမ်းချမ်းရေးစကားဝိုင်းသို့ တက်ရောက်ဆွေးနွေးကြသည့် ကျေးလက်ပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

အဆိုပါငြိမ်းချမ်းရေးစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြေတိုင်ကန်ကျေးရွာနှင့် ၎င်းကျေးရွာပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)အခမ်းအနားများ ကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်နေ့ (မေတ္တာအခါတော်နေ့)ဖြစ်သည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၉ ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲမှစတင်၍ ဧည့်ခံတန်ဆောင်း၌ ဆွမ်းတော်ကြီးတင်လှူပူဇော်ကြပြီး နံနက် ၆ နာရီခွဲတွင် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ မေတ္တာအခါတော်နေ့ မေတ္တာပို့အောင်ပွဲကို ကျင်းပသည်။

ထို့နောက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ပန်းပေါင်း ၈၄၀၀၀ ဖြင့် ပြုလုပ်ပူဇော်ထားသည့် ပန်းစေတီများဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကာ အရှေ့ဘက်အာရုံခံရှိ ကကုသန်ဘုရား၊ တောင်ဘက်အာရုံခံရှိ ကောဏာဂုံဘုရား၊ အနောက်ဘက်အာရုံခံရှိ ကဿပဘုရား၊ မြောက်ဘက်အာရုံခံရှိ ဂေါတမဘုရားနှင့် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ဘုရားတို့တွင် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းသား အသင်းသူများက ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။



ယင်းနောက် နံနက် ၉ နာရီခွဲတွင် ဝါတွင်းသီလခံယူပွဲကို ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဆက်လက်ကျင်းပပြီး နံနက် ၁၀ နာရီခွဲတွင် ရောင်တော်ဖွင့် တန်ဆောင်း၌ ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၌ နံနက် ၉ နာရီတွင် ပညာလင်္ကာရကျောင်းတိုက်ဆရာတော် ဦးနန္ဒိယက သီလပေးတရားတော်ချီးမြှင့်ပြီး မွန်းလွဲ ၁ နာရီတွင် ရွှေဘုန်းပွင့် မင်္ဂလာစံကျောင်းတိုက်ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို ဟောကြားချီးမြှင့်တော်မူသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၉ ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)မင်္ဂလာအခမ်းအနားကို နံနက် ၇ နာရီတွင် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင် အလှူ့ကျသဘာပတိက မေတ္တာအခါတော်နေ့အကြောင်း ပြောကြားပြီး မေတ္တာအခါတော်နေ့ သက်သွတ်ပွဲအဖြစ် ငှက်ကလေးများကို ဘေးမဲ့လွှတ်ပေးကြသည်။

အလားတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ စေတီများ၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)တွင် ရဟန်းရှင်လူ ပြည်သူများသည် မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာဘာဝနာတရားများ ပွားများကြခြင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်ကြခြင်း၊ စတုဒိသာကျွေးမွေးကြခြင်း စသည့် ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**သတင်း-ရီရီသန့်၊ ဓာတ်ပုံ-ရဲထွန်း**

»» စာမျက်နှာ ၅ မှ

ဆောင်ရွက်ပါက ပြည်သူများပါဝင်လာပြီး အောင်မြင်လာမည်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့်လည်း လေးလေးနက်နက်ဖြင့် ပူးပေါင်းပါဝင်လာအောင် အလေးထားဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ ခရုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ) မောင်တင်သစ်၊ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ မလှိုင်မဲဆန္ဒနယ်မှ ဦးလှထွန်းအောင်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေမျိုးအောင်နှင့် ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်တို့က ဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာကြည့်တိုက်များသည် အသိပညာဘဏ္ဍာတိုက်များဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်လူအမျိုးမျိုး၏ အတွေ့အကြုံများ၊ အသိပညာများကို စုစည်းသိုမှီးရာ နေရာများဖြစ်ပါကြောင်း၊ မိမိသိလိုသည်များကို စာကြည့်တိုက်ရှိ စာအုပ်များတွင် ရှာဖွေနိုင်ပါကြောင်း၊ ကမ္ဘာတွင် အဖွံ့ဖြိုးဆုံး၊ အတိုးတက်ဆုံးတိုင်းပြည်များသည် စာအဖတ်ဆုံး တိုင်းပြည်များဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အောက်ရှိ ရုံးများသည် တစ်ချိန်က အများပြည်သူ ဝင်ထွက်သွားလာမှုနည်းပါးခဲ့သော်လည်း ယခုအခါတွင် ရပ်ရွာလူထုတွေ့ဆုံနှီးနှောရာနေရာ ကွန်မြူနတီစင်တာ၊ စာကြည့်တိုက်များကို ဒေသအလိုက် ရပ်ရွာလူထု၏ လိုအပ်ချက်နှင့်အညီ ကွန်မြူနတီစာကြည့်တိုက်အဖြစ် ပြောင်းလဲနိုင်ရန်စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုအခါတွင် ရှေ့ပြေးနမူနာအဖြစ် ကွန်မြူနတီစင်တာများအဖြစ် အင်းစိန်၊ မြောင်းမြ၊ နတ်မောက်၊ ပျဉ်းမနားမြို့များတွင် ဒေါ်ခင်ကြည်ဖောင်းဒေးရှင်းနှင့် ပူးတွဲဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် စာကြည့်တိုက်မော်တော်ယာဉ်များဖြင့် ရွေ့လျားစာကြည့်တိုက်များကိုလည်း တွဲဖက်ပေးထားပါကြောင်း၊ ရုံးအဆောက်အအုံများတွင် သင်တန်းများ၊ အစည်းအဝေးများ၊ ဟောပြောပွဲများ၊ တွေ့ဆုံပွဲများ ကျင်းပနိုင်ရန် လိုအပ်သည့်ပစ္စည်းများကို ထားရှိပေးထားပါကြောင်း၊ ပြီးခဲ့သည့်လပိုင်းက မြစ်ကြီးနားမြို့တွင် အဆောက်အအုံ၊ လုပ်ငန်းအစီအမံများအရပါ ပိုမိုအဆင်ပြေပြည့်စုံသည့် ကွန်မြူနတီစင်တာကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခုစင်တာများသည် ပြည်သူလူထုအသိပညာတိုးပွားရေးအတွက် မိမိအရပ်ဒေသနှင့် မိမိနိုင်ငံ၏ အရေးကိစ္စများတွင် ပြည်သူများစိတ်ပါဝင်စားလာစေရေးနှင့် ဒီမိုကရေစီနိုင်ငံရေးဖြစ်စဉ်တွင် လူထုသဘောဆန္ဒပါဝင်မှု တိုးတက်ရေးတို့အတွက် အထောက်အကူပြုသွားနိုင်မည်ဖြစ်ပါကြောင်း။

ဆက်လက်ပြီး နိုင်ငံတော်မှ ဘဏ္ဍာငွေရရှိမှုနှင့် အခြားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု လူမှုအခြေပြုဗဟိုဌာနနှင့်ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါကြောင်း၊ လက်ရှိအခြေအနေတွင် ကွန်မြူနတီစင်တာအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ ရုံးများ၊ စာကြည့်တိုက်များကို မဲဆန္ဒနယ်ပြည်သူများနှင့် တွေ့ဆုံရာနေရာအဖြစ် အသုံးပြုနိုင်ရန်ဖိတ်ခေါ်ထားပါကြောင်း၊ သို့သော် ယနေ့ဆွေးနွေးနေကြသည့် စာကြည့်တိုက်တိုးတက်ရေးကို အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ရန်မှာ ကြီးကျယ်ပါကြောင်း၊ သို့ဖြစ်၍ အဆိုကို မှတ်တမ်းထားရှိသင့်ပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းထားရှိရန် ဆုံးဖြတ်ခဲ့သည်။

**မျိုးမြင့်(သတင်းစဉ်)**

# မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာသော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေးနွေးပွဲကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) အောင်မြင်စွာ ကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။**

အစည်းအဝေးတွင် ဖိတ်ကြားရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ မှတ်တမ်းတင်ရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆပ်ကော်မတီ၊ စာတမ်းစုဆောင်းရေးနှင့် စာအုပ်ထုတ်ဝေရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီအလိုက် ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များ သတ်မှတ်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကိုလည်းကောင်း ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) ကို ၂၀၁၇ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။** သတင်း-ကျော်ဖုံး (အေဝမ်းစိုး-မျိုးသူဟိန်း)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၇**
နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် Tokyo မြို့ရှိ Narita လေဆိပ်မှ ပြန်လည်ထွက်ခွာရာ နိပွန်ဖောင်ဒေးရှင်း အမှုဆောင်ဒါရိုက်တာ Mr. Yuji MORI နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်စောမင်းနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi Higuchi နှင့်ဇနီး၊ စစ်သံမှူး Col. Kei TAJIKA နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ အလုပ်သဘောချစ်ကြည်ရေး ခရီးစဉ်အတွင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Shinzo ABE နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ် Admiral Katsutoshi KAWANO တို့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များ ဆွေးနွေးခြင်း၊ အသေးစားစက်မှုလုပ်ငန်းခေါက်ဆွဲစက်ရုံနှင့် Daihatsu မော်တော်ကား စက်ရုံတို့ကို ကြည့်ရှုလေ့လာခြင်း၊ ဂျပန်-မြန်မာ အသင်းဥက္ကဋ္ဌ Mr. Hideo WATANABE နှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA တို့နှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






# ကမ်းလွန်လုပ်ကွက်အမှတ် A-6 ရှိ အကဲဖြတ်တွင်း ပြည်သစ်(၁)မှ သဘာဝဓာတ်ငွေ့ တစ်နေ့လျှင် ပျမ်းမျှ ကုဗပေသန်း ၅၀ နှုန်း ထုတ်ယူရရှိမည်

**နေပြည်တော် ဩဂုတ် ၇**
ကမ်းလွန်လုပ်ကွက်အမှတ် A-6 ရှိ အကဲဖြတ်တွင်း ပြည်သစ်(၁)နှင့် အဆိုပါလုပ်ကွက်အတွင်းမှ သဘာဝဓာတ်ငွေ့တွေ့ရှိမှုသတင်းထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအနောက်ဘက်ကမ်းလွန်ရှိ ကမ်းလွန်လုပ်ကွက် အမှတ် A-6 တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်(PSC)ချုပ်ဆို၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ စမ်းသပ်ခြင်းလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် MPRL E & P Pte.Ltd.(လုပ်ကွက် A-6 ၏ PSC Operator)နှင့် အခြားအစုရှယ်ယာရှင်များဖြစ်သော Woodside Energy (Myanmar) Pte.Ltd. နှင့် TOTAL E & P Myanmar ကုမ္ပဏီတို့သည် အကဲဖြတ်တွင်း ပြည်သစ် (၁)ကို ၂၀၁၇ ခုနှစ် ဇွန် ၁၀ ရက်တွင် စတင်တူးဖော်ခဲ့ပြီး ဇူလိုင် ၁၅ ရက်တွင် ရည်မှန်းအနက် ၄၅၇၀ မီတာ(၁၄၉၉၃ ပေ) အထိ တူးဖော်နိုင်ခဲ့ပါကြောင်း။

အကဲဖြတ်တွင်း ပြည်သစ်(၁)တွင်းတူးဖော်စဉ် Wireline Logging တိုင်းတာမှုမှ ရရှိသော အချက်အလက်များအရ အနက် ၃၅၄၂ မီတာတွင် သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် အသားတင်ထုတ်ယူရရှိနိုင်မည့် သဲကြောအထူ ၃၅ မီတာ(၁၁၅ ပေ)ခန့်ကို တွေ့ရှိခဲ့ပါကြောင်း၊ ယခုအခါ ၎င်းသဲကြောအား သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုစမ်းသပ်ခြင်းကို ဆောင်ရွက်ခဲ့ရာ သဘာဝဓာတ်ငွေ့ တစ်နေ့လျှင် ပျမ်းမျှ ကုဗပေသန်း ၅၀ နှုန်း ထုတ်ယူရရှိမည်ကို စမ်းသပ်တွေ့ရှိခဲ့ပါကြောင်း။

အကဲဖြတ်တွင်းပြည်သစ်(၁)ကို တွင်းယာယီပိတ်သိမ်းမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းတူးဖော်ရေးသင်္ဘော Dhirubhai Deepwater KG2 (DDKG 2)သည် လုပ်ကွက်အမှတ် A-6 ၏ အနောက်ဘက်ခြမ်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မှုအလားအလာကို လေ့လာစူးစမ်းရန်အတွက် ရှာဖွေရေးတွင်း ပြည်သာယာ(၁)ကို ဆက်လက်တူးဖော်မည်ဖြစ်ရာ ယခုဩဂုတ်လအတွင်း စတင်တူးဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့ကမ်းလွန်လုပ်ကွက် A-6 တွင် MPRL E&P ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှု ၂၀ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံ Woodside Energy (Myanmar)Pte.Ltd. မှ ၄၀ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံ TOTAL E&P Myanmar ကုမ္ပဏီမှ ၄၀ ရာခိုင်နှုန်း၊ အချိုးကျပါဝင်ကာ ရှာဖွေ၊ တူးဖော်ခြင်းလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ကွက်အမှတ် A-6 တွင် တူးဖော်ခဲ့သည့် တွင်း သုံးတွင်းအနက် ပထမဆုံး အောင်မြင်ခဲ့သည့် ပြည်သာ(၁)တွင်းမှအစပြု၍ သဘာဝဓာတ်ငွေ့ကိုရှာဖွေတွေ့ရှိခဲ့ပြီး ဒုတိယ ရှာဖွေရေးတွင် ရွှေရည်ထွန်း(၁)ကိုလည်းကောင်း၊ ပြည်သစ်(၁)တွင်းကို တတိယအကြိမ်အဖြစ်လည်းကောင်း သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် သဲကြောများကို ထပ်မံရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ထိုလုပ်ကွက်အမှတ် A-6 တွင် ရှာဖွေရေးတွင်း၊ အကဲဖြတ်တွင်းများ ဆက်လက်တူးဖော်သွားမည်ဖြစ်ပြီး သဘာဝဓာတ်ငွေ့ခိုအောင်းမှုပမာဏသည် စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်းတွေ့ရှိပါက ဆက်လက်တူးဖော်သွားမည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ပေးနိုင်မည့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားနိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ဦးဆောင်ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်ဦးက ထုတ်ပြန်ရှင်းလင်းသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ပြီး ယင်းအခမ်းအနားတွင် သတင်းထုတ်ပြန်ရှင်းလင်းခြင်းနှင့် သတင်းမီဒီယာသမားများ၏ မေးမြန်းချက်တို့ကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၇**
ဩဂုတ် ၈ ရက်တွင် ကျရောက်မည့် အာဆီယံထူထောင်မှု နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် မြန်မာနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည့် နှစ်(၂၀)ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲ "ASEAN Traditional Dance Competition"ကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်ဇနီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိန်းနှင့်ဇနီး၊ အာဆီယံ ၁၀ နိုင်ငံမှ သံအမတ်ကြီးများ၊ သံတမန်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အာဆီယံနိုင်ငံသံအမတ်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ အကပြိုင်ပွဲတွင် အာဆီယံနိုင်ငံများ၏ ရိုးရာအကများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)နှင့် အနုပညာ အထက်တန်းကျောင်း (ရန်ကုန်၊ မန္တလေး)မှ ကျောင်းသူများက အာဆီယံနိုင်ငံများကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အာဆီယံနိုင်ငံ သံရုံးများမှ ကိုယ်စားလှယ်များက အကဲဖြတ်ဒိုင်လူကြီးများအဖြစ် ဆောင်ရွက်၍ ဖျော်ဖြေရေးကဏ္ဍအဖြစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဂီတပညာဌာနမှ ကျောင်းသား ကျောင်းသူလေးများက ASEAN Anthem ဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး သဘင်ပညာဌာနမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံသံရုံးများမှ အကဲဖြတ်ဒိုင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းစည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**○ ကမ္ဘာ့ဗိုဗီနမ်မှ**

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီးဓားနှစ်လက်ပြိုင်ပွဲ၌ မခိုင်ဝါဖူးက ပထမရွှေတံဆိပ် တစ်ခု၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲ၌ မျိုးထွန်းအုံ၊ ချိုမနား၊ ချမ်းမြေ့အောင်၊ ရဲဝင့်ထူးတို့အတွဲက ရွှေတံဆိပ် တစ်ဆု၊ အမျိုးသမီးတစ်ကိုယ်တော်လက်အပြပြိုင်ပွဲ၌မခိုင်ဝါဖူးက ငွေတံဆိပ် တစ်ဆု၊ နှစ်ယောက်တွဲ(ကျား/မ)ပြိုင်ပွဲ၌ မင်းခန့်ဇာနည်လွင်၊ မချစ်နိုဒီဆောင်းတို့အတွဲက ကြေးတံဆိပ် တစ်ခု၊ အမျိုးသားအတိုက်ပြိုင်ပွဲ၌ မျိုးထွန်းအုံက ကြေးတံဆိပ် တစ်ခု၊ အမျိုးသမီးအတိုက်ပြိုင်ပွဲ၌ မအယ်သျှိုလာမင်းနိုင်က ကြေးတံဆိပ် တစ်ခု၊ အမျိုးသားတစ်ကိုယ်တော်လက်ရေးပြိုင်ပွဲနှင့် အမျိုးသားအတိုက်(၆၄)ကီလိုတန်းပြိုင်ပွဲများ၌ မင်းခန့်ဇာနည်လွင်က ကြေးတံဆိပ် တစ်ခုစီ၊ အမျိုးသားတစ်ကိုယ်တော်ဓားပြိုင်ပွဲ၌ မျိုးထွန်းအုံက ကြေးတံဆိပ် တစ်ခု၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၌ မခိုင်ဝါဖူးနှင့် မအယ်သျှိုလာမင်းနိုင်တို့အတွဲက ကြေးတံဆိပ် တစ်ခု၊ အမျိုးသမီးအတိုက်ပြိုင်ပွဲ၌ မခိုင်ဝါဖူးက ကြေးတံဆိပ် တစ်ခုနှင့် အမျိုးသားနှစ်ယောက်တွဲ လက်အတိုက်ပြပြိုင်ပွဲ၌ မျိုးထွန်းအုံနှင့် ချိုမနားအတွဲက ကြေးတံဆိပ် တစ်ခုတို့ အသီးသီး အောင်ပန်းဆင်ဆွတ်ခူးနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲသို့ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အီရန်၊ အီတလီ၊ မြန်မာ၊ ပြင်သစ်၊ ရုရှား၊ အာဖဂန်နစ္စတန်၊ ရိုမေးနီးယား၊ ဘယ်လ်ဂျီယံ၊ အိုင်ဗရီကို့စ်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဂျပန်၊ အီရတ်၊ အယ်လ်ဂျီးရီးယားနှင့် ဘယ်လ်လာရုစ် စုစုပေါင်းနိုင်ငံ ၁၈ နိုင်ငံဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ ဗိုဗီနမ်လက်ရွေးစင်အားကစားသမား မောင်မယ်များက ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် ကိုးခုဖြင့် နိုင်ငံအလိုက်အဆင့်(၇)ကို နိုင်ငံတော်အတွက် ထိုက်ထိုက်တန်တန်ရရှိခဲ့ပြီး မြန်မာဗိုဗီနမ်အသင်းသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲသို့ အရှေ့တောင်အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အာရှနိုင်ငံများမှ ထိပ်တန်းအားကစားသမားများနှင့် ယှဉ်ပြိုင်ခဲ့ရာ ယခု(၅)ကြိမ်မြောက် ကမ္ဘာ့အဆင့်ပြိုင်ပွဲကို ပထမဦးဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ တိုးတက်လိုက် နောက်ပြန်ဆုတ်လိုက်နဲ့ ရှိတတ်တဲ့အတွက် ပြည်သူတွေအနေနဲ့ တိုးတက်မှုနှေးကွေးတယ်လို့ထင်တတ်ပါတယ်

## မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး Mr. Paul Seger နှင့်တွေ့ဆုံမေးမြန်းခြင်း

**ဩဂုတ် ၆ ရက်ထုတ် The Global New Light of Myanmar သတင်းစာတွင်ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖက်ဒရယ်စနစ်များနှင့်အတူ မြန်မာနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့၏သံတမန်ဆက်ဆံရေးတိုးတက်လာမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး Mr. Paul Seger နှင့် တွေ့ဆုံမေးမြန်းထားမှုကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်-**

### ဘာသာပြန်- သာစိန်၊ ကျော်ထိုက်စိုး

**မေး။ ။ ဆွစ်ဇာလန်-မြန်မာ သံတမန်ဆက်ဆံရေး တိုးတက်လာတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သိပါရစေ။**

ဖြေ။ ။ ဒီနှစ်မှာ မြန်မာနဲ့ဆွစ်ဇာလန်တို့အကြား နှစ်(၆၀)မြောက် သံတမန်ဆက်ဆံရေးအထိမ်းအမှတ် ကျင်းပမှာဖြစ်ပါတယ်။ နှစ်နိုင်ငံအကြားဆက်ဆံရေးဟာ အတော်ကောင်းမွန်လာပြီလို့ ကျွန်တော်ထင်ပါတယ်။ မြန်မာနိုင်ငံဟာ အခက်အခဲကြားကနေရုန်းထွက်ခဲ့ရပြီး ၂၀၁၁ ခုနှစ်မှာ နိုင်ငံတကာနဲ့ ထိတွေ့လာခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပြီး နောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ဆက်ဆံရေးဟာ အထူးတလည်ကို တိုးတက်လာပါတယ်။ နိုင်ငံတကာအလယ် ပြန်လည်ရောက်ရှိလာတာနဲ့အတူ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို စတင်ဖော်ဆောင်ခဲ့တာကို အသိမှတ်ပြုတဲ့အနေနဲ့ ၂၀၁၂ ခုနှစ်မှာ မြန်မာနိုင်ငံမှာ သံရုံးဖွင့်လှစ်ခဲ့ပါတယ်။ ဆွစ်ဇာလန်နဲ့ မြန်မာနိုင်ငံအကြား ဆက်ဆံရေးဟာ ရှေ့လျှောက် ပိုပြီးကောင်းမွန်လာလိမ့်မယ်လို့ မြင်ပါတယ်။

**မေး။ ။ ဆွစ်ဇာလန်နိုင်ငံရဲ့ ပထမဆုံး သံအမတ်ကြီး မစ္စတာ ခရစ်စတိုဖာဘာဂျင်နာက မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခကို မဖြေရှင်းသရွေ့ စစ်မှန်တဲ့ ဒီမိုကရေစီနဲ့ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မရနိုင်ဘူးလို့ ဆိုခဲ့ပါတယ်။ လက်ရှိအစိုးရကလုပ်ဆောင်နေတဲ့ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ မြန်မာအစိုးရအနေနဲ့ အဲဒီလုပ်ငန်းစဉ်နှစ်ရပ်လုံးအပေါ်မှာ အောင်မြင်မှုရတယ်လို့ ကျွန်တော်ထင်ပါတယ်။ စိတ်ရှည်ဖို့တော့လိုပါတယ်။ နိုင်ငံတကာအနေနဲ့ကတော့ မြန်မာပြည်သူတွေလောက် စိတ်ရှည်ချင်မှရှည်မှာပါ။ ကုလသမဂ္ဂမှာလုပ်ခဲ့တဲ့ ကျွန်တော့်အတွေ့အကြုံအရ ငြိမ်းချမ်းရေးတည်ဆောက်တယ်၊ ငြိမ်းချမ်းရေးရယူတယ်ဆိုတာ အချိန်ကြာလေ့ရှိတာကိုသိရပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ တိုးတက်လိုက် နောက်ပြန်ဆုတ်လိုက်နဲ့ ရှိတတ်တဲ့အတွက် ပြည်သူတွေအနေနဲ့ တိုးတက်မှုနှေးကွေးတယ်လို့ထင်ရင် ဒါဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့သဘောလို့ ကျွန်တော်ပြောလေ့ရှိပါတယ်။ အဲဒီလုပ်ငန်းစဉ်တွေ အခက်အခဲ အတားအဆီးမရှိ တိုးတက်လာတယ်ဆိုရင်တော့ အလွန်အံ့ဩရမှာပါ။ ဒါပေမဲ့ ရေရှည်အမြော်အမြင်ရှိဖို့တော့လိုပါတယ်။ အချိန်ကာလအားဖြင့် သုံးနှစ် သို့မဟုတ် ငါးနှစ်တာကာလကို ဆိုလိုတာမဟုတ်ပါဘူး။ ငါးနှစ်လည်းဖြစ်နိုင်သလို အနှစ် ၂၀ လည်း ဖြစ်နိုင်ပါတယ်။ အိုင်ယာလန်နိုင်ငံရဲ့ပဋိပက္ခ အခြေအနေကိုကြည့်မယ်ဆိုရင် အချိန်အတော်ကြာဖြေရှင်းယူခဲ့ရပါတယ်။ မြန်မာနိုင်ငံလိုနိုင်ငံတစ်နိုင်ငံအနေနဲ့ ပြည်တွင်းပြဿနာအားလုံးနဲ့ အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို တစ်နှစ် သို့မဟုတ် နှစ်နှစ်အတွင်း ဖြေရှင်းနိုင်မယ်လို့ မျှော်လင့်လို့မရနိုင်ပါဘူး။ မြန်မာနိုင်ငံရဲ့ အခြေအနေအရပ်ရပ်ကတော့ အပြုသဘောဆောင်နေပြီလို့မြင်ပါတယ်။

**မေး။ ။ ဖက်ဒရယ်နိုင်ငံတစ်နိုင်ငံလို မတူကွဲပြားမှုကြားက စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ခဲ့တဲ့ ဆွစ်ဇာလန်နိုင်ငံရဲ့ အတွေ့အကြုံကို မျှဝေပေးစေချင်ပါတယ်။**


ဖြေ။ ။ ကျွန်တော်တို့ဟာ ဖက်ဒရယ်စနစ်နဲ့ နှစ်အတန်ကြာယဉ်ပါးလာခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံကလည်း ဖက်ဒရယ်စနစ်ကနေ မွေးဖွားလာခဲ့တာဖြစ်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံကို ဆွစ်ကွန်ဖက်ဒရေးရှင်းအဖြစ်ခေါ်ဆိုတယ်ဆိုတာ တိုက်ဆိုင်မှုတစ်ရပ်တော့ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံဟာ ပဲခူးတိုင်းလောက်ပဲအကျယ်အဝန်းရှိတဲ့ နိုင်ငံငယ်ကလေးပါ။ သို့သော်လည်း နိုင်ငံကိုဒေသစိတ်နယ်မြေ ၂၆ ခုနဲ့ ဖွဲ့စည်းထားပါတယ်။ မတူညီတဲ့ ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ သမိုင်းကြောင်းနောက်ခံစတဲ့ မတူညီကွဲပြားတဲ့ကြားမှာ သဟဇာတဖြစ်အောင်၊ တညီတညွတ်တည်းရှိအောင် နေထိုင်ရမယ်ဆိုတာ ကျွန်တော်တို့ ဆယ်စုနှစ်၊ ရာစုနှစ်ချီတဲ့အထိ လေ့လာသင်ကြားခဲ့ရပါတယ်။ ကွဲပြားခြားနားမှုကနေဖြစ်ပေါ်လာတဲ့ ပဋိပက္ခတွေကို ဖြေရှင်းဖို့ အကောင်းဆုံးနည်းလမ်းဟာ ဖက်ဒရယ်စနစ်သာ အကောင်းဆုံးဖြစ်တယ်ဆိုတာ ကျွန်တော်တို့ တွေ့ကြုံခဲ့ပြီးဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့နိုင်ငံမှာဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို ဖြေရှင်းတဲ့အကြောင်းအရင်းတွေပါ။ မြန်မာနိုင်ငံမှာ ကျွန်တော်တို့လုပ်ဆောင်တာတွေဟာ ဒီနည်းလမ်းတွေကို တင်သွင်းဖို့မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မြန်မာတွေမှာလည်း သူ့နည်းသူ့ဟန်နဲ့ မတူကွဲပြားခြားနားမှုအပေါ် စုစည်းအောင်လုပ်ဆောင်နိုင်တဲ့နည်းလမ်းတွေ ရှာဖွေရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နည်းလမ်းကို အတုယူဖို့မဟုတ်ဘဲ ကျွန်တော်တို့ရဲ့ အတွေ့အကြုံကိုသာ မျှဝေခြင်းဖြစ်ပါတယ်။ ဖက်ဒရယ်ဝါဒရဲ့ ဓလေ့စရိုက်တွေကိုလေ့လာဖို့ မြန်မာနိုင်ငံက လေ့လာရေးအဖွဲ့တွေကို ဆွစ်ဇာလန်သို့ ခေါ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။ တက်ကြွတဲ့နိုင်ငံခြားရေးမူဝါဒနဲ့အတူ ဆွစ်ဇာလန်နိုင်ငံဟာ ကမ္ဘာတစ်ဝန်းမှာပြုလုပ်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ပတ်သက်နေတာတွေ့ရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလုပ်ငန်းစဉ်မှာ ဆွစ်ဇာလန်ရဲ့ ကူညီပံ့ပိုးမှုကို သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံရဲ့ဖွဲ့စည်းပုံမှာ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေရဲ့ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့ ငြိမ်းချမ်းရေးမြှင့်တင်မှုတွေမှာ ပါဝင်လုပ်ဆောင်ရမယ့်အချက်ကို ထည့်သွင်းထားပါတယ်။ ကျွန်တော်တို့နိုင်ငံလို နိုင်ငံဟာ ကမ္ဘာမှာ အနည်းအကျဉ်းသာရှိမှာဖြစ်ပါတယ်။ ဆွစ်ဇာလန်ဟာ ကြားနေနိုင်ငံဖြစ်တဲ့အတွက် ဘယ်နိုင်ငံနဲ့မှ ပဋိပက္ခမရှိခဲ့ပါဘူး။ ကြားနေနိုင်ငံဖြစ်ခြင်း၊ ဝှက်ဖဲမရှိခြင်းနဲ့ အင်ပါယာနဲ့ဆိုင်တဲ့ အတိတ်သမိုင်းကြောင်းမရှိခြင်း စတဲ့အချက်တွေဟာ အခြားနိုင်ငံတွေကို အကူညီပေးတဲ့အခါမှာ သော်လည်းကောင်း၊ ငြိမ်းချမ်းရေးမြှင့်တင်ခြင်း၊ ပဋိပက္ခတွေကိုကျော်လွှားခြင်းနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ပံ့ပိုးရာမှာသော်လည်းကောင်း ကျွန်တော်တို့ကို ကောင်းမွန်တဲ့ အခွင့်အလမ်း ရရှိစေတာဖြစ်ပါတယ်။ ဒီအခွင့်အလမ်းနဲ့အတူ မြန်မာနိုင်ငံမှာရော အခြားသောနိုင်ငံတွေမှာပါ ဖော်ပြပါပံ့ပိုးမှုတွေကို ကျွန်တော်တို့လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံမှာ ကျွန်တော်တို့လုပ်ဆောင်နေတာကတော့ ဖက်ဒရယ်ဝါဒအရေးကိစ္စနဲ့အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ကူညီပံ့ပိုးနေသလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ဆွေးနွေးတဲ့ အဖွဲ့အစည်းအားလုံးကိုလည်း ကူညီပံ့ပိုးနေပါတယ်။ စစ်ပွဲစိတ်ဓာတ်ကနေ ငြိမ်းချမ်းရေးစိတ်ဓာတ်ကို ချက်ချင်းပြောင်းဖို့မလွယ်ကူပါဘူး။ ဆိုလိုတာက စစ်ပွဲဆင်နွှဲရာကနေ ငြိမ်းချမ်းရေးဆွေးနွေးဖို့ဆိုတာ မလွယ်ကူတဲ့အရာပါ။ ငြိမ်းချမ်းရေးဆွေးနွေးဖို့အတွက် ပါဝင်ပတ်သက်သူတိုင်းက ဆန္ဒရှိမယ်ဆိုရင် အကောင်းဆုံးအဖြေတစ်ခုရမယ်လို့ ယုံကြည်တဲ့အတွက် ဒီလုပ်ငန်းစဉ်ကို ကြိုးစားပြီး ပံ့ပိုးနေတာဖြစ်ပါတယ်။ ထိုနည်းတူစွာ လူ့အခွင့်အရေးပဋိညာဉ်စာချုပ်ကို ချမှတ်လိုတဲ့ နိုင်ငံတွေကို ကူညီပံ့ပိုးမယ့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု လာမယ့် ဒီဇင်ဘာလမှာ ကျင်းပမှာဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံရဲ့ လမ်းညွှန်မှုနဲ့သာ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကူညီပံ့ပိုးတာဖြစ်ပါတယ်။

**မေး။ ။ ဆွစ်ဇာလန်နိုင်ငံဟာကမ္ဘာပေါ်မှာ အဖွံ့ဖြိုးဆုံးနိုင်ငံဖြစ်သလို နိုင်ငံသားတစ်ဦးချင်းရဲ့ဝင်ငွေဟာလည်း အမြင့်မားဆုံးလို့ သိရပါတယ်။ ဆွစ်ဇာလန်နိုင်ငံရဲ့ စီးပွားရေးတောင့်တင်းမှု၊ နိုင်ငံသာယာဝပြောမှုနဲ့ပတ်သက်ပြီး မျှဝေပေးစေချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးနိုင်ငံထဲကတစ်ခုဆိုတာ မှန်ပါတယ်။ သို့ပေမယ့် လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်က ကြည့်မယ်ဆိုရင် ဆင်းရဲတဲ့နိုင်ငံတစ်နိုင်ငံပါ။ ကျွန်တော်တို့နိုင်ငံမှာ ရေကလွဲပြီး ဘာသဘာဝအရင်းအမြစ်မှမရှိတဲ့အတွက် ဦးနှောက်(ဉာဏ်)ကိုသာ တစ်ခုတည်းသော အရင်းအမြစ်ရှိတယ်လို့ ပြောချင်ပါတယ်။



ပညာရေးမှာ ရင်းနှီးမြှုပ်နှံမှုများစွာပြုလုပ်ခဲ့တာဟာ ကျွန်တော်တို့ရဲ့ လုပ်ငန်းလျှို့ဝှက်ချက်ဖြစ်ပါတယ်။ သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကောင်းမွန်တဲ့တက္ကသိုလ်တွေအပြင် အသက်မွေးဝမ်းကျောင်းသင်တန်းတွေ သင်ကြားတဲ့ အခြေခံနဲ့ အလယ်အလတ်ပညာရေးကို မြင့်မားအောင် လုပ်ဆောင်ခဲ့ပါတယ်။

ဒီနေရာမှာစိတ်ဝင်စားစရာတစ်ခုက ကျွန်တော်တို့နိုင်ငံဟာ တက္ကသိုလ်ဘွဲ့ရအရေအတွက် အနည်းဆုံးရှိတဲ့ နိုင်ငံတွေထဲက တစ်ခုဖြစ်ပါတယ်။ ဆွစ်ဇာလန်လူငယ် ၃၀ ရာခိုင်နှုန်းလောက်သာ တက္ကသိုလ်တက်ကြပါတယ်။ ၇၀ ရာခိုင်နှုန်းဝန်းကျင်ကတော့ သက်မွေးပညာကို သင်ကြားကြပါတယ်။ ဒါကြောင့် ကျောင်းသားအရေအတွက်၊ ဘွဲ့ရတွေအရေအတွက်နဲ့ နိုင်ငံကြွယ်ဝချမ်းသာမှုတို့ဟာ အမှန်တော့ဆက်စပ်မှုမရှိပါဘူးဆိုတာ ကျွန်တော်တို့ အတွေ့အကြုံအရ သိရပါတယ်။ ကျွန်တော်တို့သိခဲ့တာက ကောင်းမွန်တဲ့အသက်မွေးဝမ်းကျောင်းပညာရပ်ရှိတဲ့ ပြည်သူတွေကသာ ကျွန်တော်တို့လုပ်သားအင်အားရဲ့ အခြေခံဖြစ်တယ်ဆိုတာပါပဲ။ ကျွန်တော်တို့ရဲ့ပို့ကုန်တစ်ခုက ဆွစ်နာရီဖြစ်ပြီး နာရီကိုလုပ်ဖို့ ဆရာဝန် သို့မဟုတ် တက္ကသိုလ်ကျောင်းသားတွေ မလိုအပ်ပါဘူး။ နာရီကိုပြုလုပ်နိုင်တဲ့ အရည်အသွေးမြင့်လုပ်အားပဲလိုပါတယ်။ ထိုနည်းတူစွာပဲ ဆေးဝါးထုတ်လုပ်ဖို့အတွက် ဆေးဝါးထုတ်လုပ်နိုင်တဲ့ပညာရှင်တွေလိုအပ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ နှစ်(၆၀)မြောက် သံတမန်ဆက်ဆံရေးအထိမ်းအမှတ် ကျင်းပခြင်းနဲ့အတူ ဆွစ်ဇာလန်မှာရှိတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနဲ့ ပတ်သက်ပြီး မြန်မာပြည်သူတွေသိရှိအောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါကလည်း မြန်မာနိုင်ငံကိုတိုးတက်စေချင်တဲ့ဆန္ဒနဲ့ လုပ်ဆောင်တာဖြစ်ပြီး ယခင်ကချမ်းသာခဲ့တဲ့မြန်မာနိုင်ငံအနေနဲ့ ချမ်းသာတဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိလိမ့်မယ်လို့ ကျွန်တော်အသေအချာပြောရဲပါတယ်။

**မေး။ ။ ဆွစ်နာရီဆိုတာ တဖြည်းဖြည်း လုပ်ငန်းကြီးလာတဲ့ မိသားစုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းတစ်ခုပုံစံဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း အိမ်တွင်းအသေးစားလုပ်ငန်းတွေ အများကြီးရှိပေမယ့် ခေတ်ကာလအခြေအနေအရ ဒီအသေးစားလုပ်ငန်းတွေ ပျောက်ကွယ်နေပါတယ်။ ဒါကြောင့် ဒီလိုအသက်မွေးဝမ်းကျောင်းသင်တန်းမျိုးက ရိုးရာအိမ်တွင်းအသေးစားလုပ်ငန်းတွေ တည်တံ့ဖို့ အထောက်အကူဖြစ်စေမလား။**

ဖြေ။ ။ ဟုတ်ပါတယ်။ အထောက်အကူဖြစ်စေပါတယ်။ ကျွန်တော်တို့လုပ်ဆောင်ဖို့ ကြိုးပမ်းနေတာကတော့ ရိုးရာလက်မှုအတတ်ပညာကို ထိန်းသိမ်းမြှင့်တင်ဖို့ဖြစ်ပြီး အဲဒီရိုးရာလက်မှုပစ္စည်းတွေက မြန်မာနိုင်ငံအတွက် ပြည်ပတင်ပို့နိုင်စွမ်းရှိတဲ့အရာလို့ ကျွန်တော်ထင်ပါတယ်။ လူတွေက အရည်အသွေးကောင်းမွန်တဲ့ ရိုးရာလက်မှုပစ္စည်းတွေ ကမ္ဘာတစ်ဝန်းတင်ပို့ဖို့ မျှော်လင့်နေဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံက အခြားတိုင်းပြည်တွေလို ဥပမာ လာအိုနိုင်ငံလိုသူတို့ရဲ့ ရိုးရာလက်မှုအတတ်ပညာကို ထိန်းသိမ်းနိုင်စွမ်းရှိမယ်ဆိုရင် ကောင်းမွန်ပါလိမ့်မယ်။ စီးပွားရေးအရသာမက အမျိုးသားယဉ်ကျေးမှုအရပါ မေးခွန်းတစ်ခုဖြစ်နေပါတယ်။ ဒါပေမဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းကလည်း အခြားလုပ်ငန်းကဏ္ဍတွေအတွက် အရေးကြီးပါတယ်။

မြန်မာနိုင်ငံက လှပတဲ့တိုင်းပြည်တစ်ခုအဖြစ် ကျွန်တော့်ကို အံ့အားသင့်စေပြီး မြန်မာပြည်သူတွေက အများအားဖြင့် ဖော်ရွေကြပါတယ်။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းက ကဏ္ဍစုံရှိတဲ့အတွက် မြန်မာနိုင်ငံကိုလာရောက်တဲ့သူ ပိုပြီးများ များလာပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံအနေနဲ့ ဟိုတယ်စီမံခန့်ခွဲရေးနဲ့ ဧည့်ခံပြုစုမှုစီမံခန့်ခွဲရေးမှာ ကောင်းမွန်တဲ့အခြေခံအဆောက်အအုံ လိုအပ်ပါတယ်။ ဒါကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းက အရေးပါတဲ့ အခန်းကဏ္ဍတစ်ရပ်ကပါဝင်နေပြီး ကျွန်တော်တို့ အဲဒီနယ်ပယ်မှာ ရင်းနှီးမြှုပ်နှံမှု ဆက်လက်ပြုလုပ်နေပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် ဆွစ်ဇာလန်နိုင်ငံရဲ့ ပံ့ပိုးကူညီမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို သိလိုပါတယ်။**

ဖြေ။ ။ ဆွစ်ဇာလန်နိုင်ငံရဲ့ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုမှာ မြန်မာနိုင်ငံက အရေးပါတဲ့မိတ်ဖက်နိုင်ငံတွေထဲက တစ်နိုင်ငံအဖြစ် ကျွန်တော်တို့ ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့လေးနှစ်ကျော်ကတည်းက ဒီမဟာဗျူဟာကို ကျွန်တော်တို့ ဖော်ဆောင်ခဲ့တာဖြစ်ပြီး မြန်မာနိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာဖို့ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ရင်းနှီးမြှုပ်နှံထားတဲ့ အဲဒီအစီအစဉ်ကို နောက်ထပ်လေးနှစ်အထိ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အလေးပေးဆောင်ရွက်ဖို့ အခြေခံအားဖြင့် နယ်ပယ်သုံးခုကို မြန်မာအာဏာပိုင်တွေနဲ့အတူ ကျွန်တော်တို့ ရွေးချယ်သတ်မှတ်ခဲ့ပါတယ်။

ကဏ္ဍတစ်ခုကတော့ လယ်ယာစိုက်ပျိုးရေးနဲ့ စားနပ်ရိက္ခာဖူလုံရေးဖြစ်ပါတယ်။ သီးနှံတွေ အရည်အသွေး ပိုမိုကောင်းမွန်စွာ၊ အထွက်နှုန်းပိုမိုကောင်းမွန်စွာ ထုတ်လုပ်နိုင်ဖို့နဲ့ ပြည်ပကို စတင်တင်ပို့နိုင်ဖို့ မြန်မာတောင်သူတွေကို ကူညီဖို့ ကျွန်တော်တို့ကြိုးပမ်းနေပါတယ်။ မြန်မာနိုင်ငံက မြေဩဇာကောင်းမွန်တဲ့ စိုက်ပျိုးနိုင်တဲ့မြေယာတွေ အများကြီးရှိပေမယ့် ကျွန်တော်တို့အကဲဖြတ်တာကတော့ သီးနှံထုတ်လုပ်တဲ့နည်းလမ်းတွေက တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါဘူး။

နောက်ထပ်အရေးပါတဲ့ နယ်ပယ်ကတော့ ကျန်းမာရေးကဏ္ဍဖြစ်ပါတယ်။ ဒေသန္တရကျန်းမာရေးဌာနတွေကို ပံ့ပိုးကူညီဖို့ မြန်မာနိုင်ငံရဲ့ အရှေ့တောင်ဘက် အထူးသဖြင့် မွန်နဲ့ ကရင်ပြည်နယ်တွေမှာ ကျန်းမာရေးစောင့်ရှောက်မှုကို ကျွန်တော်တို့ စတင်ခဲ့ပါတယ်။ ဥပမာ အဲဒီဒေသတွေမှာ တစ်ယောက်ယောက်ဖျားနာလာရင် ပထမဆုံး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တဲ့သူအဖြစ် အသုံးပြုနိုင်ဖို့ သားဖွားဆရာမတွေကို လေ့ကျင့်ပေးနေပါတယ်။ ဒါက မြန်မာနိုင်ငံရဲ့ ကျန်းမာရေးအစီအစဉ်တွေမှာ ဆွစ်ဇာလန်နိုင်ငံက ပံ့ပိုးကူညီမှုဖြစ်ပါတယ်။

နောက်ဆုံးအရေးကြီးတဲ့ နယ်ပယ်ကတော့ အသက်မွေးဝမ်းကျောင်းသင်တန်းဖြစ်ပါတယ်။ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေးအစီအစဉ်က ဘယ်လောက်အရေးပါတယ်ဆိုတာ ကျွန်တော်မပြောပြတတ်ပါဘူး။ မြန်မာနိုင်ငံမှာ ကျွမ်းကျင်လုပ်သားတွေ အမှန်တကယ်ရှိမယ်ဆိုရင် ဒါဟာ နိုင်ငံရဲ့ အနာဂတ်စီးပွားရေးအတွက် အခြေခံကောင်းတစ်ခုဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့ »»

# ကျားမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေး ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းပေး

မောင်သဘာဝ

ကမ္ဘာ့ပေါ်တွင် ကျားမျိုးစိတ်ပေါင်း ကိုးမျိုးရှိသည့်အနက် သုံးမျိုးသည် ၎င်းတို့၏ နေရင်းဒေသများ ယိုယွင်းပျက်စီးလာခြင်း၊ အလွန်အကျွံအမဲလိုက်ခြင်း၊ ကျားစားသတ္တဝါ (သားကောင်)များ လျော့နည်းလာခြင်း၊ တရားမဝင်တိရစ္ဆာန် ထွက်ပစ္စည်းကုန်သွယ်မှုကို ထိန်းချုပ်နိုင်မှုအားနည်းခြင်း တို့ကြောင့် မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သည်။ ကျန်ရှိနေသေးသည့် ကျားမျိုးစိတ်ခြောက်မျိုး၏ အရေအတွက် ထပ်မံလျော့နည်းသွားခြင်းမရှိစေရန် အလေးပေး၍ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုပါသည်။

အသားစားသတ္တဝါနှင့် သားရဲတိရစ္ဆာန် (Carnivore and primary predator) ဖြစ်သည့် ကျားသည် သစ်တောဂေဟစနစ်များတွင် အစာကွင်းဆက်၌ ထိပ်ဆုံးတွင်ရှိသည်။ အခြားသော အသားစားသတ္တဝါဖြစ်သည့် ကျားသစ်၊ တောခွေးတို့နှင့်အတူ အရွက်စားသတ္တဝါများ (Herbivores)၏ ဦးရေ (Population)ကိုထိန်းချုပ်ပေးခြင်းဖြင့် သစ်တောဂေဟစနစ်များကို ထိန်းသိမ်းပေးသည်။ ကျားကဲ့သို့ အသားစားသတ္တဝါများ အကောင်ရေလျော့နည်းခြင်း၊ ပျောက်ဆုံးခြင်းသည် အစာကွင်းဆက်ကိုပျက်ပြားစေပြီး သစ်တောဂေဟစနစ်များ သန့်စွမ်းမှု၊ ရေရှည်တည်တံ့မှုကို ထိခိုက်စေသည်။သာဓကအားဖြင့် ဂျပန်နိုင်ငံကျူးရှူး ကျွန်းတောင်ပိုင်းရှိ သစ်တောများတွင် အသားစားသတ္တဝါ လုံလောက်စွာမရှိသဖြင့် သမင်ကောင်ရေ အဆမတန် တိုးပွားလျက်ရှိပြီး မျိုးဆက်ပင်များ ပြတ်လတ်မှုကို ကြုံတွေ့ရပြီး သစ်တောရေရှည်တည်တံ့ရေးကို အခက်အခဲတွေ့စေသည်။

လက်ရှိ ကမ္ဘာပေါ်တွင် ကျားကောင်ရေ ၃၀၀၀ ခန့်သာကျန်ရှိနေပြီး မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ် ကျရောက်လျက်ရှိသည်။ ကျားများ၏ နေရင်းဒေသများကို ကာကွယ်ရန်၊ ပြည်သူလူထု၏ ကျားထိန်းသိမ်းရေးအသိအမြင်ကို မြှင့်တင်ပေးရန်၊ ကျားထိန်းသိမ်းရေးလုပ်ငန်းများတွင် တွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲများကို အထောက်အပံ့ပေးနိုင်ရန်နှင့် ကမ္ဘာတစ်ဝန်း ကျားကောင်ရေ တိုးတက်လာစေရန်ရည်ရွယ်၍ နှစ်စဉ် ဇူလိုင်လ ၂၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာကမ္ဘာ့ကျားနေ့အဖြစ် သတ်မှတ်၍ ကမ္ဘာတစ်ဝန်းကျင်းပနိုင်ရန် ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် ရုရှားနိုင်ငံ၌ပြုလုပ်ခဲ့သော စိန့်ပီတာစ်ဘတ်ကမ္ဘာ့ကျားထိန်းသိမ်းရေးထိပ်သီး အစည်းအဝေး (Saint Petersburg Tiger Summit)တွင် ဆုံးဖြတ်ခဲ့ကြသည်။ ၂၀၁၁ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာကမ္ဘာ့ကျားနေ့ကို ကျားကျက်စားနိုင်ငံ (Tiger Range Country) များ၌ နှစ်စဉ်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံတွင် ကျားထိန်းသိမ်းရေးသဘာဝနယ်မြေများတွင် ကျင်းပလျက်ရှိသည်။

ကမ္ဘာပေါ်ရှိ လက်ကျန် ကျားမျိုးစိတ် ခြောက်မျိုးအနက် နှစ်မျိုးဖြစ်သည့် ဘင်္ဂလားကျား (Bengal Tiger) (Pantheratigristigris) နှင့် အင်ဒိုချိုင်းနားကျား (Indochinese Tiger) (Pantheratigriscorbetti) တို့ကို မြန်မာနိုင်ငံတွင် တွေ့ရှိရပါသည်။ ကျွမ်းကျင်ပညာရှင်များက ယေဘုယျအားဖြင့် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းတွင် အင်ဒိုချိုင်းနားကျားများကျက်စား၍ အနောက်ဘက်ခြမ်းတွင် ဘင်္ဂလားကျားများ ကျက်စားသည်ဟူ၍သတ်မှတ်ထားပါသည်။ ကျားကို ယခင်က မြန်မာနိုင်ငံအနှံ့ တွေ့ရှိခဲ့ရသော်လည်း သတ်ဖြတ်ခံရခြင်း၊ ကျက်စားနယ်မြေ ပျက်စီးခြင်း၊ ပြတ်တောက်သွားခြင်းတို့ကြောင့် နိုင်ငံ၏ နေရာအချို့တွင်သာ တွေ့ရှိရပါတော့သည်။ သစ်တောဦးစီးဌာနသည် ကျားမျိုးများ ထိန်းသိမ်းရေးအလေးပေးလျက်ရှိရာ သဘာဝနယ်မြေများ ဖွဲ့စည်းခြင်း၊ နိုင်ငံအဆင့် ကျားစာရင်းကောက်ယူခြင်း၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် ထိန်းသိမ်းကာကွယ်ခြင်းတို့ကို မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(Wildlife Conservation Society-WCS)၊ အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့(Fauna and Flora International-FFI)တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် နိုင်ငံအဆင့် ကျားထိန်းသိမ်းရေးစီမံချက်(National Tiger Action Plan)ကို အစောဆုံးရေးဆွဲသည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ ကျားသည် သစ်တောဂေဟစနစ် ရေရှည်တည်တံ့ရေးတွင် အဓိကကျသည့် မျိုးစိတ်(Key stone species)ဖြစ်ခြင်းကြောင့် ကျားကျက်စားသည့် နိုင်ငံများ၊ နိုင်ငံတကာထိန်းသိမ်းရေးအဖွဲ့အစည်းများ ပူးပေါင်းထိန်းသိမ်းကာကွယ်လျက်ရှိရာ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များနိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Flora-CITES) မှ Appendix I အဖြစ်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာသဘာဝအရင်းအမြစ်များထိန်းသိမ်းရေးအဖွဲ့(International Union for Conservation of Nature-IUCN)မှ မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ် (Critically Endangered -CR)အဖြစ်လည်းကောင်း ကာကွယ်ရမည့် အမြင့်ဆုံးအဆင့်အဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင်လည်း တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ(၁၉၉၄)အရ ကျားကို လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်း (Completely protected species of wild animals)တွင် ထည့်သွင်းထားပြီး ကျားများကို သတ်ဖြတ်ခြင်း၊ ကျားနှင့် ယင်းတို့၏အစိတ်အပိုင်းတို့ကို တရားမဝင်ကူးသန်းရောင်းဝယ်မှုတို့ကို ပုဒ်မ၃၇(က) ဖြင့် ထောင်ဒဏ် ခုနစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါသည်။

ကျားများ ရေရှည်တည်တံ့ရေးအတွက် ဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်နေသော်လည်း ပညာရှင်များ၏ ခန့်မှန်းချက်အရ ၂၀၀၀ ပြည့်နှစ် ဝန်းကျင်ခန့်တွင် ကျားကောင်ရေ ၁၅၀-၂၀၀ ခန့်ရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် ၇၀-၁၀၀ ခန့်ရှိတော့သည်ဟု သိရှိရသည်။ ကျားကောင်ရေကျဆင်းခြင်းအတွက် အဓိကအားဖြင့် ကျက်စားနယ်မြေများပျက်စီးခြင်း၊ ကျက်စားသွားလာသည့် သစ်တောစင်္ကြံ(Corridor Forest)များ ပြတ်တောက်ခြင်းနှင့် အမဲလိုက်သတ်ဖြတ်ခြင်းတို့ကြောင့်ဟု သုံးသပ်ကြသော်လည်း မကြာသေးမီက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်နှင့် ရှမ်းပြည်နယ် တာချီလိတ်မြို့တို့တွင် သတ်ဖြတ်ခံခဲ့ရသည့် ကျားများသည် ထိုင်းနိုင်ငံဘက်မှ လာရောက်ကျက်စားသည့် ကျားများဖြစ်သဖြင့် မြန်မာနိုင်ငံတွင် ကျားကျက်စားနယ်မြေနှင့် ကျားစားခံသတ္တဝါများ ကောင်းမွန်စွာတည်ရှိနေဆဲဖြစ်ကြောင်း သုံးသပ်ရသည်။ သို့ဖြစ်၍ ကျားမျိုးများ ကောင်ရေကျဆင်းခြင်းမှာ တရားမဝင်ရောင်းဝယ်မှုပြုလုပ်ရန် အမဲလိုက်သတ်ဖြတ်ခြင်းကြောင့် အဓိကဖြစ်သည်ဟု သတ်မှတ်နိုင်ပါသည်။ ကျားအပါအဝင် မြန်မာနိုင်ငံရှိ ရှားပါးတောရိုင်းတိရစ္ဆာန်များသည် တရားမဝင်ရောင်းဝယ်ခြင်းအတွက် သတ်ဖြတ်ခံရလျက်ရှိပြီး နယ်စပ်ဒေသများနှင့် အိမ်နီးချင်းနိုင်ငံများ၏ တရားမဝင်မှောင်ခိုဈေးကွက်ကကျားများ၊ တောဆင်များ၊ အခြားရှားပါးတောရိုင်းတိရစ္ဆာန်များ သတ်ဖြတ်ခံရရန် တွန်းအားပေးလျက်ရှိသည်။



**မြန်မာနိုင်ငံကျားထိန်းသိမ်းရေးသဘာဝနယ်မြေတစ်ခုတွင် ထောင်ချောက်ကင်မရာမှ ရိုက်ကူးရရှိသည့် ကျားတစ်ကောင်ကို တွေ့ရစဉ်။**

မြန်မာနိုင်ငံမှ ကျားပါအဝင် တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ အစိတ်အပိုင်းများသည် အိမ်နီးချင်းနိုင်ငံများမှာ ဝယ်လိုအားကြီးမားလျက်ရှိပါသည်။ ထိုသို့ကြီးမားလျက်ရှိသည်နှင့်အညီ တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ အစိတ်အပိုင်းများကို နည်းမျိုးစုံဖြင့် တရားမဝင်သယ်ယူရောင်းဝယ်ဖောက်ကားလျက်ရှိသည်။ ထိုလုပ်ငန်းများကိုလုပ်ကိုင်နေသော မသမာသူများမှာ ငွေအင်အား၊ လူအင်အား တောင့်တင်းပြီး ခေတ်မီသတင်းအချက်အလက်စုစည်းပေးပို့မှုစနစ်ကိုအသုံးပြုလျက်ရှိသည်။ ဥယျာဉ်၊ ဘေးမဲ့တောများမှာ ခြံစည်းရိုးအကာအရံမရှိခြင်း၊ ရှည်လျားသောနယ်စပ်ရှိခြင်းတို့ကြောင့် တောရိုင်းတိရစ္ဆာန်များကို အချိန်မရွေးသတ်ဖြတ်ထုတ်ယူနိုင်သည့် အခွင့်အလမ်းများလည်းရှိနေပါသည်။

ထိုပြဿနာရပ်များကို နည်းပါးနိုင်သမျှ နည်းပါးစေရန် ဌာနတွင်း လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အား၊ စွမ်းဆောင်ရည်အင်အား၊ သတင်းအချက်အလက် ဖြန့်ဖြူးနိုင်သည့်စွမ်းအား၊ ပြည်သူလူထုနှင့် ဆက်စပ်ဌာနများ ပူးပေါင်းမှုစွမ်းအား၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုစွမ်းအားတို့ကို မြှင့်တင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကျားများ၊ တောဆင်များ၊ အခြားရှားပါးတောရိုင်းတိရစ္ဆာန်များသည် မြန်မာနိုင်ငံ၏ သဘာဝအမွေအနှစ်များဖြစ်ပြီး နောင်မျိုးဆက်များအတွက် လက်ဆင့်ကမ်းထားရစ်နိုင်ရန် သက်ဆိုင်ရာသစ်တောဦးစီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ အားလုံးပါဝင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝဂေဟစနစ်ဝန်ဆောင်မှုသိရှိနားလည်ခြင်း၊ တန်ဖိုးထားခြင်း၊ သတ္တဝါများအား သနားကြင်နာခြင်း၊ ရှားပါးတောရိုင်းတိရစ္ဆာန်များဖြင့် ထုတ်လုပ်ထားသည့်ဆေးဝါးကို ဝယ်ယူသုံးစွဲခြင်းမပြုခြင်း၊ အဆင်တန်ဆာများကို အသုံးမပြုခြင်းစသည့် အခြေခံကျင့်ဝတ်ကောင်းများကို လိုက်နာကျင့်သုံးပေးခြင်း၊ ကျားအပါအဝင် တောရိုင်းတိရစ္ဆာန်များ တရားမဝင် သတ်ဖြတ်ခြင်း၊ သယ်ဆောင်ရောင်းချခြင်းနှင့် လက်ဝယ်ထားခြင်းအပေါ် သတင်းများပေးပို့ခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ သဘာဝအမွေအနှစ်များဖြစ်သည့် ကျားများ၊ တောဆင်များ၊ အခြားရှားပါးတောရိုင်းတိရစ္ဆာန်များ မျိုးဆက်ပျက်သုဉ်းပျောက်ကွယ်မှုမဖြစ်ရအောင် ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

---

»» **စာမျက်နှာ ၁၀ မှ**

**မေး။ ။ မြန်မာနိုင်ငံက Swiss programs နဲ့ပတ်သက်လို့ သံအမတ်ကြီးအနေနဲ့ ပြည့်ပြည့်စုံစုံ ပြောပြပေးနိုင်မလား။**

ဖြေ။ ။ Livelihoods and Food Security Trust Fund (LIFT)ခေါ်တဲ့ အသက်မွေးဝမ်းကျောင်းနဲ့ စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအစီအစဉ်ကို ဆွစ်ဇာလန်နိုင်ငံက အခြားတိုင်းပြည်တွေ၊ အလှူရှင်တွေနဲ့အတူ ပံ့ပိုးကူညီပေးနေပါတယ်။ ပတ်ဝန်းကျင်နဲ့လိုက်လျောညီထွေရှိတဲ့ အကျိုးများတဲ့ထုတ်လုပ်မှုနည်းလမ်းတွေစတင်ဖို့ မြစ်ဝကျွန်းပေါ်ဒေသနဲ့ ရှမ်းပြည်နယ်လို အခြားဒေသတွေမှာ ကျွန်တော်တို့ တောင်သူတွေနဲ့ လက်တွဲဆောင်ရွက်နေပါတယ်။ တာရှည်ခံတဲ့ငါးဖမ်းလုပ်ငန်းဖြစ်ဖို့ မုတ္တမ(မွန်ပြည်နယ်)က တံငါသည်တွေနဲ့ကျွန်တော်တို့ လက်တွဲဆောင်ရွက်နေပေမယ့် ငါးဖမ်းလုပ်ငန်းတွေ လျော့နည်းလာလို့ အခြားအလုပ်အကိုင်တွေရရှိဖို့ တံငါသည်တွေကို ကျွန်တော်တို့ သင်တန်းတွေပေးနေပါတယ်။

တတိယပေးချင်တဲ့ဥပမာကတော့ ရော်ဘာခြံတွေဖြစ်ပါတယ်။ ရော်ဘာဆိုတာ ပြည်ပတင်ပို့ဖို့အလားအလာရှိတဲ့ ပြည်တွင်းထုတ်ကုန်တွေထဲက တစ်မျိုးဖြစ်ပေမယ့် ပြဿနာကတော့ အခုချိန်မှာ ရော်ဘာဈေးနှုန်း အနည်းငယ်ကျဆင်းနေလို့ တောင်သူတွေမှာ အခက်အခဲတွေရှိနေပါတယ်။ ဒါကြောင့် အရည်အသွေးပိုမိုကောင်းမွန်အောင် လုပ်ဆောင်ဖို့ ရော်ဘာတောင်သူတွေကို ကျွန်တော်တို့ ကူညီပေးနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာရော်ဘာတွေရဲ့ အရည်အသွေးက အခြားရော်ဘာတွေနဲ့နှိုင်းယှဉ်ကြည့်ရင် အရည်အသွေးသိပ်မကောင်းလို့ဖြစ်ပါတယ်။ ဒီရော်ဘာစိုက်ပျိုးရေးမှာ အခွင့်အလမ်းကောင်းသိပ်မရှိတဲ့ တောင်သူတွေကို အခြားအလုပ်အကိုင်တွေ ပြောင်းလဲရှာဖွေဖို့ ကျွန်တော်တို့ ကူညီပါတယ်။

**မေး။ ။ ဒီအနာဂတ်စီမံကိန်းတွေ အောင်မြင်မယ်ဆိုရင် မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးနဲ့ ကြွယ်ဝချမ်းသာမှု ရရှိစေမှာလား။**

ဖြေ။ ။ ဒီစီမံကိန်းတွေအောင်မြင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အားလုံး အတော့်ကို စိတ်ရှည်သည်းခံဖို့လိုအပ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ နှစ် ၆၀ ထီးတည်းနေခဲ့ရပြီး တိုးတက်မှုဆိတ်သုဉ်းခဲ့တဲ့ တိုင်းပြည်အတွက် အချိန်ပေးဖို့လိုပါတယ်။ ကျွန်တော်တို့ ဒီမှာရှိနေတာ မြန်မာနိုင်ငံကို ပံ့ပိုးကူညီဖို့ဖြစ်ပြီး မနက်ဖြန်မှာ တိုးတက်မှုရှိတယ်ဆိုရင် ကျွန်တော်က အပျော်ဆုံးလူ ဖြစ်ပါလိမ့်မယ်။

**မေး။ ။ အာဆီယံဈေးကွက်က အလွန်ပဲယှဉ်ပြိုင်မှုကြီးမားပါတယ်။ ဒါကြောင့် ဒီလို စိန်ခေါ်မှုမျိုးတွေကိုရင်ဆိုင်ဖို့ မြန်မာနိုင်ငံအနေနဲ့ ကျွမ်းကျင်မှုတွေပိုလိုအပ်တယ်လို့ ကျွန်တော်ထင်ပါတယ်။**

ဖြေ။ ။ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို အံ့အားသင့်စေတဲ့အချက်ကတော့ သံရုံးမှာ အလုပ်လုပ်ကိုင်တဲ့ ဒေသခံဝန်ထမ်းတွေနဲ့ကျွန်တော်အလုပ်လုပ်ရာမှာ သူတို့ကသင်ယူဖို့ အလွန့်အလွန်ကို စိတ်အားထက်သန်ကြတာဖြစ်ပါတယ်။ ဥပမာတစ်ခုအနေနဲ့ ကျွန်တော်က မြန်မာဘာသာနဲ့ စကားပြောရင် အရမ်းညံ့ဖျင်းလို့ ဝန်ထမ်းတွေကို အင်္ဂလိပ်လိုပြောပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်စကားပြောတဲ့ ဝန်ထမ်းတွေက ကျွန်တော့်ကို အမြဲအထင်ကြီးစေပါတယ်။ အင်္ဂလိပ်ဘာသာကို ဘယ်မှာသင်ခဲ့သလဲလို့ ကျွန်တော်က မေးရင် မြန်မာနိုင်ငံမှာပဲ သင်ယူခဲ့တာလို့ သူတို့ဖြေပါတယ်။ အံ့အားသင့်စရာပါပဲ။ ဆယ်စုနှစ်ချီ ထီးတည်းနေခဲ့ရတဲ့ တိုင်းပြည်မှာနေတဲ့သူတွေက အင်္ဂလိပ်စကားကို ကောင်းမွန်မွန်ပြောနိုင်ပါတယ်။ သူတို့ကခရီးသွားလုပ်ငန်း ပိုမိုကောင်းမွန်တဲ့ ထိုင်းနိုင်ငံကလူတွေထက် အင်္ဂလိပ်စကားကို ပိုပြီးကောင်းအောင်ပြောနိုင်တယ်လို့ တစ်ခါတစ်ရံ ကျွန်တော်ထင်မြင်မိပါတယ်။

မြန်မာနိုင်ငံမှာ ကျွန်တော် ချစ်ခင်မြတ်နိုးရတဲ့ အချက်ကတော့ လူတွေက တိုးတက်ချင်တာဖြစ်ပါတယ်။ ဒီအချက်က ကျွန်တော့်ကို တကယ်ကို အကောင်းမြင်စေပါတယ်။ နှစ် ၆၀ အတွင်း မြန်မာနိုင်ငံရဲ့အသားတင်ဝင်ငွေက ထိုင်းနိုင်ငံထက် နှစ်ဆဖြစ်လာပြီး မြန်မာငွေတစ်ကျပ်က တစ်ဒေါ်လာနဲ့ညီမျှလာမယ်လို့ လူတွေကို ကျွန်တော်အမြဲပြောလေ့ရှိပါတယ်။ အတိတ်ကာလမှာ ဘာတွေပဲဖြစ်ခဲ့ပါစေ ဘယ်အရာကမှ မြန်မာနိုင်ငံရဲ့တိုးတက်မှုကို တားဆီးနိုင်မှာ မဟုတ်ပါဘူး။ တိုးတက်မှု အမှန်တကယ်ရှိလာပြီး အတိုင်းအတာတစ်ခုအထိ အချိန်ပေးရင် အတိတ်ကာလက ရွှေထီးဆောင်းခဲ့တဲ့အချိန်ကို ပြန်ရောက်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒေသတွင်းပေါင်းစည်းမှုက တကယ့်ကို အချိန်သင့်ဖြစ်နေပြီး အာဆီယံက အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်ပါလိမ့်မယ်။ ■

# မောင်တောမြို့တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**မောင်တော သြဂုတ် ၇**
မောင်တောမြို့ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် သာသနာ့ဗိမာန်တော်ကြီးရှေ့မှ စတင်ထွက်ခွာပြီး မောင်တောမြို့မဈေးကြီးကို တစ်ပတ်ပတ်ကာ သာသနာ့ဗိမာန်တော်ကြီးတွင် ပြန်လည်အဆုံးသတ်ခဲ့သည်။

"ဝါတွင်းကာလ လပြည့်၊ လကွယ်နေ့တိုင်း မြို့နယ်သံဃာ့နာယက ဆရာတော် ငါးပါးအပါအဝင် မြို့ပေါ်ကျောင်းကိုးကျောင်းနဲ့ နယ်ကျောင်းနှစ်ကျောင်း စုစုပေါင်း ၁၁ ကျောင်းမှ ဆရာတော်၊ သံဃာတော် ၇၇ ပါးကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အစဉ်အလာအတိုင်း ကျင်းပတာဖြစ်ပါတယ်"ဟု မောင်တောမြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်သိန်းက ပြောကြားသည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မောင်တောမြို့ပေါ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်နှင့် အခြားလှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

**သတင်း-အေဝမ်းစိုး၊ မျိုးသူဟိန်း**
**ဓာတ်ပုံ-အောင်ကျော်စိန် (ခရိုင် ပြန်/ဆက်)**

# လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၄၀၉ ဦးအနက် H1N1 ပိုးတွေ့လူနာ ၁၅၄ ဦးရှိ သေဆုံးသူ စုစုပေါင်း ၁၆ ဦးရှိပြီဖြစ်

**နေပြည်တော် သြဂုတ် ၇**
ရာသီတုပ်ကွေးရောဂါ သံသယလူနာ ၂၂ ဦးအား သြဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့ မွန်းလွဲ ၂ နာရီအထိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့ လူနာ ရှစ်ဦး တွေ့ရှိခဲ့ကြောင်း၊ ထို့ကြောင့် ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်း လူနာ ၄၀၉ ဦးအနက် H1N1 ပိုးတွေ့လူနာ စုစုပေါင်း ၁၅၄ ဦးရှိခဲ့ပြီး သေဆုံးသူ စုစုပေါင်း ၁၆ ဦးရှိကြောင်း၊ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူများ၏ သေဆုံးမှုနှုန်းမှာ ၃ ဒသမ ၉၁ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယနေ့မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ) တွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၁၉ ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ် ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၄၃ ဦး စုစုပေါင်း ၆၂ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဆေးရုံကြီး ၁၈ ခု၌ ဇူလိုင် ၂၁ ရက်မှ သြဂုတ် ၆ ရက်အထိ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသမှုအခြေအနေကို ဆန်းစစ်လေ့လာခဲ့ရာ အဆိုပါရောဂါဖြင့် ဆေးရုံတက်ကုသမှုခံယူသူ အရေအတွက် ကျဆင်းလာကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း။

အထူးသဖြင့် ရာသီတုပ်ကွေးရောဂါပြင်းထန်စွာ ခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ခံအားနည်းသူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးနည်းလမ်းများကို စနစ်တကျ အထူးသတိပြုလိုက်နာကြရန် လိုအပ်ပါကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(သတင်းစဉ်)**



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော မော်တော်ယာဉ်သုံး ပစ္စည်းများနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် သြဂုတ် ၇**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး သြဂုတ် ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၈ စီး၊ သွင်းကုန် ၅၄၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၆ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၈၈၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၆၁ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉ ဒသမ ၄၉၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် သြဂုတ် ၆ ရက်တွင် သစ်ဆိပ်ပင်-စွပ်ပွန်းကျေးရွာ ရှောင်ကွင်းလမ်း၌ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လှည့်ကင်းဆောင်ရွက်စဉ် ခြောက်ဘီးယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ခြောက်ဘီး UD ခေါင်း Without Engine, Without Frame (1)U၊ ၁၀ ဘီး UD ခေါင်း Without Engine, Without Frame (1) U၊ Gear Box (Recon;) (1) U၊ Instant Rice Vermicelli (1×30×6) (111) Pkgs၊ ကားကြီးရှေ့လေး (Recon;) (2) U၊ ကားကြီးလေအိုး (Recon;)နှစ်စုံ၊ ကားကြီးဂျိုင်း (Recon;) သုံးချောင်း၊ ဆီတိုင်ကီ (Recon;) (1) U၊ ကားကြီးရှေ့တန်း (Recon;) (2) U၊ လေအိတ်အထိုင် (Recon;) (2) U၊ ကားကြီးနောက်ဘော်ဒီအိမ်ဘေးတံခါး (Recon;) သုံးချပ်၊ ကားကြီးရှေ့ဘန်ဘာ (Recon;) (2) U၊ အိတ်ဇော (Recon;) (2) Uနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၈၃ သန်းခန့်) ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မရမ်းကုန်းမြို့နယ်တွင် မူခင်းအသိပညာပေးဟောပြော

**ရန်ကုန် သြဂုတ် ၇**
ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ယနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ မူခင်းပညာပေးပြခန်းမော်တော်ယာဉ်ဖြင့် မူခင်းအသိပညာပေးဟောပြောကြောင်း သိရသည်။



အဆိုပါဟောပြောပွဲသို့ ပြည်သူ ၃၂၀ ခန့် တက်ရောက်ခဲ့ပြီး အဆိုပါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့် တာဝန်ရှိသူများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြပြီး မူခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဝေခဲ့ကြောင်း သိရသည်။

**(ဇာနည်မောင်)**

**✱ ကျောဖုံးမှ**
ကြေညာပြီး တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြသည်။

ဆက်လက်၍ ကျောက်စိမ်း ကျောက်မျက်အတွဲ အမှတ် (၂၂၀၁) မှ (၃၃၀၀) ကိုလည်းကောင်း၊ အတွဲအမှတ် (၃၃၀၁) မှ (၄၄၀၀) ကိုလည်းကောင်း၊ အတွဲအမှတ် (၄၄၀၁) မှ (၅၅၀၀) ကိုလည်းကောင်း၊ အတွဲအမှတ် (၅၅၀၁) မှ (၆၅၆၁) ကိုလည်းကောင်း ဆက်လက်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ယနေ့အထိ ကျောက်စိမ်းအတွဲအမှတ် (၁)မှ အတွဲအမှတ် (၂၂၀၀) ထိ ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ ၁၇၅၁ တွဲ ရောင်းချခဲ့ရကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

သြဂုတ်လ ၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၀) ကော်လံ (၄) စာပိုဒ် (၅) စာကြောင်းရေ (၃) ပါ **ကားအင်ဂျင်ကို မိုင်းအဖြစ်သုံးတာတွေ့ပြီး** (အစား) **ကားပစ္စတင်ကို မိုင်းအဖြစ် သုံးတာတွေ့ပြီး** ဟုလည်းကောင်း၊ စာမျက်နှာ (၁၁) ကော်လံ (၂) စာပိုဒ် (၄) နှင့် (၅) ပါ **body sex** (အစား) **body search** ဟုလည်းကောင်း၊ စာမျက်နှာ (၁၁) ကော်လံ (၃) စာပိုဒ် (၁) စာကြောင်းရေ (၇) ပါ **ဒါပေမဲ့ ကျွန်မတစ်ခု ပြောချင်တာကတော့ ရာဇဝတ်မှုမြောက်တဲ့ အဓမ္မပြုကျင့်မှုမျိုး မရှိပါဘူး** (အစား) **ဒါပေမယ့် ကျွန်မတစ်ခုပြောချင်တာကတော့ Gang Rape တော့ လုံးဝမရှိပါဘူး** ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းအဖွဲ့)**



**မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရဲစုတောင်ရပ်ကွက် အမက(၁၉)၌ သြဂုတ် ၅ ရက်က ထောက်ကြန့်နယ်မြေရဲစခန်းမှူး ရဲအုပ်ကြည်ဝင်း သက်ငယ်မုဒိမ်းမှု မူခင်းကျဆင်းရေးပညာပေး ဟောပြောစဉ်။**
(ကြေးမုံ)



**JICA (ODA) ချေးငွေဖြင့် ပြုပြင်ပေးခဲ့သော မြောက်နဝင်း ရေလှောင်တမံ၊ လက်ယာလက်တံအမှတ် (၅-ခ) မှ ဆည်ရေသောက်ကျေးရွာအုပ်စုသုံးအုပ်စုသို့ မိုးစပါးရေပေးဝေမှုကို ပြည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့်အတူ ကြည့်ရှုစစ်ဆေးစဉ်။**
ကြည်နိုင် (ရွှေတံခါး)

# တောင်တရုတ်ပင်လယ်ပြင်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းမူဘောင် အာဆီယံ – တရုတ် အစည်းအဝေးတွင် အတည်ပြု



**မနီလာ ဩဂုတ် ၇**

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ-တရုတ် အစည်းအဝေးကျင်းပသည့်အခါ အတည်ပြုချမှတ်နိုင်ရန် ရည်ရွယ်လျက် တောင်တရုတ်ပင်လယ်ပြင်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်း မူဘောင်မူကြမ်းကို ဩဂုတ် ၅ ရက်တွင် အတည်ပြု ချမှတ်ခဲ့ကြကြောင်း၊ ဩဂုတ် ၆ ရက်တွင် ကျင်းပခဲ့သော အာဆီယံ-တရုတ် အစည်းအဝေးတွင်လည်း ယင်းကျင့်ဝတ်စည်းမျဉ်းမူဘောင်၏ မူကြမ်းကို အတည်ပြုနိုင်ခဲ့ကြကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့် ၁၅ နှစ်က တောင်တရုတ်ပင်လယ်ပြင်နှင့် သက်ဆိုင်သော ကြေညာချက်တစ်ရပ်ကို တရုတ်နှင့် အာဆီယံတို့ ပူးတွဲထုတ်ပြန်ခဲ့ကြပြီး ယင်းကြေညာချက်၏ နေရာတွင် တောင်တရုတ်ပင်လယ်ပြင်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်း မူဘောင်ကို အစားထိုးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တောင်တရုတ်ပင်လယ်ပြင်အတွင်း ဖွံ့ဖြိုးရေးအတွက် တရုတ်နိုင်ငံက အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ တရုတ်နှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများသည် တောင်တရုတ်ပင်လယ်ပြင်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းမူဘောင်မူကြမ်းကို အတည်ပြုခဲ့ကြကြောင်း ဩဂုတ် ၆ ရက် အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ပြောကြားသည်။ **(အပေါ်ပုံ)**

အရှေ့အာရှ ထိပ်သီးအစည်းအဝေး၏ အဖွဲ့ဝင်နိုင်ငံများ၊ (၂၄)ကြိမ်မြောက် အာဆီယံ လုံခြုံရေးဖိုရမ်၏ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ပြုလုပ်သည့် အစည်းအဝေးများသို့ တက်ရောက်လျက်ရှိကြသည်။ ယင်းအစည်းအဝေးများ၌ မြောက်ကိုရီးယားအရေးနှင့် တောင်တရုတ်ပင်လယ်ပြင်အရေးတို့နှင့် ပတ်သက်၍ အဓိက ဆွေးနွေးကြကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

## တိုရှန်တိုလေဆိပ်တွင် လေယာဉ်နှစ်စင်း တောင်ပံချင်းတိုက်မိ၊ တစ်ဦးဒဏ်ရာရ

**တိုရွန်တို ဩဂုတ် ၇**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့ရှိ ပီယာဆင်နိုင်ငံတကာလေဆိပ်၌ ဩဂုတ် ၅ ရက်ညက လေယာဉ်နှစ်စင်း တောင်ပံချင်းတိုက်မိမှုဖြစ်ပွားရာ လူတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားကြသည်။

ဒိုမီနီကန်မှ ပျံသန်းလာသော ခရီးသည် ၂၈၆ ဦးလိုက်ပါလာသည့် အဲကနေဒါလေကြောင်းခရီးစဉ်အမှတ် အေစီ-၁၇၁၃ လေယာဉ်နှင့် အယ်လ်အိုတီ ပိုးလစ်ရှ်လေကြောင်းလိုင်းခရီးစဉ်အမှတ် အယ်လ်အိုတီအို-၄၆ လေယာဉ်တို့ ဩဂုတ် ၅ ရက် ညတွင် တောင်ပံချင်း တိုက်မိမှုဖြစ်ပွားပြီး လူတစ်ဦးထိခိုက်ဒဏ်ရာရခဲ့သည်။

ခရီးသည်များ နားနေဆောင်အမှတ်-၁ အနီးတွင် ဒေသစံတော်ချိန် ည ၁၀ နာရီ ၁၈ မိနစ်တွင် ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့ကြောင်း တိုရွန်တိုလေဆိပ် တာဝန်ရှိသူများက ပြောကြားသည်။

ပိုလစ်ရှ်အဲလိုင်းမှ ဘိုးရင်း ၇၈၇ အမျိုးအစားခရီးသည်တင်လေယာဉ်သည် ခရီးစဉ်မပျံသန်းမီ ခရီးသည်များအား လေယာဉ်ပေါ်သို့ တင်ဆောင်နေစဉ် ယင်း၏ လေယာဉ်တောင်ပံကို အဲကနေဒါလေကြောင်းလိုင်းမှ ဘိုးရင်း ၇၆၇-၃၀၀ လေယာဉ်၏ တောင်ပံက ဝင်တိုက်မိခြင်းဖြစ်သည်။ အဲကနေဒါလေကြောင်းလိုင်းမှ လေယာဉ်က ပိုလစ်ရှ်လေကြောင်းလိုင်းမှ လေယာဉ်အနီးရှိ လေယာဉ်ရပ်နားရာနေရာသို့ ဝင်ရောက်လာစဉ် မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**

## အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်ခဲ့မှုဖြင့် အိုင်အက်စ်အဖွဲ့ဝင်တစ်ဦးကို ထောင်ဒဏ်နှစ် ၂၀ ပြစ်ဒဏ်ချမှတ်

**ရီယာ့ဒ် ဩဂုတ် ၇**

ဆော်ဒီအာရေဗျ တရားရုံးချုပ်သည် နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် ကြံစည်ခဲ့သည့် အစ္စလာမ္မစ် နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) စစ်သွေးကြွတစ်ဦးကို ထောင်ဒဏ်နှစ် ၂၀ ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာ အလီယာယွမ် အွန်လိုင်းသတင်းဌာနက သတင်းထုတ်ပြန်သည်။

နိုင်ငံခြားသံရုံးများ၊ အစိုးရတာဝန်ရှိသူများနှင့် မြောက်ပိုင်းနယ်စပ်ဒေသရှိ အာရာလေဆိပ်ကို တိုက်ခိုက်ရန် ကြံစည်မှုဖြင့် ၎င်းကို စွဲချက်တင်ကာ စစ်ဆေးခဲ့ပြီးနောက် ပြစ်ဒဏ်စီရင်ချက် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ပြစ်ဒဏ်ချမှတ်ခြင်းခံရသူမှာ ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့ရှိ အိုင်အက်စ်စခန်းများသို့ ရောက်ရှိခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံသို့ ပြန်လာကာ အကြမ်းဖက် တိုက်ခိုက်မှုများပြုလုပ်ရန် ကြံစည်ခဲ့သည်ဆို၏။ **ဆင်ဟွာ။**

# လော့စ်အိန်ဂျလိစ်အနီးရှိ ပင်လယ်ဆိပ်ကမ်း၌ ကုန်တင်သင်္ဘောပေါ် ဓာတုယိုစိမ့်မှုဖြစ်ပွား

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၇**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့အနီးရှိ အဓိကကျသော ပင်လယ်ဆိပ်ကမ်းတစ်ခု၌ ဩဂုတ် ၆ ရက်က ကုန်တင်သင်္ဘောတစ်စင်းပေါ် ဓာတုပစ္စည်း ယိုစိမ့်မှုဖြစ်ပွားရာ သင်္ဘောသား ၁၂ ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးတို့ ထိခိုက်ဒဏ်ရာ ရရှိကြောင်း လောင်းဘိချ် မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

လောင်းဘိချ်ပင်လယ်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ကုန်တင်သင်္ဘောတစ်စင်းပေါ်ရှိ ဂါလန် ၆၀၀၀ ဆံ့ ကုန်သေတ္တာတစ်လုံးအတွင်းမှ ဓာတုပစ္စည်းယိုစိမ့်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မီးသတ်ဌာနက ပြောကြားသည်။

ဩဂုတ် ၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၇ မိနစ်တွင် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ ဒဏ်ရာရရှိသူ သင်္ဘောသား ၁၂ ဦးမှာ ယိုစိမ့်ဓာတုပစ္စည်းများနှင့် ထိတွေ့မိခြင်းကြောင့်ဖြစ်ပြီး မီးသတ်သမားတစ်ဦးမှာ လဲကျရာမှ ဒဏ်ရာရခြင်းဖြစ်ကြောင်း မီးသတ်ဌာန၏ တွစ်တာ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြသည်။

သင်္ဘောသား ၁၁ ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး တစ်ဦးကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။ မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် ကုန်သေတ္တာကို သင်္ဘောပေါ်မှ ဖယ်ရှားခဲ့သည်။ ဓာတုပစ္စည်း ယိုစိမ့်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်ပေါ်စေရန် ယင်းပင်လယ်ဆိပ်ကမ်းတစ်လျှောက် အလျား ကိုက် ၁၅၀ (၁၃၈ မီတာ)ကို ဘေးအန္တရာယ် ကင်းရှင်းရေးဇုန်အဖြစ် သတ်မှတ်ထားသည်။ လောင်းဘိချ်ပင်လယ်ဆိပ်ကမ်းသည် လော့စ်အိန်ဂျလိစ်မြို့လယ်မှ ၂၅ မိုင် (၄၀ ကီလိုမီတာ) အကွာ၌ တည်ရှိပြီး အမေရိကန်ပြည်ထောင်စု၌ ကုန်တင်ကုန်ချ ဒုတိယအများဆုံး ပင်လယ်ဆိပ်ကမ်းတစ်ခု ဖြစ်သည်။ **ဆင်ဟွာ။**





# ဗင်နီဇွဲလားနိုင်ငံရှိ စစ်စခန်းတစ်ခုကို အစိုးရအဖွဲ့အား ဆန့်ကျင်သူတစ်စုက တိုက်ခိုက်

**ကာရာကတ် ဩဂုတ် ၇**

ဗင်နီဇွဲလားနိုင်ငံ မြောက်ပိုင်း ကာရာဘိုဘိုပြည်နယ်ရှိ တပ်စခန်းတစ်ခုကို လူတစ်စုက အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့်ပတ်သက်၍ မိမိတို့ပြစ်တင်ရှုတ်ချကြောင်း ဗင်နီဇွဲလားတပ်မတော်က ဩဂုတ် ၇ ရက်တွင်ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် အရပ်သားများပါဝင်သော အုပ်စုတစ်စုက ဗယ်လင်စီယာမြို့အနီးရှိ စစ်အခြေစိုက်စခန်းတစ်ခုကို ဩဂုတ် ၆ ရက် အရုဏ်မတက်မီအချိန်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အာဏာပိုင်များက ယင်းတိုက်ခိုက်မှုကို နှိမ်နင်းခဲ့ရာ တိုက်ခိုက်လာသူ နှစ်ဦး သေဆုံးခဲ့သည်။

စစ်ယူနီဖောင်းဝတ်ဆင်ထားသူ လူ ၁၂ ဦးထက်မနည်း အမျိုးသားများက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာပြန်လည်သက်ဝင်ရေးအတွက် အစိုးရအဖွဲ့အား ပုန်ကန်ခြင်းဖြစ်သည်ဟု ကြေညာချက်ဖော်ပြထားသော ဗီဒီယိုဖိုင်တစ်ခုကို အင်တာနက်ရှိ လူမှုကွန်ရက်မီဒီယာတွင်လွှင့်တင်သည့် အချိန်နှင့် တစ်ချိန်တည်းတစ်ပြိုင်တည်းတွင် စစ်စခန်းကိုဝင်တိုက်မှုဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ၌ ဖွဲ့စည်းပုံ အခြေခံဥပဒေပြန်လည်ရေးဆွဲနိုင်ရေးအတွက် လွှတ်တော်သစ်တစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီးနောက် စစ်စခန်းတိုက်ခိုက်မှု ပေါ်ပေါက်ခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ၌ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး နိုင်ငံရေးမငြိမ်မသက်မှုကို ထိန်းချုပ်နိုင်ရန် အာဏာပိုင်များကကြိုးပမ်းလျက်ရှိကြသည်။**(အပေါ်ပုံ)**

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအသင်း(အိုပက်)အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သော ဗင်နီဇွဲလားနိုင်ငံ၌ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ လေးလကြာမျှ ဖြစ်ပွားလာခဲ့ရာ လူပေါင်း ၁၂၀ ခန့်သေဆုံးခဲ့ကြရသည်။ သမ္မတနီကိုလပ်စ်မာဒူရိုသည် ဗင်နီဇွဲလားနိုင်ငံအား အာဏာရှင်စနစ် ကျင့်သုံးသော နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် လုပ်ဆောင်နေသည်ဟု အတိုက်အခံများက ပြောကြားကြသည်။

**ရိုက်တာ။**

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀) ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



wuó×'f[efpd;\D

# အာဆီယံ နှစ်(၅၀)ခရီး

ASEAN 50
PHILIPPINES 2017
PARTNERING FOR CHANGE, ENGAGING THE WORLD

**ယခင်အပတ်မှ အဆက်**

**အာဆီယံ–ဂျပန်**

၁၉၇၇ ခုနှစ်ကနေစတင်ပြီး ဂျပန်နိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ ဆွေးနွေးဘက်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ ဆွေးနွေးပွဲတွေမှာ အဓိကအားဖြင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ သာယာဝပြောရေးကိစ္စရပ်တွေကို ဆွေးနွေးကြပါတယ်။ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တိုကျိုမြို့မှာ ကျင်းပပြုလုပ်တဲ့ အာဆီယံ-ဂျပန် နှစ်ပတ်လည်ထိပ်သီးအစည်းအဝေးမှာ ရာစုနှစ်သစ်ကာလအတွင်း အာဆီယံ-ဂျပန်မိတ်ဖက်ဆက်ဆံမှု အရှိန်အဟုန်မြှင့်တင်ရေးနှင့် ရေရှည် တည်တံ့ရေးဆိုင်ရာ တိုကျိုကြေညာချက်ကိုထုတ်ပြန်ကြေညာခဲ့ပါတယ်။ အာဆီယံ-ဂျပန် မိတ်ဖက်ဆက်ဆံမှုနှစ် (၄၀) ပြည့်မြောက်တဲ့ အထိမ်းအမှတ်အဖြစ် ထိပ်သီးအစည်းအဝေးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း တိုကျိုမြို့မှာ ကျင်းပပြုလုပ်ခဲ့ရာမှာ အာဆီယံ-ဂျပန် ခင်မင်ရင်းနှီးသောဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကြေညာချက်နဲ့ ဒေသတွင်းနဲ့ ကမ္ဘာ့စိန်ခေါ်မှုများအား အတူလက်တွဲဖြေရှင်းသွားရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ဂျပန်နိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) ကို ၂၀၀၄ ခုနှစ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။

ဂျပန်နိုင်ငံနဲ့ အာဆီယံနိုင်ငံများအကြား နှစ်ဖက်ကုန်သွယ်မှုတန်ဖိုးဟာ ၂၀၁၅ ခုနှစ်မှာ ၂၃၉ ဒသမ ၄ ဘီလီယံဒေါ်လာရှိတဲ့အတွက် ဂျပန်နိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ ဒုတိယမြောက် အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံဖြစ်ပါတယ်။ အလားတူ ဂျပန်နိုင်ငံရဲ့ အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာ ၁၇ ဒသမ ၄ ဘီလီယံ ရှိတာကြောင့် ဂျပန်နိုင်ငံဟာ အာဆီယံအတွင်းမှာ ဒုတိယမြောက် အကြီးဆုံးရင်းနှီးမြှုပ်နှံတဲ့နိုင်ငံဖြစ်ပြီး အာဆီယံအဖွဲ့ကြီးရရှိတဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှု စုစုပေါင်းရဲ့ ၁၄ ဒသမ ၅ ရာခိုင်နှုန်း ရှိပါတယ်။

**အာဆီယံ–တောင်ကိုရီးယား**

တောင်ကိုရီးယားနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးနဲ့ ကဏ္ဍအလိုက်ဆွေးနွေးမှုတွေကို ၁၉၈၉ ခုနှစ်မှာ စတင်ပြုလုပ်ခဲ့ပြီး ၁၉၉၁ ခုနှစ် ဇူလိုင်လမှာ အာဆီယံအဖွဲ့ကြီးရဲ့ ဆွေးနွေးဘက်နိုင်ငံ အပြည့်အဝ ဖြစ်လာခဲ့ပါတယ်။ နိုင်ငံရေးနဲ့ လုံခြုံရေးကိစ္စရပ်တွေ၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆွေးနွေးပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၇ ခုနှစ်မှာ အာဆီယံနဲ့ တောင်ကိုရီးယားနိုင်ငံတို့အကြား ထိပ်သီးဆွေးနွေးပွဲတွေ စတင်နိုင်ခဲ့တဲ့အတွက် နှစ်ဖက်ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ အရှိန်မြင့်မားလာခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၃) ကြိမ်မြောက် အာဆီယံ-တောင်ကိုရီးယားထိပ်သီးအစည်းအဝေးမှာ အာဆီယံ-တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေးကို မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် တိုးမြှင့်နိုင်ခဲ့ပါတယ်။ အာဆီယံ-တောင်ကိုရီးယား မိတ်ဖက်ဆက်ဆံမှု (၂၅)နှစ်ပြည့်မြောက်တဲ့ အထိမ်းအမှတ်အဖြစ် ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ဘူဆန်မြို့မှာ ကျင်းပပြုလုပ်ခဲ့ရာမှာ အာဆီယံ-တောင်ကိုရီးယား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးဆိုင်ရာ အနာဂတ်မျှော်မှန်းချက် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။ တောင်ကိုရီးယားနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ် (TAC) ကို ၂၀၀၄ ခုနှစ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။

တောင်ကိုရီးယားနိုင်ငံနဲ့ အာဆီယံနိုင်ငံများအကြား နှစ်ဖက်ကုန်သွယ်မှုတန်ဖိုးဟာ ၂၀၁၅ ခုနှစ်မှာ ၁၂၃ ဘီလီယံဒေါ်လာရှိတဲ့အတွက် တောင်ကိုရီးယားနိုင်ငံဟာ အာဆီယံအဖွဲ့ ကြီးရဲ့ ပဉ္စမမြောက် အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံဖြစ်ပါတယ်။ အလားတူ တောင်ကိုရီးယားနိုင်ငံရဲ့ အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံ ရှိတာကြောင့် တောင်ကိုရီးယားနိုင်ငံဟာ အာဆီယံအတွင်းမှာ ပဉ္စမမြောက်အကြီးဆုံးရင်းနှီးမြှုပ်နှံတဲ့နိုင်ငံ ဖြစ်ပါတယ်။

**အာဆီယံ– ရုရှား**

၁၉၉၁ ခုနှစ်မှစတင်ပြီး ရုရှားနိုင်ငံဟာ ကွာလာလမ်ပူမြို့မှာ ပြုလုပ်ခဲ့တဲ့ (၂၄) ကြိမ်မြောက် အာဆီယံဝန်ကြီးများအဆင့်အစည်းအဝေးမှာ အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံအဖြစ် စတင်ပါဝင်လာခဲ့ပြီး ၁၉၉၆ ခုနှစ် ဇူလိုင်လမှာ အာဆီယံအဖွဲ့ကြီးရဲ့ ဆွေးနွေးဘက်နိုင်ငံ အပြည့်အဝ ဖြစ်လာခဲ့ပါတယ်။ အာဆီယံအဖွဲ့ကြီးနဲ့ ရုရှားနိုင်ငံအကြားမှာ နိုင်ငံရေးနဲ့ လုံခြုံရေးဆိုင်ရာ ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။



14-¦udjrmuftmqD;Ht EÜ; xyfbD;Dpnf;ta0;tm;2016 ckESpfuwifbmvtwif; vmtEdkifiHaejynfawmfwifusif;yjyvkyfcbnf

➤ အာဆီယံအဖွဲ့ကြီးနဲ့ ရုရှားနိုင်ငံအကြား နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်သွားရန် ဖော်ပြခဲ့ . . .

➤ ၂၀၁၆ ခုနှစ်၊ မေလအတွင်း ဆိုချီမြို့မှာ ကျင်းပပြုလုပ်ခဲ့ရာမှာ အာဆီယံနဲ့ ရုရှားနိုင်ငံအကြား ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှု အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ဆိုချီကြေညာချက်ကို ထုတ်ပြန်ခဲ့ . . .

၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှာ အာဆီယံ-ရုရှားပထမဆုံးထိပ်သီးအစည်းအဝေးကို စတင်နိုင်ခဲ့ပြီး အာဆီယံ-ရုရှားဘက်စုံမိတ်ဖက်ဆက်ဆံရေး တည်ထောင်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ပူးတွဲကြေညာချက်အရ အာဆီယံအဖွဲ့ကြီးနဲ့ ရုရှားနိုင်ငံအကြား နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်သွားရန် ဖော်ပြခဲ့ပါတယ်။ ပူးတွဲကြေညာချက်မှာပါဝင်တဲ့ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်တစ်ရပ်ကိုလည်း အတည်ပြုခဲ့ပါတယ်။ အာဆီယံ-ရုရှား မိတ်ဖက်ဆက်ဆံမှု နှစ် (၂၀) ပြည့်မြောက်တဲ့ အထိမ်းအမှတ်အဖြစ် ထိပ်သီးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ မေလအတွင်း ဆိုချီမြို့မှာ ကျင်းပပြုလုပ်ခဲ့ရာမှာ အာဆီယံနဲ့ ရုရှားနိုင်ငံအကြား ဆက်ဆံရေးနဲ့ပူးပေါင်းဆောင်ရွက်မှု အနာဂတ်မျှော်မှန်းချက်ဆိုင်ရာ ဆိုချီကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ရုရှားနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) ကို ၂၀၀၄ ခုနှစ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။

ရုရှားနိုင်ငံနဲ့ အာဆီယံနိုင်ငံများအကြား နှစ်ဖက်ကုန်သွယ်မှုတန်ဖိုးဟာ ၂၀၁၅ ခုနှစ်မှာ ၁၃ ဒသမ ၄ ဘီလီယံဒေါ်လာရှိပါတယ်။ အလားတူ ရုရှားနိုင်ငံရဲ့ အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာ ၂၈ ဒသမ ၉ သန်းရှိပါတယ်။

**အာဆီယံ–အိန္ဒိယ**

အိန္ဒိယနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးနဲ့ ကဏ္ဍအလိုက်ဆွေးနွေးမှုတွေကို ၁၉၉၂ ခုနှစ်မှာ စတင်ပြုလုပ်ခဲ့ပြီး ၁၉၉၅ ခုနှစ် ဒီဇင်ဘာလမှာ အာဆီယံအဖွဲ့ကြီးရဲ့ ဆွေးနွေးဘက်နိုင်ငံ အပြည့်အဝ ဖြစ်လာခဲ့ပါတယ်။ အာဆီယံ-အိန္ဒိယ ပထမအကြိမ်ထိပ်သီးအစည်းအဝေးကို ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့မှာ ပြုလုပ်ခဲ့ပြီးနောက်ပိုင်း အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးတွေကို နှစ်စဉ်ပြုလုပ်နိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၃) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးမှာ အာဆီယံခေါင်းဆောင်တွေဟာ အိန္ဒိယနိုင်ငံရဲ့ အရှေ့မျှော်ဝါဒ (Look East Policy) နဲ့ အိန္ဒိယနိုင်ငံတွင်ထုတ်လုပ်သည် (Make in India) ဆိုတဲ့ အစီအစဉ်တွေကို ကြိုဆိုကြောင်းနဲ့ အဲဒီအစီအစဉ်တွေဟာ အာဆီယံအဖွဲ့ကြီးရဲ့ အသိုက်အဝန်း တည်ထောင်ရေးကြိုးပမ်းအားထုတ်မှုနဲ့ လိုက်လျောညီထွေမှုရှိကြောင်း ပြောကြားခဲ့ကြပါတယ်။

စာမျက်နှာ ၂၁ သို့



17-¦udjrmuftmqD;Hyefyb D;Dpnf;ta0;tm;2014ckESpfEdk0ifbmvtwif;refrmEdkifiHaejynfawmfwif uifycbnf

# အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာညီလာခံ မန္တလေးမြို့တွင်ကျင်းပ ကမ္ဘာ့နိုင်ငံများရှိဗုဒ္ဓဘာသာအဖွဲ့များတက်ရောက်စာတမ်းများဖတ်ကြားဆွေးနွေး



**မန္တလေး ဩဂုတ် ၇**
အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာညီလာခံကို ဩဂုတ် ၆ ရက် နံနက် ၈ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈ လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြားရှိဟိုတယ် (မန္တလေး)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ဓမ္မဧရဒေါက်တာ အရှင်ကုမာရမှ ညီလာခံဖယောင်းတိုင်ထွန်းညှိ ပူဇော်၍ အခမ်းအနားဖွင့်လှစ်ပေးပြီး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသကအဖွင့်ဩဝါဒကထာမြွက်ကြားသည်။ ထို့နောက် ညီလာခံဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူးဒေါက်တာခင်မောင်ကြည် (ဓမ္မဒီပ)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်က Dr.Tavivat အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဆရာတော်ကြီးများ၊ ကမ္ဘာ့နိုင်ငံများမှ ဗုဒ္ဓဘာသာအဖွဲ့များ၊ တိုင်းဒေသကြီးဝန်ကြီးနှင့်သာသနာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက ညီလာခံအမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍နံနက် ၉ နာရီတွင် တက်ရောက်လာသော ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ မလေးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ဘူတန်၊ ဩစတြေးလျ၊ အမေရိကန်၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနိုင်ငံများမှဆရာတော်များ၊ ဗုဒ္ဓဘာသာအဖွဲ့အစည်းများက ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးဆိုင်ရာ စာတမ်းများဖတ်ကြားဆွေးနွေးကြကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ (သုဓမ္မာ) ဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်ကြီးနှင့် မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်များ၊ ကမ္ဘာ့နိုင်ငံများမှ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဦးမြင့်သူနှင့် တိုင်းဒေသကြီးသာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ ဘာသာရေးအဖွဲ့များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ **သီဟကိုကို(မန္တလေး)**

## ခင်ဦးမြို့ပေါ်ရှိဆေးဆိုင် ခုနစ်ဆိုင်အားသတ်မှတ်ချက်နှင့် အညီရောင်းချခြင်းရှိ၊မရှိစစ်ဆေး

**ခင်ဦး ဩဂုတ် ၇**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ပေါ်ရှိ ဆေးဆိုင် ခုနစ်ဆိုင်အား သတ်မှတ်ချက်နှင့်အညီ ရောင်းချခြင်း ရှိ-မရှိကို မြို့နယ်အစားအစာနှင့် ဆေးဝါးကြီးကြပ်မှု ကော်မတီက ဩဂုတ် ၇ ရက်က စစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် ဆေးဆိုင်များအား မှတ်ပုံတင်ထားခြင်းရှိ၊ မရှိ၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ ရောင်းချခြင်း ရှိမရှိနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းရှိ၊ မရှိတို့ကိုစစ်ဆေးခဲ့ပြီး ဆေးဆိုင်များကို စပ်ဆေးများရောင်းချခြင်းမရှိစေရေး၊ တိရစ္ဆာန်ဆေးဝါးများ၊ ပိုးသတ်ဆေးဝါးများနှင့်အတူ ရောင်းချခြင်း မပြုလုပ်ကြရန်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**



## ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးပညာပေး

**အောင်လံ ဩဂုတ် ၇**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေးကြီးအတွင်းရှိ အများပြည်သူစားသုံးရန်ရောင်းချသည့် ကြက်သား နှင့်ကြက်ဥအရောင်းဆိုင်များတွင် တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်သယ်ယူရောင်းချမှုများအားစစ်ဆေးခြင်း၊ အသိပညာပေးဟောပြော ခြင်းလုပ်ငန်းများကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ကြရာတွင် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ကုသရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကန်ကြီးရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဈေးကော်မတီဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဈေးအတွင်း လှည့်လည်စစ်ဆေးပြီး မြို့နယ်တိမွေးကုဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာနွယ်နွယ်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြက်သားကြက်ဥများကို စနစ်တကျထားရှိကာရောင်းချရန်နှင့် စားသုံးသူများမှလည်း ကျက်အောင်ချက်၍စားသုံးကြရန်၊ သက်ဆိုင်ရာထောက်ခံချက်မပါရှိသော ကြက်သားကြက်ဥများကိုမရောင်းချကြရန် စစ်ဆေးခြင်းနှင့် ပညာပေးဟောပြောခြင်းလုပ်ငန်းများကို ဆောင် ရွက်ခဲ့ကြကြောင်းသိရသည်။ **သိန်းလွင်(အောင်လံ)**

## စဥ့်ကိုင်မြို့နယ်အတွင်း A(H1N1)pdm09ရောဂါကြိုတင်တားဆီးကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများအခမဲ့ဖြန့်ဝေ

**စဥ့်ကိုင် ဩဂုတ် ၇**
ယနေ့အချိန်တွင်A(H1N1)pdm09ရာသီ တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍အမျိုးမျိုးထွက်ပေါ်လျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဩဂုတ် ၅ ရက် နံနက် ၇ နာရီမှစတင်၍ စဥ့်ကိုင်မြို့နယ်နှင့် ပလိပ်မြို့အတွင်းတွင် စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရာသီတုပ်ကွေးကာကွယ်ရေးလုပ်ငန်းများကို စဥ့်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူးဦးမင်းဆွေ၊ ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်ကုသရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က အဖွဲ့များအသီးသီးခွဲ၍ လူစည်ကားရာနေရာများ ဖြစ်သော ဗိုလ်တေဇလမ်း၊ရန်ကုန်-မန္တလေး လမ်းမကြီးဆုံရာနေရာများ၊ ကားဂိတ်များ၊ လမ်းဆုံ လမ်းခွများ၊ အထက၊ အလက၊ အမက ကျောင်းများ၊ ပလိပ်မြွေဘုရားပွဲခင်းအတွင်း အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ဗီနိုင်းပိုစတာကပ်ခြင်းနှင့် နှာခေါင်းစည်းများ လက်ဝယ်အရောက်ဖြန့်ဝေပေးခဲ့သည်။

စဥ့်ကိုင်မြို့နယ်အတွင်း A(H1N1)pdm09 ရာသီတုပ်ကွေးရောဂါဖြစ်သူ တစ်ဦးတစ်ယောက်မှမရှိကြောင်း၊ ရိုးရိုးသာမန်ဖျားနာ လူနာများသာရှိကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှလည်း အချိန်ပြည့် အထူးကြပ်မတ်ကုသပေးလျက်ရှိကြောင်း မြို့နယ်ဆရာဝန်ကြီးထံမှ သိရသည်။ **ဝင်းဝင်းသန်း**



## တပ်ကုန်းမြို့၌မိုးစပါး ၄၆၄၄၅ဧကလျာထားစိုက်ပျိုး

**တပ်ကုန်း ဩဂုတ် ၇**
နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း ၂၀၁၇ ခုနှစ် မိုးစပါး ၄၆၄၄၅ ဧကလျာထားပြီး စိုက်ပျိုးရေအဖြစ် ဆင်သေ၊ ကင်းသာ၊ မုန်၊ ပွဲစား၊ ညောင်ကိုင်း၊ ပိတောက်ကုန်းစသည် အစိုးရဆည်၊ ကန်များနှင့်ပုဂ္ဂလိကဆည်များ၊ မိုးရေများဖြင့် မိုးစပါးများစိုက်ပျိုးမည်ဖြစ်ရာ မနောသုခ၊ ပုလဲသွယ်၊ ဆင်းသုခ စပါးမျိုးများနှင့်အခြားစပါးမျိုးများ စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**

# စိတ်ဝင်စားဖွယ်မြန်မာ့ကျောက်စိမ်းအနုလက်ရာများကိုပြည်တွင်းတွင်အသုံးပြုမှုများလာ

**မန္တလေး ဩဂုတ် ၇**
မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံတကာခရီးသွားဧည့်သည်များလက်တွင် အမြတ်တနိုး ဝယ်ယူဆင်မြန်းလာသောလက်ဝတ်ရတနာ အနုလက်ရာများကိုတွေ့နိုင်သည်။ ထိုလက်ဝတ်ရတနာမှာ ကျောက်စိမ်း အနုလက်ရာလက်မှုအထည်များပင်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်သမိုင်းဝင်နေရာများတွင် ကျောက်စိမ်းလက်ဝတ်အထည်များကိုရောင်းချလေ့ရှိသည်။

ကျောက်စိမ်းလက်ဝတ်ရတနာအထည်များမှာလှပပြီးစွဲဆောင်မှုရှိလှသည်။ လက်ရှိကာလတွင်ကျောက်စိမ်းအနုလက်ရာများကို ပြည်တွင်းတွင်လည်း လှိုင်လှိုင်အသုံးပြုလာကြသည်။ အထူးသဖြင့် ငွေကျပ် ၁၂၀၀၀၀ တန်ကျောက်စိမ်းရေနွေးကရားအိုးကလေးများကို ဝယ်ယူအသုံးပြုမှုများလာကြောင်းသိရသည်။

ကျောက်စိမ်းအနုလက်ရာများတွင်အထည်ကျောက်၊ အသားကျောက်ဖြင့် ပြုလုပ်ထားသော တန်ဖိုးသင့်ကျောက်စိမ်းအနုလက်ရာပစ္စည်းများကို သမိုင်းဝင်နေရာများစွာတွင်ခင်းကျင်းရောင်းချကြသည်။ အမှတ်တရလက်ဆောင်အဖြစ် တစ်ပိုင်တစ်နိုင်ဝယ်ယူကာ နိုင်ငံတကာခရီးသွားဧည့်သည်များကိုရောင်းချသည်များလည်းရှိသည်။

ကျောက်စိမ်းလက်ကောက်ပုတီးဆွဲကြိုးမှအစမြန်မာ့မှုပန်းပုလက်ရာများဖြင့် ခြယ်မှုန်းတန်ဆာဆင်ထားသော ပန်းပုရုပ်တုငယ်များစွာကို အစီအရီပြုလုပ်ရောင်းချကြသည်။ တန်ဖိုးသင့်သော အထည်များဖြစ်ပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အများဆုံးဝယ်ယူသည့်ပစ္စည်းပင်ဖြစ်သည်။

ပြည်တွင်းဘုရားဖူးများအတွက် ကျောက်စိမ်းဘုရားရုပ်တုငယ်များ၊ ကျောက်စိမ်းရေနွေးကရားအိုးများမှအစ ကျောက်စိမ်းပုတီးတို့ကို အဓိကထား ပြုလုပ်ကြသည်။ ပြည်ပခရီးသွားများအတွက်မူ ကျောက်စိမ်းလက်ကောက်၊ ကျောက်စိမ်းပုတီးကလေးများနှင့် လှပသောပန်းပုရုပ်တုများအဖြစ် ဖန်တီးရောင်းချကြသည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များမှာ ကျောက်စိမ်းဖြင့်ပြုလုပ်သော အနုလက်ရာများစွာကို နှစ်သက်သဘောကျဝယ်ယူကြကြောင်းသိရသည်။

ကျောက်စိမ်းတွင်းထွက်ကို အမေရိကန်ပြည်ထောင်စု၊ ဂွါတီမာလာနှင့် မြန်မာနိုင်ငံတို့တွင်သာ တွေ့ရှိရသည်ဟု လေ့လာသိရှိရသည်။ ကျောက်စိမ်းအရောင်များကိုအဖြူ၊ အစိမ်း၊ ခရမ်း၊ အနက်၊ အဝါနှင့်အနီရောင်တို့အဖြစ်တွေ့ရှိရသည်။ ထိုအရောင်မျိုးစုံထဲတွင် ကျောက်စိမ်းခေါ် အစိမ်းရောင်ကျောက်သည်တော်ဝင်ကာတန်ဖိုးမြင့်မားသည်။ ကျောက်စိမ်း၏ သင်္ကေတကိုကြီးပွားတိုးတက်ခြင်း၊ အေးချမ်းခြင်းရှိသည်ဟုသတ်မှတ်ထားသည်။

ကျောက်စိမ်းကို အရည်အသွေးအလိုက်အဆင့်သုံးဆင့်သတ်မှတ်ထားသည်။ ထိုအရည်အသွေးများမှာအရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်အဖြစ် သတ်မှတ်ထားသည်။ ထိုအထဲတွင် အရည်ကျောက်မှာတန်ဖိုးအကြီးဆုံးဖြစ်သည်။ အထည်ကျောက်ကိုလက်ဝတ်ရတနာပြုလုပ်သုံးစွဲပြီး အသားကျောက်ကိုအသုံးအဆောင်ရုပ်တုများအဖြစ် ပြုလုပ်အသုံးပြုကြောင်းသိရသည်။ လက်ရှိကာလတွင် ကျောက်စိမ်းရေနွေးကရားအိုးများကို ပြည်တွင်းတွင်အသုံးပြုမှုများလာကြောင်းသိရသည်။ **နွေနဒီ(မြစ်ငယ်)**



## ပင်းတယမြို့၌ ဆေးလိပ်ငွေ့ကင်းစင် ရွှေဥမင်တစ်ခွင် ကြေညာသတ်မှတ်

**တောင်ကြီး ဩဂုတ် ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်မှု၊ South East Asia Tobacco Control Alliance (SEATCA) အဖွဲ့၏ နည်းပညာနှင့် ငွေကြေးပံ့ပိုးမှု၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၏ ကူညီမှု၊ စေတနာ့လုပ်အားရှင်များ အားလုံး၏ ဝိုင်းဝန်းကြိုးပမ်းမှုဖြင့် ဆေးလိပ်ငွေ့ ကင်းစင်သည့်နေရာ (Smoke Free Area) အဖြစ် သတ်မှတ်ကြေညာမည်ဖြစ်သဖြင့် ဆေးလိပ်ငွေ့ကင်းစင် ရွှေဥမင်တစ်ခွင် ကြေညာခြင်း အထိမ်းအမှတ် အခမ်းအနားကို ရှမ်းပြည်နယ်(တောင်ကြီးဒေသ)၊ ပင်းတယမြို့နယ် ရွှေဥမင်လိုဏ်ဂူဘုရား၌ ဩဂုတ် ၆ ရက်က ကျင်းပခဲ့သည်။

ဆေးလိပ်ငွေ့ကင်းစင် ရွှေဥမင်တစ်ခွင် ကြေညာဆိုင်းဘုတ်ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာကြူ၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားဂေါပကဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ပင်းတယ ပရဟိတကွန်ရက်အဖွဲ့ခေါင်းဆောင် မြို့နယ်ဆရာဝန်ကြီးဒေါက်တာသန်းမင်းထွဋ်တို့က ဆေးလိပ်ငွေ့ကင်းစင် ရွှေဥမင်တစ်ခွင် ကြေညာဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များက အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အားအမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အများပြည်သူများအား သူတစ်ပါး သောက်သုံးလျက်ရှိသည့် ဆေးလိပ်ငွေ့ (Second Hand Smoke) ရှူရှိုက်ရခြင်းမှ ကာကွယ်ရန်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်၊ ပြဋ္ဌာန်းထားသော ဥပဒေပါအချက်များအတိုင်း လိုက်နာနေထိုင်တတ်စေရန်၊ ဆေးလိပ်ငွေ့ကင်းစင်သည့် သန့်ရှင်းသောလေကို ရှူရှိုက်နိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး ဆေးလိပ်ငွေ့ကင်းစင်တဲ့နေရာအဖြစ် သတ်မှတ်ကြေညာနိုင်သည့်အတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် များစွာဂုဏ်ယူမိပါကြောင်းနှင့် ရေရှည်တည်တံ့စေရန် ဒေသဦးစီးအဖွဲ့၊ ပင်းတယပြည်သူလူထုတို့ ပူးပေါင်း၍ ဆက်လက်ထိန်းသိမ်းသွားရန် အရေးကြီးကြောင်း အဖွင့်အမှာစကားပြောတွင် ပြောကြားပေးခဲ့သည်။

ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ဆေးလိပ်ငွေ့ကင်းစင်သည့်အခြေအနေကို ဆက်လက်ထိန်းသိမ်းကြရန်မှာ ဓနုမြေမှာ မှီတင်းနေထိုင်သူများအားလုံးမှာ တာဝန်ကိုယ်စီရှိကြောင်း။ ရရှိထားသည့် အခြေအနေကောင်းကို ဆက်လက်ထိန်းသိမ်းထားရန်လိုအပ်ပြီး ဓနုဒေသအတွင်း ဆေးလိပ်ငွေ့ကင်းစင်သည့် နေရာများ ထပ်မံပေါ်ထွက်လာနိုင်ဖို့ ဝိုင်းဝန်းကြိုးပမ်း သွားကြပါစို့ဟု ကျေးဇူးတင်စကား ပြန်လည်ပြောကြားပေးခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရွှန်တစ်လုံ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာကြူ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဂေါပကဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ပင်းတယပရဟိတကွန်ရက်အဖွဲ့ခေါင်းဆောင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းမင်းထွဋ်၊ လူမှုရေးအသင်းများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# စစ်တောင်းမြစ်ဝဒေသ သဃံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ကော်မတီအစည်းအဝေး ကျင်းပ

**ပဲခူး ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး စစ်တောင်းမြစ်ဝဒေသ သဃံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ အစည်းအဝေးကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးအတွင်းရှိစစ်တောင်းမြစ်ဝှမ်းဒေသအား ခေတ်အဆက်ဆက် ထိန်းချုပ်နိုင်မှု အားနည်းခဲ့ကြောင်း၊ စစ်တောင်းမြစ်သည် မြန်မာနိုင်ငံ၏ အထင်ကရမြစ်များတွင် တစ်စင်းအပါအဝင်ဖြစ်ပြီး စုစုပေါင်း ၄၂၈ ကီလိုမီတာခန့်ရှည်လျားပြီး မြန်မာနိုင်ငံအလယ်ပိုင်းမှ မြစ်ဖျားခံကာ အရှေ့ဘက်မှ ပေါင်းလောင်းချောင်း၊ သောက်ရေခပ်ချောင်း၊ ကျောက်ကြီးချောင်းနှင့် ရွှေကျင်ချောင်း၊ နောက်ဘက်မှ ဆင်သေချောင်း၊ ရုံးပင်ချောင်း၊ ဆွာချောင်း၊ ခပေါင်းချောင်း၊ ဖြူးချောင်း၊ ကွင်းချောင်း၊ ရဲနွယ်ချောင်း၊ ဘိုင်းနားချောင်းနှင့် ကောလိယချောင်းတို့ ပေါင်းစုံပြီး မုတ္တမပင်လယ်ကွေ့အတွင်းသို့ စီးဝင်သွားကြောင်း၊ စစ်တောင်းမြစ်သည် မြစ်ခွဲများအဖြစ် ပြန်လည်ဖြာထွက်စီးဆင်းမှုမရှိခြင်း၊ မြစ်ဝ၌ ခေါင်းလောင်းပုံသဏ္ဌာန်ရှိခြင်း၊ ရေချိုစီးဆင်းမှု မြန်ဆန်ခြင်း၊ ဒီရေတက်သည့် ဒဏ်ကိုခံရခြင်းတို့ကြောင့် ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်တို့တွင် ကမ်းပါးပြိုမှုဒဏ်ကို ခံစားနေရ၍ ပြဿနာတွေကို ဖြေလျှော့ပေးနိုင်ရန်အတွက် စစ်တောင်းမြစ်ဝဒေသ သဃံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီကို ဖွဲ့စည်းထားခြင်းဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာဆပ်ကော်မတီကိုလည်း ထပ်မံဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ထို့နောက် ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက စစ်တောင်းမြစ် ကမ်းပါးပြိုမှုနှင့်ပတ်သက်ပြီး မိမိတို့အစိုးရအဖွဲ့၊ နိုင်ငံတကာပညာရှင်များနှင့် NGO အဖွဲ့များ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကမ်းပါးပြိုကျမှုအား ထိန်းသိမ်းနိုင်ရန်အတွက် ရေတားနံရံများ တည်ဆောက်ခြင်း၊ ဒီရေတောများ စိုက်ပျိုးခြင်းတို့ကို အပိုင်းလိုက် ဆောင်ရွက်သွားရန်နှင့် လိုအပ်ပါက ရေတာတမံ အကြီးစားတစ်ခု ပြုလုပ်ခြင်းကိုလည်း ဆောင်ရွက်သွားနိုင်ရန် လေ့လာဆန်းစစ်မှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ ယင်းသို့ပြုလုပ်ခြင်းအားဖြင့် ရေချိုထိန်းသိမ်းနိုင်သလို ပင်လယ် ဒီရေဝင်ရောက်မှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

အဆိုပါအစည်းအဝေးကို စစ်တောင်းမြစ်ဝဒေသရှိ ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရန်အတွက် လက်ရှိသဘာဝ နယ်မြေသစ်များ ထပ်မံဖွဲ့စည်းထိန်းသိမ်းခြင်း၊ သဘာဝသယံဇာတဂေဟစနစ်များ ထိန်းသိမ်းကာကွယ်သွားရန်နှင့် စစ်တောင်းမြစ်ဝ ရေကြီးမှုနှင့် ကမ်းပါးပြိုမှုများ ကာကွယ်နိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) အရဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများလောင်းလှူ

**မြစ်ကြီးနား ဩဂုတ် ၇**

ကချင်ပြည်နယ် သာသနာ့နုဂ္ဂဟအသင်းကြီးနှင့် ဝိသာခါ ဆွမ်းလောင်းအသင်းတို့ကြီးမှူး၍ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ဝါတွင်းကာလလပြည့်၊ လကွယ်နေ့တို့တွင် အရဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့အား ဗုဒ္ဓဘာသာဝင် စေတနာရှင် ပြည်သူများက လောင်းလှူပူဇော်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် ကျရောက်သည့် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) က အရဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့အား လောင်းလှူပူဇော်ပွဲကို နံနက် ၅ နာရီက မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက် သာသနာ့ဗိမာန်တော်ကြီးရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ အရဏ်ဆွမ်းလောင်းလှူပွဲသို့ ကချင်ပြည်နယ် သာသနာ့နုဂ္ဂဟအသင်းကြီး ဥက္ကဋ္ဌ ဦးညွန့်ရွှေနှင့် အလှူရှင်များ၊ ဝိသာခါ ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးအောင်စိုးမင်းနှင့် စေတနာရှင်ပြည်သူများ၊ မြို့ပေါ်ရပ်ကွက်အသီးသီးမှ အလှူရှင်များ အင်အား ၃၀၀ ကျော်က မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်တိုက် ၁၆ ကျောင်းမှ ဆရာတော်ကြီးများနှင့် စာသင်သားသံဃာတော် ၅၀၀ ကျော်အား အရဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုအား လောင်းလှူပူဇော်ခဲ့ကြပြီး ယခုကဲ့သို့ စုပေါင်း အရဏ်ဆွမ်းလောင်းလှူပွဲအား နှစ်စဉ် ဝါတွင်းကာလတွင် ကျင်းပခဲ့ရာ ငါးနှစ်ရှိပြီဖြစ်ကြောင်း ကချင်ပြည်နယ် သာသနာ့နုဂ္ဂဟ အသင်းကြီးဥက္ကဋ္ဌ ဦးညွန့်ရွှေထံမှ သိရသည်။

**ဦးလေးကြီး**

# စစ်ကိုင်း ငါးလုပ်ငန်းသင်တန်းကျောင်းတွင် Applied Computer သင်တန်းဖွင့်

**စစ်ကိုင်း ဩဂုတ် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းသင်တန်းကျောင်း (အထက်မြန်မာပြည်) စစ်ကိုင်းတွင် Applied Computer Course သင်တန်းအမှတ်စဉ်(၂/ ၂၀၁၇) ဖွင့်ပွဲကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက ငါးလုပ်ငန်းသင်တန်းကျောင်း (စစ်ကိုင်း)၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ညီတိုးက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကို ပြောကြားရာ ရုံးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်စေရန် ရုံးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်စေရန် ကွန်ပျူတာ အင်တာနက်များ ကျွမ်းကျင်စွာအသုံးပြုနိုင်စေရန်အတွက် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းက ပို့ချပေးမည့်ပညာရပ်များကို ဂရုတစိုက်လေ့လာမှတ်သား သင်ယူသွားကြစေလိုကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီး၊ ပြည်နယ်များမှ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်း သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလကို ရက်သတ္တ နှစ်ပတ်ကြာ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင် (ခရိုင် ပြန်/ဆက်)**



## အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် အခြေခံစက်ချုပ်သင်တန်း ဖားဆောင်းမြို့၌ဖွင့်

**ဖားဆောင်း ဩဂုတ် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဖားဆောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့ လိုခါးလိုကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဘော်လခဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျှော့ချရန် တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်ဆွေမှ ထပ်ဆင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးမှ ဖြည့်စွက်အမှာစကားပြောကြားကာ တစ်လသင်တန်းဖြစ်ပြီး တက်ရောက်သူ ၂၀ ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အင်တာနက်၏ အခန်းကဏ္ဍ

မယု(စက်မှု)

ယနေ့ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် ကဏ္ဍပေါင်းစုံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် ဦးတည် ကြိုးပမ်းပုံဖော်လျက်ရှိပါသည်။ မျက်မှောက်ခေတ်တွင် နည်းပညာရပ်ဝန်းသည် ကျယ်ပြန့်စွာဖြင့် အံ့မခန်း တိုးတက်လျက်ရှိရာ စတုတ္ထစီးပွားရေးလှိုင်း (Fourth Industrial Revolution) အဖြစ် ဒီဂျစ်တယ် စီးပွားရေးကဏ္ဍဖြင့် တိုင်းပြည်၏ ဝင်ငွေကို မြှင့်တင်ရန် Industry 4.0 အဖြစ် သတ်မှတ်ကာ ဆောင်ရွက်လျက်ရှိရာတွင် သတင်းအချက်အလက်နှင့် နည်းပညာ၏ အခန်းကဏ္ဍသည် ဦးစားပေးနယ်ပယ် ရပ်ဝန်းတစ်ခုအဖြစ် ရပ်တည်နေပေသည်။ သတင်းအချက်အလက်နှင့် နည်းပညာ၏ ဖခင်ကြီးဖြစ်သည့် အင်တာနက်သည် ယနေ့ပြည်သူတို့၏ လူမှုစီးပွားဘဝနယ်ပယ်အသီးသီးတွင် နေရာယူလျက်ရှိပါသည်။ သို့ပါ၍ အင်တာနက်၏ ကောင်းကျိုးအဖြာဖြာ အခွင့်အလမ်းများကို ပီပြင်စွာ အသုံးချပြီး နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်သွားရမည်ဖြစ်သည်။

'အင်တာနက်' ဆိုသည့် ဝေါဟာရသည် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် အစပြုခဲ့ပြီး အဓိပ္ပာယ်မှာ ကမ္ဘာလုံးဆိုင်ရာ အချက်အလက်များ၏ ဆက်သွယ်မှုစနစ်တစ်ခုပင်ဖြစ်သည်။ နည်းပညာစကားဖြင့် ဆိုရလျှင် Herlem Internet Protocol Suite (TCP/IP) ကို အသုံးပြု၍ သန်းထောင်နှင့်ချီသော ကမ္ဘာအနှံ့သုံးစွဲသူများအား ဝန်ဆောင်မှုပေးနေသည့် သန်းပေါင်းများစွာသော ပုဂ္ဂလိက၊ အများပြည်သူ၊ ပညာရေး၊ စီးပွားရေးနှင့် အစိုးရပိုင်းဆိုင်ရာ ကွန်ရက်များပါဝင်သည့် ကွန်ရက်တစ်ခုဖြစ်ပါသည်။ အင်တာနက်မှ တစ်ဆင့် အမျိုးအစားများပြားလှစွာသော သတင်းအချက်အလက် အရင်းအမြစ်များနှင့် ဝန်ဆောင်မှုပေါင်း များစွာတို့ကိုပေးစွမ်းနိုင်သည့် စနစ်တစ်ခုဖြစ်ပါသည်။ ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ နှစ်ဘီလီယံကျော်သည် အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်ပြီးဖြစ်သည်။

ဥပမာအနေဖြင့် မိုက်ခရိုဆော့(ဖ်)၏ Internet Explorer၊ Mozilla Firefox၊ Opera၊ Apple ၏ Safari နှင့် Google Chrome ကဲ့သို့သော hyperlink များမှတစ်ဆင့် ဝက်(ဘ်)စာမျက်နှာ တစ်ခုမှတစ်ခုသို့ အသုံးပြုသူများအား လမ်းကြောင်းပြ ပေးနိုင်သော Browser များမှ Google နှင့် Yahoo ရှာဖွေရေးအင်ဂျင်များကို အသုံးပြုကာ အမျိုးအစား စုံလင်လှသော အွန်လိုင်းသတင်းအချက်အလက်များကို လွယ်လွယ်ကူကူနှင့် ချက်ချင်းဆိုသလို ဝင်ရောက်ကြည့်ရှုရှာဖွေနိုင်မည်ဖြစ်ပြီး ကဏ္ဍပေါင်းစုံဖွံ့ဖြိုးမှုအတွက် အသုံးချနိုင်မည်ဖြစ်သည်။ ထို့အပြင် အင်တာနက်၏ ဝန်ဆောင်မှုများအနေဖြင့် လူထုဆက်သွယ်ရေး လုပ်ငန်းများဖြစ်သည့် အီးမေး(e-mail)၊ အမြန်သတင်းပို့ဆက်သွယ်ခြင်း (Instant Messaging)၊ အင်တာနက်စုပေါင်းဆွေးနွေးခန်းများ (Internet Forums) နှင့် လူမှုရေးကွန်ရက်များ (Social Networking) များတို့မှ တစ်ဆင့် လူအချင်းချင်း အပြန်အလှန် ဆက်သွယ်ရာတွင် အသွင်သစ်များကို အင်တာနက်က စွမ်းဆောင်ပေးနိုင်မည် ဖြစ်သည်။ Facebook၊ တွစ်တာနှင့် Myspace ကဲ့သို့ လူမှုရေးနှင့်ဆိုင်သော ကွန်ရက်ဝက်(ဘ်)ဆိုဒ်များကို လူမှုဆက်ဆံရေး၊ ပေါင်းသင်းဆက်ဆံရေးတို့အတွက် အပြန်အလှန်ဆက်သွယ်နိုင်ရန် ဖန်တီးလာခဲ့ကြသည်။ ဖျော်ဖြေရေးကဏ္ဍအတွက် You Tube ဆိုဒ်မှ ဆောင်ကြဉ်းပေးနိုင်သလို နိုင်ငံခြားဖုန်းခေါ်မှုများအတွက် အသုံးဝင်သည့် စနစ်များဖြစ်သည့် Viber၊ Skype များသည်လည်း အင်တာနက်၏ စွမ်းဆောင်ရည်များအဖြစ် ယနေ့ ပြည်သူလူထုအကြား အထူးရေပန်းစားလာပါသည်။

ထို့အပြင် ယနေ့ ကမ္ဘာပေါ်တွင် ခေတ်စားလာသည့် e-commerce လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် အင်တာနက်ပေါ်တွင် ဈေးဝယ်ခြင်း (Online Shopping)၊ ပညာရေးလောကအတွက် On-line Learning၊ ကျန်းမာရေးကဏ္ဍတွင် ကျေးလက်နေပြည်သူများအတွက်ပါ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်သည့် နိုင်ငံတကာတွင် ရေပန်းစားလာသည့် tele-medicine၊ အစိုးရ၏ ပစ္စည်းဝယ်ယူရေးလုပ်ငန်းစဉ်များအတွက် e-Procurement၊ ခရီးသွားလာရေးလုပ်ငန်းအတွက် e-Visa၊ On-line Booking၊ အစိုးရဌာနများ၏ e-Government လုပ်ငန်းများအစရှိသည့် လုပ်ငန်းစဉ်များတွင် အင်တာနက်၏ စွမ်းအားကို အသုံးချကာ အစိုးရ၏ လုပ်ငန်းစဉ်များ ပိုမိုမြန်ဆန် သွက်လက်လာစေရန်နှင့် ပြည်သူလူထု၏ ဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးလာစေရန် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် နှိုင်းယှဉ်ကြည့်ပါက အင်တာနက်သုံးစွဲမှုများ၊ မိုဘိုင်းဖုန်းသုံးစွဲမှု ပိုမိုမြန်ဆန်စွာ တိုးတက်လာသည်နှင့်အညီ မိုဘိုင်းဖုန်းများပေါ်တွင် အင်တာနက်ကို လူတိုင်းသုံးစွဲနိုင်သည့် အနေအထားရောက်ရှိနေပြီဖြစ်သော်လည်း အခြားနိုင်ငံများနှင့် တန်းတူဖြစ်စေရန် (သို့မဟုတ်)ခုန်ပျံကျော်လွှားနိုင်ရန်အတွက် အင်တာနက်ကို အကျိုးရှိစွာ အသုံးပြုမှု လွန်စွာနည်းပါးသေးကြောင်း တွေ့ရပါသည်။ အထူးသဖြင့် ယနေ့လူငယ်ထု၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေးတို့ကိုထိခိုက်စေမည့် အင်တာနက်ဂိမ်း၊ လူငယ်တို့၏ လူမှုရေး၊ စာရိတ္တမဏ္ဍိုင်တို့ကို ယိုယွင်းစေမည့် ညစ်ညမ်းစာပေ၊ ဓာတ်ပုံများ၊ ဗွီဒီယိုများပါဝင်သည့် ဆိုဒ်များကြည့်ရှုခြင်း စသည့် အင်တာနက်စွဲလမ်းခြင်းရောဂါကို မိမိတို့၏ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်အသိဉာဏ်များမှ တစ်ဆင့် ရှင်းလင်းဖယ်ရှားရန် လိုအပ်ပါသည်။ ထို့အပြင် အင်တာနက်ပေါ်တွင် Game၊ gmail၊ Facebook တို့သာ အဓိကသုံးစွဲနေသည်ကို တွေ့ရှိရပြီး ပညာရပ်ဆိုင်ရာ ကိစ္စရပ်များ၊ သုတေသနလုပ်ငန်းများအတွက် Search Engine အပိုင်းကို အသုံးပြုမှု လွန်စွာနည်းပါးကြောင်း လေ့လာသိရှိရပါသည်။ ထို့အပြင် ဆိုရှယ်မီဒီယာများ (အထူးသဖြင့် Facebook) သုံးစွဲရာတွင် လိုက်နာသင့်သည့် ကျင့်ဝတ်များ ယနေ့ပြည်သူများ သိရှိလိုက်နာနိုင်ရန် အထူးလိုအပ်နေပါသေးသည်။ အထူးသဖြင့် ယဉ်ကျေးသိမ်မွေ့သည့် အသုံးအနှုန်းများ၊ အများအကျိုးရှိစေမည့် အကြောင်းအရာ၊ အချက်အလက်များ၊ ကိုယ့်လူမျိုးအချင်းချင်း စည်းလုံးညီညွတ်စေမှုကို မပျက်စေသည့် အရေးအသား အပြောအဆိုများဖြင့် ဆိုရှယ်မီဒီယာကို မှန်ကန်သည့် နည်းလမ်းများဖြင့် အသုံးချသွားရန် လိုအပ်ပါသည်။

၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အာဂျင်ဒါ အရ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးနှင့် လူသားအားလုံးအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးတည်ဆောက်နိုင်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာမှတစ်ဆင့် လူသားတို့ဘဝတိုးတက်ရေး၊ နည်းပညာကွာဟမှုကို တည်ဆောက်ရန်၊ အသိဉာဏ် ဗဟုသုတများ ဖွံ့ဖြိုးစေမည့် လူ့ဘောင်အဖွဲ့အစည်းများ ထူထောင်ရန်တို့ကို ထည့်သွင်းထားပါသည်။ ထို့အပြင် အမျိုးသမီးများ၏ စွမ်းပကား တိုးမြှင့်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာ အသုံးပြုနိုင်မှုကို မြှင့်တင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အခွင့်အလမ်းများ သိသာစွာတိုးမြှင့်လာစေရေးနှင့် ၂၀၂၀ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၌ လူတိုင်း အင်တာနက် ကျယ်ပြန့်စွာရရှိအသုံးပြုနိုင်စေရန်အတွက် ပံ့ပိုးကြိုးပမ်းဆောင်ရွက်ရေးတို့ကို နိုင်ငံတော်အနေဖြင့် Private Sector များနှင့် ပူးပေါင်းပြီး နိုင်ငံတကာ အကူအညီများရယူကာ မဖြစ်မနေ ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။

သို့မှသာ အင်တာနက်၏ စွမ်းပကားနှင့် ယနေ့ခေတ် လူငယ်တို့မှ ကောင်းစွာတီထွင်ဖန်တီးနိုင်သည့် Innovation Mindset များကို အသုံးချကာ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် e-Government လုပ်ငန်းစဉ်များ၊ ဒီဂျစ်တယ်စီးပွားရေး အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုတက်ရေး ပန်းတိုင်များဆီသို့ အရောက်ချီတက်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

> "ယဉ်ကျေးသိမ်မွေ့သည့် အသုံးအနှုန်းများ၊အများအကျိုးရှိစေမည့် အကြောင်းအရာ၊ အချက်အလက်များ၊ ကိုယ့်လူမျိုးအချင်းချင်း စည်းလုံးညီညွတ်စေမှုကို မပျက်စေသည့် အရေးအသား အပြောအဆိုများဖြင့် ဆိုရှယ်မီဒီယာကို မှန်ကန်သည့် နည်းလမ်းများဖြင့် အသုံးချသွားရန် လိုအပ် . . ."

## ရေတာရှည်မြို့နယ် ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများ စီးနင်းနိုင်ရန် School Bus ယာဉ်တစ်စီး ပေးအပ်လှူဒါန်း

**ရေတာရှည် ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ကျောင်းဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေလွယ်ကူစွာသွားလာနိုင်ရေးအတွက် အမျိုးသားကြီးပွားတိုးတက်ရေးကော်မတီမှ ၃၇ ယောက်စီးနင်းလိုက်ပါနိုင်သော School Bus ပေးအပ်လှူဒါန်းခြင်းအခမ်းအနားအား ရေတာရှည်မြို့ အထက အောင်းဆန်းခန်းမ၌ ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်အားကစားရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမျိုးသားကြီးပွားတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ကျေးလက်ဒေသများမှ အထက်တန်းပညာသင်ကြားရန် မြို့ကျောင်းများသို့ လာရောက်ကြရသည့်အခါ အခက်အခဲများစွာရှိနေသည်ကိုသိရှိရသည့်အတွက် ယခုကဲ့သို့ မော်တော်ယာဉ်ကို လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ နောက်နှစ်တွင်လည်း ယခုကဲ့သို့ ယာဉ်တစ်စီးကို ထပ်မံလှူဒါန်းဦးမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

ထို့နောက် ယာဉ်ပြုပြင်စရိတ်အလှူငွေ ကျပ် ၁၀ သိန်း၊ မော်တော်ယာဉ်နှင့် ပတ်သက်သောစာရွက်စာတမ်းများကိုလွှဲပြောင်းပေးအပ်ကာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ကာဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။ **ကိုလွင်(ဆွာ)**



# အလင်္ကာကျော်စွာရွှေပြည်အေး နှစ်(၄၀)ပြည့်အလွမ်း

## မောင်ညွန့်နွယ်(စန္ဒရား)

ဂီတလောကတွင် ထင်ရှားကျော်ကြား၍ ဂီတအမွေကောင်းများစွာ ဖြည့်ဆည်းပြုစုထားရစ်ခဲ့သူ ဆရာရွှေပြည်အေး ကွယ်လွန်သွားသည်မှာ ယခု ၂၀၁၇ ခုနှစ်တွင် နှစ်(၄၀)ပြည့်ခဲ့ပြီဖြစ်ပါသည်။ ဆရာရွှေပြည်အေးသည် ၁၉၇၇ ခုနှစ် အောက်တိုဘာ ၂၄ ရက် အသက် (၆၉)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။ ယခု ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၄ ရက်ဆိုလျှင် နှစ်(၄၀)ပြည့်မည်ဖြစ်ပါသည်။ ထိုစဉ်က ဆရာကွယ်လွန်ပြီးနောက်နေ့ (၂၅-၁၀-၁၉၇၇)နေ့တွင် ကြေးမုံသတင်းစာမှ ဆရာ၏ဓာတ်ပုံနှင့် သတင်းဖော်ပြချက်ကိုလည်း အမှတ်တရပြန်လည်ပူးတွဲတင်ပြထားပါသည်။ ၁၉၇၇ ခုနှစ် ဆရာကွယ်လွန်သည့်အခါ ထိုစဉ်က ကြံတောသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ခဲ့ပါသည်။ ကြံတောသုသာန်၏ မီးသင်္ဂြိုဟ်စက် မနီးမဝေးတွင် သုံးဆင့် နှစ်ဖက်ပုံစံဂူလေး တည်ဆောက်ပြီး ပန်းနုရောင်ဆေးသုတ်ထားသည်ကို မှတ်မိနေမိပါသည်။

၁၉၉၆-၉၇ခုနှစ် ကြံတောသုသာန် ဖျက်သိမ်းရွှေ့ပြောင်းရန်ဖြစ်လာသည့်အခါ ဆရာရွှေပြည်အေးနှင့် အခြားထင်ရှားသောအနုပညာရှင်များ၏ အရိုးများထုတ်ဖော်ကောက်ယူစုစည်း၍ ထိန်ပင်သုသာန်တွင် သီးသန့်နေရာဖြင့် တစုတစည်းတည်းရွှေ့ပြောင်းပြီး အရိုးအိုးဂူများသွင်းရန် စီစဉ်ထားကြောင်း သိရှိခဲ့ရပါသည်။

ထိန်ပင်သုသာန်တာဝန်ခံအား ထင်ရှားသောအနုပညာရှင်များ၏ အထိမ်းအမှတ်အရိုးအိုးဂူများ ဖြစ်၊ မဖြစ် မေးကြည့်ရာမှ ထိုတာဝန်ခံမှ သီးသန့်မြေနေရာဖြင့် စနစ်တကျထိန်းသိမ်းထားရှိကြောင်း ကြည့်လိုပါက တစ်ယောက်ထည့်၍လိုက်ပြပေးမည်ဖြစ်ကြောင်း ဝမ်းသာအားရပင် ပြောလာပါသည်။ ထိုသို့ကြားရသည်နှင့်ပင် ကျေနပ်နှစ်သိမ့်ဖြစ်ရပါတော့သည်။

ဆရာရွှေပြည်အေးသည် အသက်(၆)နှစ် (၇)နှစ်ငယ်ရွယ်စဉ်မှာ အဆိုဖြင့် စတင်ခဲ့ပါသည်။ ထိုအရွယ်တွင် မောင်အေးကလေးမှာ ဝါသနာဗီဇအရင်းခံဖြင့် ဖခင်ကြီးစန္ဒရားဆရာနုထံတွင် ဝင်ထွက် တီးမှုတ်သီဆိုနေကြသော ပညာရှင်ကြီးများ၏ တီးသံဆိုသံများကိုအနီးအနားမှ မယောင်မလည်နှင့် လက်ဖျောက်ကလေး တဖျောက်ဖျောက်တီးရင်း စည်းလိုက်နေတတ်သည်ဟုဆိုပါသည်။

ဆရာရွှေပြည်အေး (ငယ်မည်-မောင်အေးကလေး)သည် (၇)နှစ် (၈)နှစ် အရွယ်ခန့် သူ၏ဆရာလည်းဖြစ်၊ မွေးစားဖခင်လည်းဖြစ်သူ ဆရာညိမ်း၏ စန္ဒရားအတီးဖြင့် ဇမ္ဗူကျွန်းလုံးသီချင်းခန့်ကြီးကို သင်ယူထားခြင်းမရှိဘဲ အကြားအာရုံမှတ်သားမှုသက်သက်ဖြင့် အမှားအယွင်းမရှိ ဆိုနိုင်ခဲ့သည်ဟုဆိုပါသည်။

မောင်အေးကလေး(၁၀)နှစ်သားအရွယ်ရောက်လာလျှင် ရန်ကုန်မြို့ ထိုင်တီး၊ ထိုင်ဆို တီးဝိုင်းမှန်သရွေ့ သူမပါလျှင်မပြီးသလောက်ဖြစ်လာပေပြီဟု ဆိုပါသည်။ စောင်း ဆရာညိမ်း၊ ဘာဂျာ ဦးဘလတ်၊ တယော ဦးဘသွင်၊ စောင်း ဦးမောင်ကလေး(ပြည်)၊ အဆိုတော် ဦးလူကလေးတို့ပါဝင်သည့် တီးမှုတ်ထိုင်ဆို ဧည့်ခံဝိုင်းမှန်လျှင် ကလေးအဆိုတော် မောင်အေးကလေး အမြဲပါတတ်သည် ဟုဆိုပါသည်။

၁၉၂၂ ခုနှစ် မောင်အေးကလေး (၁၃)နှစ်အရွယ် သီပေါစော်ဘွားကြီး ဆာစောချယ်ထံ ရောက်ရှိခဲ့ရာတွင် ဇမ္ဗူကျွန်းလုံး သီချင်းခန့်ကြီးကို စည်းကျ၊ ဝါးကျ၊ အဝင်၊ အထွက်မှန်ကန်စွာဆိုပြနိုင်သဖြင့် ဆုတော်များ ချီးမြှင့်ခံခဲ့ရသည်ဟုဆိုပါသည်။ အသက်(၁၃)နှစ်အရွယ်အထိ မောင်အေးကလေး(ဆရာရွှေပြည်အေး)သီချင်းဆိုခဲ့သည်ဟု ဆိုပါသည်။ ထိုသို့ငယ်ရွယ်စဉ် အဆိုပိုးပါခဲ့သူ၊ အဆိုဗီဇဖျောက်မရသူ ဆရာရွှေပြည်အေးသည် ၁၉၄၈ ခုနှစ်(ဆရာရွှေပြည်အေး - ၃၉ နှစ်အရွယ်)တွင် ထွက်ပေါ်လာခဲ့သော 'မိုးကြယ်မို့လား' အသံထွက်ဇာတ်ကားတွင် မင်းသား အေးကြူကိုယ်စား နောက်ခံသီချင်းဆိုပေးခဲ့သည်ဟု ဆိုပါသည်။ ထိုဇာတ်ကားတွင် မင်းသမီး မေမေဝင်း စန္ဒရားတီးဟန် သရုပ်ဆောင်နေစဉ် မင်းသားအေးကြူ မင်းသမီးနောက်ကျောဘက်မှ သီချင်းဆိုရင်းဝင်လာဟန် သရုပ်ဆောင်ရာတွင် ဆရာရွှေပြည်အေးမှ နောက်ခံဆိုပေးရခြင်းဖြစ်သည်။ နောက်ခံ စန္ဒရားတီးပေးသူမှာ စန္ဒရားဆရာ စစ်ကိုင်းလှရွှေ ဖြစ်ပါသည်။ ထိုသို့ရိုက်ကူးပြီး စမ်းသပ်ပြသကြည့်ရာ ဆရာရွှေပြည်အေး သီချင်းဆိုသံ အလွန်ကောင်းမွန်ပီသပြီး မင်းသား အေးကြူ သရုပ်ဆောင်ပုံနှင့် ဟပ်မိလှသဖြင့် ထိုင်ကြည့်နေသော ဒါရိုက်တာ ဆရာခန့်၊ စာရေးဆရာ မြမျိုးလွင်၊ ဒါရိုက်တာ ဦးချန်ထွန်း၊ စန္ဒရား စစ်ကိုင်းလှရွှေတို့ အံ့သြချီးကျူးမကုန်ဖြစ်ရသည်ဟု ဆိုပါသည်။

ဆရာရွှေပြည်အေးသည် တယော ကိုဘရီ၏နောက်လိုက်တပည့်ဖြစ်လာခဲ့ပြီး အသံတိတ်ရုပ်ရှင်လောကအတွင်းသို့ ၁၉၂၃ ခုနှစ်တွင် တယောဆရာလေးအဖြစ် ရောက်လာခဲ့သည်ဟုဆိုပါသည်။ ၁၉၂၇ ခုနှစ်အထိ လေးနှစ်ခန့် ရုပ်ရှင်တီးဝိုင်းတယောဆရာဘဝ ရောက်ရှိနေပြီဖြစ်သော်လည်း အခကြေးငွေမရဘဲ ဆရာဖြစ်သူ ကိုဘရီ၏ အလုပ်အကျွေးဘဝနှင့် အဆဲအဆိုအကြိမ်းအမောင်းမျိုးစုံဖြင့် အနစ်နာခံကာ နောက်လိုက်တပည့်အဖြစ်သာ ရပ်တည်ခဲ့ရသည်ဟုဆိုပါသည်။ တယောဆရာဘဝနှင့် ပထမဆုံးနေ့တွက် သုံးမတ်စတင်ရရှိသောဇာတ်ကားမှာ အယ်ဖရက်ရုံ (နောက်ရွှေဂုံ-မြို့မနေရာ)တွင် ၁၉၂၇ ခုနှစ် နိုဝင်ဘာ ၁၉ ရက် ရုံတင်ပြသသော မြန်မာ့အဆွေကုမ္ပဏီ၏ "မြအေးယဉ်" ဇာတ်ကားဖြစ်သည်ဟုဆိုပါသည်။ ထိုအခါ ဆရာရွှေပြည်အေး (၁၈) နှစ်အရွယ် ရောက်ရှိခဲ့ပေပြီ။

၁၉၂၉ ခုနှစ် မတ် ၁၀ ရက် စတော့ဂိတ်လမ်း(သိမ်ဖြူလမ်း)နှင့် မောင်ဂိုမာရီလမ်း (ဗိုလ်ချုပ်လမ်း)ထောင့်ရှိ ဟာရီကရစ်ရှနားရုံ၌ စတင်ပြသသော မြန်မာ့အဆွေ၏ ဆုထူးပန်ဇာတ်ကားတွင် စန္ဒရား ပြည်ဦးဖိုးသန့်နှင့်တွဲ၍ ဆရာရွှေပြည်အေး နောက်ဆုံးတယောထိုးခဲ့ပါသည်။ အဆိုပါဇာတ်ကားအထိ ဆရာရွှေပြည်အေး တယောထိုးသက်တမ်း ခုနစ်နှစ်ခန့်ရှိမည်ဖြစ်ပါသည်။ ၁၉၂၉ ခုနှစ် မေ ၁၅ ရက်တွင် ရုံးတင်ပြသသော (မြကြေးမုံ)ဇာတ်ကား မှစ၍ တစ်နေ့လျှင် တစ်ကျပ်ခွဲစား စန္ဒရားခေါင်းဆောင်ဖြစ်လာခဲ့သည်ဟု ဆိုပါသည်။ ထိုအခါ ဆရာရွှေပြည်အေး အသက်(၂၀)ပြည့်သောနှစ်ဖြစ်လေသည်။ ဆရာရွှေပြည်အေး၏ စန္ဒရားလက်သံများကို ကိုလံဘီယာဓာတ်ပြားများတွင် အများအပြားနားဆင်နိုင်ပါသည်။ ဒေါ်အေးမိ သီဆိုသော ပန်းမြိုင်လယ်နှင့် ပန်းပေါဝန်သီချင်းကြီးများ၏ စန္ဒရားလက်သံများမှာ ဆရာရွှေပြည်အေး၏ ထင်ရှားသော စန္ဒရားလက်သံများဖြစ်ပါသည်။ ဆရာရွှေပြည်အေး တယောလက်သံများကို အဆိုတော် မကြည်အောင်၏ စိတြဂီဝါနှင့် ဇာတိနွယ်သီချင်းများတွင်လည်းကောင်း၊ စိန်ပါတီ၏စံပယ်တင်မွှေနှင့် ကထိန်သင်္ကန်းသီချင်းများတွင်လည်းကောင်း နားဆင်နိုင်ပါသည်။ ဆရာရွှေပြည်အေး၏ အကော်ဒီယံလက်သံကိုမူ မအေးမိသီဆိုသော မြနှင်းဆီသီချင်းနှင့် မေသန်းသီဆိုခဲ့သော ဓာတ်ပြားများစွာတို့တွင် နားဆင်နိုင်ပါသည်။ ဆရာရွှေပြည်အေး၏ မယ်ဒလင်လက်သံကိုမူ ဥဩဘသောင်၏ ရွှေပစ္စုပ္ပန်သီချင်းနှင့် ညှင်းလေပြည်သွေးသီချင်းများတွင် နားဆင်နိုင်ပါသည်။

ဆရာရွှေပြည်အေးသည် စောင်းပုလဲ ဆရာညိမ်း၏ လက်ထပ်သင်တပည့်ဖြစ်၍လည်း စောင်းတီးရာ၌ ပုလဲသံစဉ်ကိုကျွမ်းကျင်နိုင်နင်းစွာ တီးနိုင်သူဟုဆိုပါသည်။ စောင်းဖြင့် ယိုးဒယားသီချင်းများ၊ ပုလဲသံစဉ် ကာလပေါ်သံဆန်းများ သေသပ်ကောင်းမွန်စွာတီးနိုင်ပေသည်။ ကိုလံဘီယာနှင့် ဆရာရွှေပြည်အေး၏ စောင်းလက်သံဓာတ်ပြားသွင်းရန် စီစဉ်ဆဲ ကိုလံဘီယာနှင့်အဆင်မပြေဖြစ်ပြီး ခွေးတံဆိပ်ဓာတ်ပြားတိုက်သို့ ပြောင်းရွှေ့ဖြစ်သွားသောအခါ ဆရာရွှေပြည်အေး၏ စောင်းလက်သံမကျန်ရစ်ခဲ့တော့ပေ။ ကုန်းဘောင်မင်းဆက် (၁၀)ဆက်မြောက်စိုးစံသော မင်းဖြစ်သည့် မင်းတုန်မင်းလက်ထက်တော် ရတနာပုံနန်းတော်တွင်း (ယခုမန္တလေးမြို့)တွင် နန်းစံနေစဉ် ခရစ်သက္ကရာဇ် ၁၈၇၂ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် အီတလီသံတမန်ဆက်သသော ပီယာနို(PIANO) ယခုခေတ်အခေါ် စန္ဒရားတူရိယာ ရတနာပုံနန်းတော်တွင်း စတင်ရောက်ရှိလာခဲ့ရာ ရတနာပုံနန်းတွင်း ပတ္တလားအတီးကျော်ဖြစ်သူ ဆရာဇင်က စတင်စမ်းသပ်တီးခတ်ခဲ့သည်ဟု ဆိုပါသည်။

ထို့နောက် ပတ္တလားအတီးကျော်များပင်ဖြစ်သည့် ဆရာမောင်၊ ဆရာဘလေးတို့က ဆက်လက်တီးခတ်ခဲ့ကြသည်ဟုဆိုပါသည်။ ထိုမှ စန္ဒရား ဦးလတ်ကြီး၊ စန္ဒရားဦးသာဒင်၊ စန္ဒရားဆရာရိုက်၊ စန္ဒရား ဆရာတောက်၊ စန္ဒရားဆရာခါတို့ခေတ်ရောက်ခဲ့ပြီး ထို့နောက်တွင်တော့ ဆရာရွှေပြည်အေးခေတ်ဖြစ်လာခဲ့ပေသည်။ မင်းတုန်းမင်းလက်ထက်တော် ၁၈၇၂ ခုနှစ်၊ စန္ဒရားတူရိယာ စတင်ရောက်ရှိလာသည့်နှစ်မှ ရွှေပြည်အေးခေတ်ဟုဆိုရမည့် ၁၉၃၀ ပြည့်နှစ်လွန်ခေတ်များအရောက် နှစ်ပေါင်း ၆၀ ခန့်အကြာတွင် စန္ဒရားဆရာကြီးများ အဆင့်ဆင့်ကြိုးစားတီးခတ်လာခဲ့ကြရာမှ ဆရာရွှေပြည်အေး၏ ထိထွင်ကြံဆကြိုးပမ်းမှုနှင့်ပေါင်းစပ်ပြီး စန္ဒရားကို ကျင်လည်စွာ တီးခတ်လာနိုင်ကြခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စန္ဒရားကို လက်ဆယ်ချောင်းဖြင့် သိမ်မွေ့နူးညံ့စွာ စတင်တီးခတ်ခဲ့သူမှာ ဆရာရွှေပြည်အေးပင်ဖြစ်သည်ဟု စာပေဗိမာန်ထုတ် မြန်မာစွယ်စုံကျမ်းနှစ်ချုပ်(၁၉၇၈)တွင် မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါသည်။

စန္ဒရားတူရိယာအား စတင်စမ်းသပ်တီးခတ်အသုံးပြုခဲ့ကြသည့် ခေတ်ဦးကာလများတွင် စန္ဒရားလက်ကွက်များပေါ်ရှိ အဖြူရောင်ခလုတ်များသာ တီးခတ်အသုံးပြုခဲ့ကြသဖြင့် DIATONIC စကေးခေါ် အသံ ခုနစ်သံလောက်သာ တီးခတ်အသုံးပြုနိုင်ခဲ့ကြပြီး နောက်ပိုင်းစန္ဒရားဆရာကြီးများ အဆင့်ဆင့်ကြိုးစားတီးခတ်လာခဲ့ကြရာမှ စန္ဒရားလက်ကွက်များပေါ်ရှိ အဖြူရောင်ခလုတ်များရော အနက်ရောင်ခလုတ်များပါ ၁၂ သံလုံး မွှေနှောက်တီးနိုင်သည့် CHROMATIC စကေးကိုပါ ကျင်ကျင်လည်လည်တီးခတ်လာနိုင်ခဲ့ကြသည်မှာ ဆရာရွှေပြည်အေး၏ ဦးဆောင်တီထွင်ကြိုးစားမှု အဓိကပါဝင်ပေသည်။

ဂီတအရာဆရာတစ်ဆူဖြစ်သော ဆရာရွှေပြည်အေး၏ စာပေပြုစုမှုမှတ်တိုင်ကိုလည်း မှတ်တမ်းတင်ပြလိုပါသည်။ ၁၉၇၅ ခုနှစ်တွင် အတိတ်ကတစ်နာရီလုံးချင်းဝတ္ထုတစ်ပုဒ် ဆရာရေးသား ထုတ်ဝေခဲ့ပါသည်။ အဆိုပါ အတိတ်ကတစ်နာရီလုံးချင်းဝတ္ထု၏ ကျောရိုးသီချင်းဖြစ်သည့် 'အတိတ်ကတစ်နာရီ' အမည်ရ သီချင်းတစ်ပုဒ်လည်း ရေးသားထားရစ်ခဲ့ပါသည်။

'စောလှစန္ဒီ' အမည်ဖြင့် သီချင်းတစ်ပုဒ် ဆရာရွှေပြည်အေးရေးသားထားရစ်ခဲ့သော်လည်း 'စောလှစန္ဒီ' လုံးချင်းဝတ္ထုကိုမူ ဆရာရေးသားဆဲရုတ်တရက်ကွယ်လွန်သွားခဲ့ခြင်းဖြစ်ပါသည်။ ဂီတသာမက စာပေတွင်ပါ ဆရာရွှေပြည်အေး ကြိုးပမ်းအားထုတ်ခဲ့မှုနှင့် မွေးဖွားသည်မှ ကွယ်လွန်သည်အထိ ဂီတနှင့်သာ ထုံမွမ်းအပ်သောဆရာ့ဘဝတစ်လျှောက် အများအသိနည်းသော ကိုယ်ရေးအကြောင်းအရာများကိုသာ ကောက်နုတ်ရေးသားပြုစုဖော်ပြလျက် ဆရာရွှေပြည်အေး ကွယ်လွန်ခြင်း နှစ်(၄၀)မြောက်အခါသမယတွင် ဆရာအား ဦးညွှတ်ပူဇော်ကန်တော့လိုက်ရလေသည်။ ။

**ဆရာရွှေပြည်အေးသည် စောင်းပုလဲဆရာညိမ်း၏ လက်ထပ်သင်တပည့်ဖြစ်၍လည်း စောင်းတီးရာ၌ ပုလဲသံစဉ်ကို ကျွမ်းကျင်နိုင်နင်းစွာတီးနိုင်သူဟုဆိုပါသည်။ စောင်းဖြင့် ယိုးဒယားသီချင်းများ၊ ပုလဲသံစဉ် ကာလပေါ်သံဆန်းများ သေသပ်ကောင်းမွန်စွာ တီးနိုင်ပေသည်။ ကိုလံဘီယာနှင့် ဆရာရွှေပြည်အေး၏ စောင်းလက်သံ ဓာတ်ပြားသွင်းရန်စီစဉ်ဆဲ ကိုလံဘီယာနှင့် အဆင်မပြေဖြစ်ပြီး ခွေတံဆိပ်ဓာတ်ပြားတိုက်သို့ ပြောင်းရွှေ့ဖြစ်သွားသောအခါ ဆရာရွှေပြည်အေး၏ စောင်းလက်သံ မကျန်ရစ်ခဲ့တော့ပေ။**



အလင်္ကာကျော်စွာ ဆရာရွှေပြည်အေး အရိုးအိုးဂူ




(၂၅-၁၀-၁၉၇၇)နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၅)



၁၉၁၉ ခုနှစ်တွင် ရိုက်ကူးသည်။
(ဆရာရွှေပြည်အေး ၁၀-နှစ်အရွယ်)

# သုဝဏ္ဏဝတီမြို့ရေကြီးရေလျှံမှုကင်းဝေးရေး ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**သထုံ ဩဂုတ် ၇**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ရန်ကုန်-မော်လမြိုင် ကားလမ်းတစ်လျှောက်တွင် နှစ်စဉ် မိုးကာလရောက်တိုင်း ဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုများ ကင်းဝေးစေရေးအတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများသည် ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက သုဝဏ္ဏဝတီမြို့အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြည်သူလူထု၏ စားဝတ်နေရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် မိမိတို့အစိုးရအဖွဲ့တွင် တာဝန်ရှိပါကြောင်း၊ အဝေးပြေးကားလမ်းဖြစ်သည့်အတွက် ကားအစီးရေ ၄၀၀၀ ကျော်ခန့် နေ့စဉ်ဖြတ်သန်းနေပြီး ရေကြီးပါက ကားအသွားအလာပိတ်ဆို့ကာ ခရီးသွားပြည်သူများ အခက်အခဲဖြစ်ရပါကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် နှစ်စဉ်ရေကြီးရေလျှံမှုမဖြစ်အောင် ကာကွယ်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုလည်း လိုအပ်ပါကြောင်း တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးတင်ထွန်းက ကျိုက္ကော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသူများက သုဝဏ္ဏဝတီမြို့တွင်း ရေကြီးမှုအခြေအနေများနှင့် ဆောင်ရွက်ပေးစေလိုသည်တို့ကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက် အဝေးပြေးကားလမ်းဘေးဝဲယာတွင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ငွေကျပ် သန်းပေါင်း ၃၀၀ ခန့် အကုန်အကျခံကာ ရေနုတ်မြောင်းများကို ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**




# စာဖတ်ရိုင်မြင့်မားလာစေရေး စာကြည့်တိုက်ကော်မတီဝင်များနှင့်ဆွေးနွေး

**တွံတေး ဩဂုတ် ၇**
ကျေးလက်နေပြည်သူများ စာပေဖတ်ရှုပြီး အသိပညာဗဟုသုတ တိုးပွားလာစေရန်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာဖတ်ရိုန်မြင့်မားလာစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ကံဘဲ့ကျေးရွာအုပ်စု ကံဘဲ့စံပြကျေးရွာ 'ပညာရောင်ခြည်' ကျေးရွာစာကြည့်တိုက်တွင် ဩဂုတ် ၆ ရက် ညနေ ၃ နာရီက ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦးက စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြီး အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦးက စာကြည့်တိုက်များလက်ရှိဆောင်ရွက်နေမှု အခြေအနေ၊ လူငယ်များ စာပေဖတ်ရှုမှု ပိုမိုစိတ်ပါဝင်စားလာစေရန် ပထမအကြိမ်တွေ့ဆုံလို၍ တွေ့ဆုံရခြင်းနှင့် မိမိအနေဖြင့် အားဖြည့်ကူညီနိုင်စေရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားစာပေဆုရှင် စာရေးဆရာ မင်းသျှင်အောင် (တွံတေး) က စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးအကြောင်းပြောကြားခဲ့ပြီးတက်ရောက်လာကြသော ကျေးရွာစာကြည့်တိုက် ၂၀ မှ ကော်မတီဝင်များက မိမိတို့လုပ်ဆောင်နေမှု၊ ရန်ပုံငွေထားရှိမှု၊ စာအုပ်စာစောင် ဝယ်ယူစုဆောင်းမှု၊ အားသာချက်၊ အားနည်းချက်တို့အား တင်ပြကြသည်။

ထို့နောက် အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ကျေးရွာစာကြည့်တိုက်ကော်မတီဝင်တို့၏ တင်ပြသော အားသာချက်၊ အားနည်းချက်များကို ပြန်လည် အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**



# ရေးမြို့နယ်၌ရေကူးကန်လူသိများလာ၍အပန်းဖြေအနားယူသူများပြား

**ရေး ဩဂုတ် ၇**
မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာအုပ်စု ခမင်းဆိပ်ကျေးရွာမှ တောင်ကျရေတံခွန်ကနေ တစ်ဆင့် ရေကူးကန်ဒီဇိုင်းအမျိုးမျိုး ပုံဖော်ဖန်တီးပေးထားကာ ဝါတွင်းကာလမှာ အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ အနားယူသူတွေများပြားလာလျက်ရှိကြောင်း သိရသည်။

"အရင်က ဒီတောင်ကျရေတွေကို လွန်ခဲ့တဲ့ ၁၀ နှစ်ခန့်က ခမင်းဆိပ်ကျေးရွာကို ရေဖြန့်ဝေပေး လျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးက မကောင်းတာရယ်၊ လမ်းကို လူအင်အားနဲ့ အကုန်ကျခံ ဖောက်လုပ်ရာကနေ လူတွေအပန်းဖြေ အနားယူဖို့ ရေကူးကန် စတင်လုပ်ကိုင်ဖို့ စိတ်ကူးတွေဖြစ်လာပါတယ်" ဟု ဦးသက်ဦးက ပြောသည်။

"ရေကူးကန် ဒီဇိုင်းပုံစံအမျိုးမျိုးနဲ့ပုံဖော်ထားကာ တဖြည်းဖြည်းနဲ့ ၂၀၁၅ ခုနှစ်နောက်ပိုင်းမှ စကာပိုမိုလူသိများလာပြီး အခုနှစ်ဝါတွင်း ကာလမှာ လူစည်ကားတဲ့နေ့တွေမှာ လူဦးရေ ၁၀၀၀ ဝန်းကျင်လောက်တွင် လာရောက် အပန်းဖြေသူများထဲမှ နိုင်ငံခြားသားတွေပါ လာရောက် အပန်းဖြေအနားယူနေတာလည်းရှိပါတယ်" ဟု ဦးသက်ဦးက ဆက်ပြောသည်။

ရေကူးကန်အပြင် ပင်လယ်စာ ရောင်းချနေသော စားသောက်ဖွယ်ရာတွေလည်း ပါရှိပြီး လူကြီး ကျပ် ၈၀၀ နဲ့ ကလေး ကျပ် ၅၀၀ သတ်မှတ်ထားကာ တစ်နှစ်ပျမ်းမျှ ဝင်ငွေက သိန်းပေါင်း ၂၅၀ အထက်မှာ ရရှိ၍ မိုးရာသီ၌သာ အပန်းဖြေနိုင်ရန်ဖွင့်လှစ်ပေးထားတယ်လို ၎င်းက ဆိုသည်။

လက်ရှိမှာ လုံခြုံရေးဝန်ထမ်းအနေနဲ့ လေးဦးခန့်ထားပြီး ခြင်္ဂါးဧကခွဲအတွင်းမှာ ရေကူးကန် ငါးကန်အပြင် မြန်မာနိုင်ငံမြေပုံသဏ္ဍာန်ပုံဖော်ကာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရေးအတွက် ရည်ရွယ်ချက်ဖြင့် ရေကူးကန်ကို ဆက်လုပ်သွားရန်လည်းရှိနေကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ဝေါမြို့တွင် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**ဝေါ ဩဂုတ် ၇**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှကျင်းပသော ၂၀၁၇-၂၀၁၈ ခုနှစ် စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို အရှေ့ဘက်ကမ်းရပ်ကွက် ရန်ကုန်-မော်လမြိုင် ကားလမ်းဘေးရှိ လယ်ရှင် ဦးမြင့်ဝင်း ၏ လယ်ကွင်းတွင် ဩဂုတ် ၆ ရက် နံနက် ၈ နာရီခွဲက ငါးမျိုးစိုက်ထည့်ပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းလင်းက စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြသည်။ ထို့နောက်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်း၊ မြို့နယ်ရဲမှူးအေးမြင့်တို့က တောင်သူလယ်သမားကြီးများအား ငါးသားပေါက်ငါးမျိုးများ ပေးအပ်သည်။

အဆိုပါ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ ဝေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဝေါမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူ ပြည်သူများတက်ရောက်ပြီး လယ်ယာမြေဧက ၃၇၀ အတွင်းသို့ ငါးခုံးမကြီးကောင်ရေ ၁၈၅၀၀၀ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။ **အောင်မြတ်လင်း** (IPRD)

# ဘားအံမြို့တွင် အကြိမ်(၄၀)မြောက် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာကျင်းပ

**ဘားအံ ဩဂုတ် ၇**
ကရင်ရိုးရာမပျက် ဝါခေါင်လရောက်တိုင်း ကရင်ပြည်နယ်အတွင်းရှိ နေရာအနှံ့အပြားတွင်သာမက တစ်နိုင်ငံလုံးရှိ ကရင်တိုင်းရင်းသားများနေထိုင်သည့်ဒေသများတွင် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်များကို ကျင်းပလျက်ရှိရာ ဘားအံမြို့၏ အကြိမ်(၄၀) မြောက် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ဇွဲကပင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဘာပတိကအဖွင့်မိန့်ခွန်း ပြောကြားပြီး ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအတွက် မိန့်ခွန်းပြောကြားသည်။ ထို့နောက် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်စူး) ဖြစ်ပေါ်လာပုံစာတမ်းကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာများဖြင့် ကရင်အမျိုးသားအမျိုးသမီးငယ်များက ဖတ်ကြားပြီးနောက် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်ကို ဦးဆောင်သည့် ပွဲတော်အကြီးအမှူးနှင့် အရံ နှစ်ဦး၊ ချည်ဖြူဖွဲ့ပေးမည့် အဖိုးခုနစ်ဦး၊ အဖွားခုနစ်ဦးတို့မှ မြေးငယ်များခြံရံလျက်နေရာယူကြသည်။

ထို့နောက် ပွဲတော်အကြီးအမှူးမှ မကောင်းဆိုးရွားများ လူတိုင်း၏ ခန္ဓာကိုယ်မှ ထွက်သွားစေပြီး ကောင်းသောဝိညာဉ်လိပ်ပြာများ အသီးသီးပြန်လည် ဝင်ရောက်လာစေရန် ကရင်ဘာသာဖြင့် ရွတ်ဆိုခေါ်ယူပြီး ခုနစ်ရက်သားသမီးများ၏ ဝိညာဉ်လိပ်ပြာကောင်းများ ရွှင်လန်း ဝမ်းမြောက်စေရန်အတွက် ချည်ဖြူဖွဲ့မင်္ဂလာ ရိုးရာသီချင်းဖြင့် သီဆိုဂုဏ်ပြုကြိုဆိုပေးကာ တက်ရောက်လာကြသော ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ၊ ဒေသခံ ကရင်တိုင်းရင်းသား ငါးရာကျော်တို့အား ချည်ဖြူဖွဲ့ပေးကြသည်။

ကရင်ရိုးရာ ချည်ဖြူနှင့် လက်ခြည်ခြင်း မင်္ဂလာ သုံးမျိုးရှိရာမှာ ၁။ လက်ထပ်မင်္ဂလာဆောင်တဲ့အခါမှာ လက်ချည်ခြင်း၊ ၂။ဆွေမျိုးသားချင်းတွေ သေဆုံးပြီးတဲ့အခါ လိပ်ပြာခေါ် လက်ချည်ခြင်း၊ ၃။ဝါခေါင်လ လက်ချည်ခြင်းတို့ဖြစ်ပြီး လက်ချည်ခြင်း သုံးမျိုးကျင်းပရာမှာ အချိန်အခါ မတူကြပေမယ့် ဝါခေါင်လချည်ဖြူပွဲကိုတော့ ဝါခေါင်လအတွင်း လယ်ယာလုပ်ငန်းခွင်နား၍ အားလပ်သည့်အချိန်တွင် ပြုမြဲဖြစ်ကြောင်း သိရသည်။

ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်) ရခြင်းရည်ရွယ်ချက်မှာ ကရင်လူမျိုးတို့မှ အခြေခံပြီး ဆင်းသက်လာခဲ့ခြင်းဖြစ်ပြီး ရှေးဘိုးဘွားဘီဘင်တွေရဲ့ ယူဆချက်အရ မိမိတို့ခန္ဓာကိုယ်မှာ မကောင်းဆိုးရွားတွေ ဝင်ပူးကပ်တဲ့အခါ မကောင်းဆိုးရွားရဲ့လိပ်ပြာကို မောင်းထုတ်ပြီး ကောင်းသောလိပ်ပြာတွေ ပြန်လာရန်နှင့် မလွင့်အောင် ချည်ဖြူနှင့် လက်မှာ ချည်နှောင်ထားပြီး ဆံဖြူခါးကုန်းသည်အထိ ကိုယ်နဲ့ မကွာအောင်လို့ ဆုတောင်းမေတ္တာပို့သတဲ့ပွဲဟာ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာရဲ့ အနှစ်သာရပဲဖြစ်ကြောင်း၊ ညီကို မောင်နှမဆွေမျိုးတွေနဲ့ ကွဲကွာပြီး ပြန်လည် ဆုံတွေ့ချိန် အမှတ်သညာအဖြစ် ချည်ဖြူနှင့် ရစ်ပတ်ချည်နှောင်ခဲ့တယ်လို့ ဆိုကြကြောင်း၊ အချင်းချင်း ချစ်ကြည်သွေးစည်းမှုခိုင်မြဲရေး၊ လူကြီးသူမများကလူငယ်များအား ပြောဆိုဆုံးမနိုင်ရေးစသည့် အချက်များဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။



ချည်ဖြူဖွဲ့ရာတွင်ပါဝင်သည့် ပစ္စည်းခုနစ်မျိုးရှိရာ ငှက်ပျောသီး၊ ကောက်ညှင်းထုပ်၊ ထမင်းဆုပ်၊ နတ်ပန်းညို၊ ချည်ဖြူ၊ ရေကြိုပိုင်းစသည့် ပစ္စည်းတစ်ခုချင်းစီတွင် အဓိပ္ပာယ်တစ်မျိုးစီရှိနေတာကို တွေ့နိုင်ပါသည်။ ဒီလိုမွန်မြတ်သန့်စင် ချစ်စရာကောင်းတဲ့ ကရင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းသည့် ပွဲတစ်ခုပင်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# “ဒဂုန်တာရာ၏ရင်ထဲကခုန်”

ဦးဟန်ညွန့်(ဥပဒေ)

ယနေ့

နေပြည်တော်မှာ ယနေ့နေသာသည်။ မိုးမရွာ၍ ခြောက်ခြောက်သွေ့သွေ့။ သာသာယာယာ။ တနင်္ဂနွေနေ့ဖြစ်သောကြောင့် တရားရုံးသို့ သွားစရာလည်းမရှိ။ အမှုသည်များနှင့်လည်း ချိန်းဆိုမထား။ အားလပ်သည့်အချိန်။ ဒီအချိန်၊ ဒီနေ့မှာ ဖတ်စရာ စာတစ်အုပ် ရွေးထုတ်မိသည်။ ဘာတဲ့။ “စာရေးဆရာကြီး ဒဂုန်တာရာ” ရေးသည့် “ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာများ(၄)” ဖြစ်သည်။ နေရီရီက ထုတ်ဝေသည်။

**စကားလုံးလှလှ၊ နုနုရွရွ**

ဆရာကြီး ဒဂုန်တာရာဆိုတော့ စကားလုံးလှလှ၊ နုနုရွရွများကို အရင်ဆုံး ပြေးမြင်သည်။ ဥပဒေစာအုပ်တွေနေ့စဉ် မှတ်ဖတ်နေရသဖြင့် ပုဒ်ထီး၊ ပုဒ်မ၊ တရားလို၊ တရားခံ၊ ရာဇဝတ်မှု၊ တရားမမှု၊ ကောက်ချက်၊ ငြင်းချက်၊ စီရင်ချက်၊ သက်သေဝင်ခြင်း၊ အငြင်းထွက်အကြောင်းအရာစသည့် လေးနက်တည်ကြည်သော ခံ့ညားသော အသုံးအနှုန်းများနှင့်သာ နှစ်ပါးသွားနေရလေသည်။ တစ်ခါတစ်ရံ ငြီးငွေ့နေမိသည်အမှန်၊ ထို့ကြောင့်လည်း ဆရာကြီး ဒဂုန်တာရာ၏ အရေးအသားများကို နှစ်ခြိုက်ကြိုဆို၊ အတမ်းတ ပိုနေမိပေသည်။

**အဖွဲ့အနွဲ့(အချို့)**

ဆရာကြီး ဒဂုန်တာရာ၏ အဖွဲ့အနွဲ့(အချို့)ကို ကောက်နုတ်တင်ပြခွင့်ပြုပါ။

- ➢ အဝါရောင်၊ ခရမ်းနုရောင်၊ ပန်းနုရောင်၊ အဖြူဆွတ်ရောင် ယိမ်းထိုးလှုပ်ရှား။
- ➢ ကံ့ကော်ရနံ့၊ သဇင်ရနံ့ ထုံယစ်။
- ➢ တဖျတ်ဖျတ် ရိုက်ခတ်နေသံ၊ ရေလှိုင်းသံ၊
- ➢ နွေဦးလေသင်းမြနေပေသည်။
- ➢ စိန်ပန်းပွင့် လမ်းပေါ်မှာ ဖရိုဖရဲ လွင့်ကြဲနေဆဲ။
- ➢ စိန်ပန်းပွင့်၊ ကံ့ကော်ပွင့်များကို နင်းကျော်။
- ➢ လရောင်ပြက်သောည။
- ➢ ကံ့ကော်ပင်ပေါက် ပျိုနုစ။
- ➢ စာပေသစ်ရောင်လျှံ။

> “ခံစားမှုသည် စိတ်အတွင်းမှဖြစ်ပေါ်လာသော စိတ်လှုပ်ရှားမှုအခြင်းအရာဖြစ်သည်။ စိတ်ဆိုရာ၌ အာရုံငါးပါး ခံစားမှုပါဝင်သည်။ စိတ်ကိုမြင်ရသည် မဟုတ်။ သို့သော် . . .”

- ➢ ဆိတ်ဖလူးရနံ့ ယစ်ထုံသောအုတ်နံရံနှင့် သံတိုင်ကြားရောက်သွား။
- ➢ ကန့်လန့်ဖြတ်ဘေးတိုက်စာပေရုပ်ပုံလွှာ။
- ➢ ခေတ်ပြိုင်သက်တမ်းတစ်လျှောက်။
- ➢ လှပသောနွေရက်။
- ➢ မဲဇာမှ မောရဥ္ဆသို့။
- ➢ ရန့်မွှေးမြစပြုပြီ။
- ➢ မြသန်းတင့်(သို့မဟုတ်)လွမ်းမောသူ။
- ➢ လွမ်းမောခဲ့ရသော တက္ကသိုလ်နွေညများ။
- ➢ ဆွိဒင်လှိုင်းပြာ ပင်လယ်ကမ်း။
- ➢ အတိတ်သည်မွှေးမြမြ။

(ဆရာကြီး၏အဖွဲ့အနွဲ့ပေါင်းများစွာထဲကမှတ်မိသမျှရယ်ပါ)

ဒီတစ်ခါ ဖတ်မိသည်မှာ

“ရစ်ထဲကခုန်” . . . သတဲ့။

ဆရာကြီးဒဂုန်တာရာကအောက်ပါအတိုင်းရေးသည်-

“ရင်ထဲကခုန်”ဟူသော ကဗျာတစ်ပုဒ်ကို ၁၉၄၈ကရေးဖွဲ့ခဲ့ပေသည်။ အာရုံခံစားမှုကိုတင်စားဖော်ပြသော စကားလုံး ဖြစ်ပေသည်။ အားလုံးအတွက်တော့မသိ။ အားလုံးအတွက်တော့ဖြစ်ချင်မှဖြစ်မည်။ ကျွန်တော့်အတွက်ကတော့ ခံစားမှုရှိလာလျှင် ကျွန်တော်၏ရင်သည်ခုန်လာသည်။ ရင်ခုန်လာသည်ကို ကျွန်တော်သိသည်။ အမှတ်တမဲ့မဟုတ်။ မှတ်မှတ်သားသားပင်သိသည်။ ထို့ကြောင့်ပင်လျှင် ခံစားမှု (သို့မဟုတ်)အာရုံခံစားမှုဟုတင်စားဖော်ပြသည်။ ထို့ကြောင့် ကျွန်တော်သည် ရင်ခုန်သံဟူသောစကားလုံးကိုသုံးခြင်းဖြစ်သည်. . တဲ့။

“ကဗျာသာမဟုတ် စကားပြေတွင်လည်းသုံးခဲ့ဖူးသည်။ ခံစားမှုသည် စိတ်အတွင်းမှဖြစ်ပေါ်လာသောစိတ်လှုပ်ရှားမှုအခြင်းအရာဖြစ်သည်။ စိတ်ဆိုရာ၌ အာရုံငါးပါး ခံစားမှုပါဝင်သည်။ စိတ်ကိုမြင်ရသည် မဟုတ်။ သို့သော် စိတ်၏ အမူအရာကို ရုပ်အခြင်းအရာ၏ တစ်ခုခုမှတစ်ဆင့်သာလျှင် မြင်နိုင်သည်။ တွေ့နိုင်သည်။ ထို့ကြောင့်ပင်လျှင် ကျွန်တော်၏အတွေ့အကြုံကိုအမှီပြု၍ ရလာသောအသိဖြင့် ကျွန်တော်သည်ရင်ခုန်သံဟူသောစကားလုံးကို သုံးခဲ့ခြင်းသာလျှင် ဖြစ်ပေသည်။”

“ကျွန်တော်သည် ကဗျာတစ်ပုဒ်ကိုဖတ်လျှင်၊ ဝတ္ထုတစ်ပုဒ်ကိုဖတ်လျှင်၊ ခံစားရပြီဆိုလျှင် ရင်ခုန်လာသည်။ ရင်ခုန်လာပြီဆိုလျှင် ခံစားမှုအရှိန်လာပြီဟု ဆိုရမည်။ စာပေသာ မဟုတ်။ ပန်းချီကားတစ်ချပ်။ သီချင်းတစ်ပုဒ်။ တီးလုံးတစ်ပုဒ်။

ပြဇာတ်တစ်ကွက် စသည့် အနုပညာခံစားမှုတွင်လည်း ကျွန်တော့်အတွက်ကား ရင်ခုန်သံက သိစိတ်ကို ထင်ရှားစေသည်။”

“ရင်ခုန်လာပြီဆိုလျှင် ခံစားမှုရှိလာသည်။ ဒါကြောင့် စာပေအနုပညာခံစားမှုသာ မဟုတ်။ နိုင်ငံရေးခံစားမှုလည်းရှိသည်ဟု ယုံကြည်မိသည်။ နိုင်ငံရေးခံစားမှုဟု ဆိုရာ၌ မည်သည့်ခံစားမှုမျိုးလဲ။ ဘယ်လို အရသာမျိုးလဲဟု မေးခွန်းထုတ်နိုင်သည်။” . . . စသည်ဖြင့် ရင်ထဲကခုန်(ရင်ခုန်သံ)ကို ဆရာကြီးက ဖွင့်ဆိုသည်။ ရှင်းပြသည်။

**ရင်ထဲကခုန် ကဗျာ**

➢ မောင်ရွှေ့မှာဝယ်
ရပ်ကာသွယ်လျ နွဲ့ရွှန်းမြကား
လင်ရပြီးလည်း ရှုမငြီးတည့်
လှပြီးလျှင်သာ လှလှလာသည်
မိုးရာသီဦး၊ ပန်းငုံဖူး

➢ သွားတော့မည်ဟု ချစ်ဖွယ်ပြုံးလျက်
မြရောင်လက်၍ နှုတ်ဆက်မောင့်အား
ထွက်ခွာသွားသော်
လှုပ်ရှားရင်ဝယ် ကျန်ရစ်၏။

➢ တလျှပ်လျှပ်လျှင်
ဆတ်ဆတ်ရင်မှာ
မောလျလာသည်
မေ့ကာရိပ်ရိပ်
တထိတ်ထိတ်သည်
ဒိတ်ဒိတ်ရင်မှာ ခုန်သတည်း။

**ကဗျာပေါ် သုံးသပ်ချက်**

ဤကဗျာအပေါ် ဆရာကြီး၏သုံးသပ်ချက်မှာ ဤသို့ဖြစ်သည်-

“ရသဖြင့်- ကဗျာကို ခွဲခြားလျှင်ကား အချစ်ကဗျာထဲတွင် ထည့်သွင်း နိုင်သည်။ ကျွန်တော်ထက် အသက်(၃၀)ကျော်ငယ်သော ကဗျာဆရာတစ်ဦးက ရင်ထဲကခုန်ကဗျာကို ထောက်ကာ ကျွန်တော်၏အချစ်ကဗျာတစ်ပုဒ်ဟု ပြောသည်ကို အမှတ်ရဖူးသည်။ အချစ်ဆိုသည့်အဓိပ္ပာယ်ကလည်း အမှန်အားဖြင့် ကျယ်ဝန်းသည်။ အလှအပကို ချစ်ခြင်း၊ သဘာဝကိုချစ်ခြင်း၊ ငြိမ်းချမ်းမှုကိုချစ်ခြင်း စသည်များလည်း အချစ်ကဗျာဟု ပြောက ပြောနိုင်သည်။ ယင်းကဗျာတွင်တော့ ယနေ့ကျွန်တော်ဖွဲ့နေသော ကဗျာဟန်နှင့်တော့ သိပ်တူမည်မထင်။ ထိုအခါက ခပ်စင်းစင်းဖွဲ့လိုက်သည်”။

“ရင်ခုန်သံ” ဟူသော စကားလုံးသည် အမျိုးသားနှင့်အမျိုးသမီး ဆက်သွယ်ချစ်ခြင်းသာမဟုတ်။ လူသားချင်း အချစ်ကိုလည်းအချစ်ဟု ခေါ်နိုင်သည်။ ယင်းအချစ်ကိုလည်း ရင်ခုန်သံဖြင့် ခံစား၍ ရမည်ထင်သည်။ အချစ်ဟူသော စကားလုံး၏ မူလအဓိပ္ပာယ်မှာ ကျယ်ဝန်းလှသည်။ ဖိုမဆက်သွယ်ရေးတစ်ခုတည်းကိုသာ ကျဉ်းကျဉ်းမြောင်းမြောင်း ဖော်ညွှန်းထားခြင်း မဟုတ်ဟု ကျွန်တော်ထင်သည်”။

“ရသကျမ်း၊ အလင်္ကာကျမ်း၊ အိန္ဒိယမှလာသော ဆန်းလင်္ကာကျမ်းများပင်ဖြစ်စေ သူ့ထက်နောက်ကျသော ဂရိမှလာသည့် အလင်္ကာရသကျမ်းများမှပင်ဖြစ်စေ၊ ရသသဘောမှာ မည်သည့်ဒေသတွင်ဖြစ်စေ အဓိပ္ပာယ်ရင်းမှာ အတူတူပင်ဖြစ်သည်။ အချစ်နှင့်ပတ်သက်သောရသကို အိန္ဒိယဆန်းကျမ်းမှ သင်္ဂါရရသဟု အမည်ပေးခဲ့ကြသည်။ ရသအမျိုးမျိုးကို ခွဲခြားစိတ်ဖြာ၍ အမည်အမျိုးမျိုးဖြင့် ဖော်ပြခြင်းသည် ပညာရပ်ကို လေ့လာရာ၌ လွယ်ကူထင်ရှားအောင် အသုံးပြုသည့် နည်းဟု ကျွန်တော်ထင်သည်။ ရသ ၉ ပါး၊ ၁၁ ပါး စသည်ဖြင့် ကျောင်းများတွင် သင်ကြားခဲ့ကြရသည်။ ရသဆိုသည်မှာ ရင်ခုန်သံကို တင်စား၍ ဖော်ပြသော စကားရပ်ဖြစ်၍ ရင်ခုန်သံအမျိုးအမည်များစွာ ရှိနိုင်သည်။ ကျဉ်းကျဉ်းမြောင်းမြောင်းလည်း သတ်မှတ်ရမည်မထင်။”

“အချစ်ဆိုသည်ကတော့ လူသားတိုင်း အကျယ်ပြန့်ဆုံးထိတွေ့ခံစားရသော ရသဖြစ်၍ အချစ်ကဗျာကို အထူးသတိပြုကြရသည်”။




**ဦးညွတ်ဂါရဝပြု**

ဆရာကြီး ဒဂုန်တာရာ၏ ရေးသားချက်၊ ခံစားချက်၊ သုံးသပ်ချက်များကို ဖတ်ရှုမှတ်သားမိ၍ ဆရာကြီးအား ဦးညွတ်ဂါရဝပြုမိသည်။

အပေါ်ယံသဘောမျှသာ (အချစ်) ၏ အဓိပ္ပာယ်၊ ရင်ခုန်သံ၏ သဘောတို့ကို သိနားလည်ခဲ့ရှာသော ကျွန်တော်တို့၏ စူးစမ်းမှုအားနည်းခဲ့ပုံကို မရှုံ့မရဲဖြစ်မိသည်။

စာအနုအလှ၊ စကားလုံး ခပ်ရွရွများအကြောင်း၊ ဖွဲ့နွဲ့မှုသံစဉ်များအကြောင်း၊ ရင်ဝယ်ခံစားမှု နက်နက်နဲနဲရေးဖွဲ့မှုများအကြောင်း လေ့လာစရာတွေ၊ ဖတ်ရှုစရာတွေ၊ မှတ်သားစရာတွေ၊ နိုင်ငံရပ်ခြားမှထင်ရှားသော ကျမ်းမျိုးအဖုံဖုံကို ရည်ညွှန်းပြုစုခဲ့ပုံတွေကို ဆရာကြီးပေးခဲ့၊ ရေးခဲ့သည်ပါပကော. . ။

“ရင်ခုန်သံသည် ရသဗေဒပညာ၊ ခံစားမှုဗေဒပညာ၊ အလှဗေဒပညာတို့၏အမှတ်အသား”

“ဒဂုန်တာရာ (၂၄-၂-၉၂)”ဟု ကမ္ပည်းရေးထိုးမှတ်တမ်းပြုခဲ့သည်ကို ယခုမှ ကျွန်တော်နားလည်ခံစားရမိသည်။ “နောက်ကျပြီ”တွေးထင်မိသေးသည်။ ဆရာကြီး၏စာတွေရှာဖွေဖတ်ရပေဦးမည်။

**လှပသည့်နေပြည်တော်**

- ➢ မိုးလည်းမကျ။ လှပသည့်နေပြည်တော်။
- ➢ ယနေ့ ပို၍လှပနေသည်ဟု ကျွန်တော်ခံစားမိသည်။ အချစ်ရနံ့မွှေးသင်းပျံ့နေပြီး။ အချစ်သည်လည်း လှပသည်။
- ➢ အချစ်သည် မပူလောင်။အေးသည်။ ငြိမ်းသည်။ သာယာသည်။ ရင်ဝယ်ခံစားသည်။
- ➢ ဆရာကြီးဒဂုန်တာရာ၏စာများကို ဖတ်ပြီး ကျွန်တော်ရင်ထဲကခုန်နေပြီ။ ရင်ထဲကခုန်။
- ➢ ဩော်-မနက်ဖြန်အမှုတွေစစ်ဖို့ တရားရုံးဒိုင်ယာရီကြည့်ဦးစို့. . ။




3-undirmuftmqDH&Sxyfb Dpnfta0;tm;2016ckESpfarvtwif
½kSEHfrHqudbDWifuifyjyvyjcbnf

**စာမျက်နှာ ၁၅ မှ**

အာဆီယံအဖွဲ့ကြီးနဲ့ အိန္ဒိယနိုင်ငံအကြား ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကြွယ်ဝမှုကို မျှဝေခံစားရေး မိတ်ဖက်အစီအစဉ် (၂၀၁၆-၂၀၂၀) အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကိုလည်း ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းနှစ်ဖက်ခေါင်းဆောင်များက အတည်ပြုခဲ့ကြပါတယ်။ အာဆီယံ-အိန္ဒိယ မိတ်ဖက်ဆက်ဆံမှု (၂၅) နှစ်ပြည့်မြောက်တဲ့ အထိမ်းအမှတ်အဖြစ် ထိပ်သီးအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း နယူးဒေလီမြို့မှာ အိန္ဒိယနိုင်ငံရဲ့ အမျိုးသားနေ့ (Republic Day) အခမ်းအနားနဲ့ တစ်ဆက်တစ်စပ်တည်း ကျင်းပပြုလုပ်သွားဖို့ရှိပါတယ်။ အိန္ဒိယနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC)ကို ၂၀၀၃ ခုနှစ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။

အိန္ဒိယနိုင်ငံနဲ့ အာဆီယံနိုင်ငံများအကြား နှစ်ဖက်ကုန်သွယ်မှုတန်ဖိုးဟာ ၂၀၁၅ ခုနှစ်မှာ ၅၈ ဒသမ ၇ ဘီလီယံ ဒေါ်လာရှိခဲ့ပါတယ်။ အလားတူ အိန္ဒိယနိုင်ငံရဲ့ အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရှိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

## ရန်ပုံငွေထိန်းသိမ်းရေးသင်တန်းဖွင့်

**သထုံ ဩဂုတ် ၇**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သထုံမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ လေးရွာမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များကို ဩဂုတ်လ ပထမပတ်က သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက စီမံကိန်းလုပ်ထုံးလုပ်နည်းများနှင့် ရန်ပုံငွေထိန်းသိမ်းခြင်းဆိုင်ရာ ငွေစာရင်းသင်တန်းပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်ကျေးလက်

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်<br>ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ရွာတော်။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဇရာဝတီခန်းမ။

(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။

(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံ။

(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။

(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၈ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၇-၈-၂၀၁၇ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၈-၈-၂၀၁၇ ရက်နေ့မှ ၁၅-၉-၂၀၁၇ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀ိ /-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀ိ/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(တတိယတန်း) (အခြေခံလစာ- ၁၇၀၀၀၀ိ + အရည်အချင်းလစာ ၄၀၀၀ိ + **M.H.R.A** ၁၀၀၀၀ိ= ၁၈၄၀၀၀ိ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

NELC
Don't Worry, Just Speak!
Communicative English Classes
- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation
စသည့် English Language အတန်းများကို NELC တွင်တက်ရောက်နိုင်ပါသည်။
မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
နေပြည်တော် - 09 782009390 ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို၏အသက်(၁၀၀)ပြည့် ဂုဏ်ပြုစာအုပ်
အောင်ဆန်းသူရိယတံဆိပ်ရရှိသူ(၆)ဦးတွင်ပထမဆုံးဆုချီးမြှင့်ခံရသောမြန်မာ့သူရဲကောင်း
နတ်တလင်းမြို့၊ ဘိုးသာအောင်ကုန်းတံတားတိုက်ပွဲတွင် ရန်သူ့သေနတ်ကျည်များကြားမှ
အသက်စွန့်လွှတ်၍ တိုက်ပွဲဝင်ခဲ့သူ သူရဲကောင်းတစ်ဦး၏ ဖြစ်ရပ်မှန်ဇာတ်လမ်း
ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို
တက္ကသိုလ်စိန်တင်
သမိုင်းဝင်ဓါတ်ပုံများနှင့်စာပြင်ထွက်နေပါပြီ။
အားမာန်သစ်စာပေ။ ဖုန်း ၀၁-၃၉၄၆၈၅၊၀၉-၇၃၀၄၁၀၇၈

DOZO
FASHION DESIGN TECHNICAL SCHOOL
Daw Thida Win, B.Sc (Dip in Fashion Design, Japan)
Thet Hnin Aye (BA.Fashion Design, Japan)
1991 ခုနှစ် မှစ၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်ခဲ့သော နိုင်ငံတကာအဆင့်မီ Fashion Design School ဖြစ်သည်။ Design, Pattern, Cutting, Sewing များကို တိကျမှန်ကန်သော Japan နိုင်ငံမှနောက်ဆုံးပေါ် နည်းစနစ်များဖြင့် သင်ကြားပေးလျက်ရှိ သည်။
Courses - Basic, Advance, Fashion Illustration, Pattern Magic, Drapping, Hand Made, Wedding Dress, Children Wear's, မြန်မာပွဲတက် နှင့် ထိုင်မသိမ်း, ORIGAMI & DRAPPING (TR technique)
Start Date (ရန်ကုန်) : 12.8.2017(Sat,Sun)
Yangon - No.506, Damaryone St, Hlaing T/S, 10 Qr, 6 ½ Miles
Mandalay - No.(Nagyi-2/94),Between 63 × 64 Street, Chan Mya Thar Zi T/S
Phone(ရုံးချိန်အတွင်း)- 09420301999, 09 5004830 www.dozofashion.com

ဒေါက်တာဇော်ဦး
PhD (Chem) DFT (YU)
ဓာတုဗေဒ သင်ရိုးကုန်စာအုပ်
Ph: 09 252 210 320
ထွက်ပြီ

စက်မှုဇုန်မြေဝယ်လိုသည်။
လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေလင်ပန်း၊ စက်မှုဇုန်၌ မြေ(၂)ဧက သီးသန့် ဝယ်လိုသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
ဖုန်း 0943 999 888

ကမ္ဘာကျော် တက္ကသိုလ်ကြီးဖြစ်သည့်
UWS University,UK မှ တိုက်ရိုက်ချီးမြှင့်ပေးအပ်မည့်..
MBA
Why UWS?
- သက်တမ်းရင့် ကမ္ဘာကျော် တက္ကသိုလ်ကြီးဖြစ်ခြင်း
- UK အစိုးရတက္ကသိုလ်ဖြစ်ခြင်း
- သင့်တင့်မျှတသည့် ဈေးနှုန်းဖြစ်ခြင်း
Scholarship USD 1500 ရရှိမည့်အခွင့်အရေး..!
@ Myanmar Campus ရန်ကုန်မြို့ - ၀၉-၄၂၀၇၂ ၅၅၆၆ နှင့် ၀၉-၇၃၈၈၈၈၀၆၈
RIVER SAMON INSTITUTE OF MANAGEMENT
Website - https://www.uws.ac.uk/
Enroll Now! for AUG Intake

မှတ်ပုံ ACADEMY တင်ပြီး
တစ်အိမ်တစ်လုံးမရှိမဖြစ်သုံး
အကယ်ဒမီ
မီးမလောင်ခင်ကြိုတင်ကာကွယ်ရန်
ကြွေပြားရိုးချုတ်ဆေးကိုသုံးပါ
အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့်စတိုးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
Tel : 95-1-374797, 384944, 254146, 385858, 242726
Email : academychemicalburma@gmail.com, VIBER - 09 -250 150 990

Wi-Fi
Door Access Control
CCTV လုံခြုံရေး camera package
1.0MP 4.CH.250000.8.CH.400000.16.CH.780000
2.0MP.4.CH.290000.8.CH.480000.16.CH.940000
Alarm system
PABX system
Eagle .S.S.T. Ph-09778212285,09453395886
တိုက်အမှတ်(၂၄၈)၊ (၁၂) လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းဆုံအနီး၊ ရန်ကုန်တိုင်း။

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်
နေရာတိုင်းဆောင်ထား
အရောက်ပို့
တပ်ဆင်
ရှင်းပြ
Since 2001
Rain Flower
3 Years
ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534

ဂရန်မြေကွက် အမြန်ရောင်းမည်
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့ပေါ်၊ နီးဘုရားအနီးရှိ မြေကွက်ကျယ်ကျယ်၊ နှစ်ကွက်တွဲ ဝဒသမ၇၇၂ဧကအား ပိုင်ရှင်အမည်ပေါက် ကိုယ်တိုင်အမြန်ရောင်းမည်။
(မှတ်ချက် ခွဲမရောင်းပါ)
ဆက်သွယ်ရန် ဖုန်း-၀၉-၉၆၅၀၂၇၁၂၅၊ ၀၉-၇၈၅၀၂၇၁၂၅

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၅)ရပ်ကွက်၊ မြေကွက်အမှတ်(၂၀၇)၊ အလျားပေ၄၀×အနံပေ၆၀ရှိ မြေကွက်အား ဒေါ်ယင်းမာဦး[၁၂/အစန(နိုင်)၀၁၃၃၃၄]မှ ဝယ်ယူထားပြီး တရားဝင်ပိုင်ဆိုင်ထားသူမှ လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ပြန်လည်ရောင်းချသဖြင့် ဦးသိန်းသန်းမိုး[၇/ကဝန(နိုင်)၁၁၈၃၅၁]က ဝယ်ယူမည်ဖြစ်ပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးထားပြီးဖြစ်သဖြင့် ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း(မူရင်း)များဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
ဦးသိန်းသန်းမိုး
ဖုန်း-၀၉-၂၅၀၀၁၀၅၁၁

ONE TEA
နို့ဆီချောင်း
၅၀ ကျပ်



CGM F & B
facebook Page ကို Like & Share လုပ်ပြီး
ဖုန်းကံထူးရှင် ဖြစ်လိုက်ပါ



အထုပ်တိုင်းတွင် ကျပ်သိန်း (၅၀၀) တန်ဖိုးရှိ OKs ခဲခြစ်ကံစမ်းမဲများ ပါရှိသည်။
09 5178737 CGM F & B

GGW
GREEN GREAT WALL
◆ အိမ်ဆောက်သူများ ဝမ်းမြောက်မွယ်ရာ သတင်းကောင်း

High Tech Ready Made Light Wall Panel များ
မြန်မာပြည်တွင် ဝယ်ယူရရှိနိုင်ပါပြီ ....

Size: 610mm × 2440 mm (2' × 8')
Thickness: 60mm,75mm,90mm,120mm

◆ GGW (Wall Panels) နံရံပြားများသုံးစွဲခြင်း၏အကျိုးကျေးဇူးများ
(၁)တပ်ဆင်ရာတွင်လျင်မြန်၍အချိန်မီအတွင်းပြီးစီးခြင်း (၂)အလေးချိန်ပေါ့ပါးခြင်း
(၃)ခိုင်ခန့်ခြင်း (၄)မီးဒဏ်ကာကွယ်ခြင်း
(၅)အသံလုံခြင်း (၆)ရေလုံခြင်း(ရေစိမ့်မဝင်နိုင်ခြင်း)
(၇)အဆောက်အဦးထဲမှ အပူချိန်သည်ပြင်ပထက်လျော့နည်းခြင်း (၈)တပ်ဆင်ပြီးသည်နှင့်ဆေးသုတ်ရန် အဆင်သင့်ဖြစ်ခြင်း
(၉)ကြမ်းခင်းတွင် Beam မပါသော်လည်း ပေါ့ပါးသည့်အတွက် လွယ်ကူစွာ အခန်းဖွဲ့နံရံကာနိုင်ခြင်း။

အလေးချိန်သည် မိရိုးဖလာအုတ်နံရံအလေးချိန်၏ လေးပုံတစ်ပုံ ခန့်သာရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၄၆၉)၊ ကျိုင်းတုံလမ်း၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဆက်သွယ်ရန်ဖုန်း - 09-259445511, 09-970888200

KTL Khayann Treasure Land Co.,LTd
Construction & Home Decoration
အိမ်အတွင်း၊ အပြင် နိုင်ငံတကာဒီဇိုင်းများဖြင့် အလှဆင်ပေးခြင်း။
PAE လုံးချင်းအိမ်များနှင့် Steel Structure များ တည်ဆောက် ပေးခြင်း။
Home Renovation များ ပြုပြင်မွမ်းမံပေးခြင်း။
အခန်းဖွဲ့ခြင်းလုပ်ငန်းများ၊ အုတ်၊ Partition၊ အလူမီနီယံ၊ မှန်၊ Composite P.V.C များဖြင့် အခန်းဖွဲ့ပေးခြင်း၊ Celing မျက်နှာကြက်များဖြင့် အလှဆင်ပေးခြင်း၊ အိမ်အတွင်းအပြင် ဆေးသုတ်ခြင်းလုပ်ငန်း၊ ကြွေပြားကပ်ခြင်း/ခင်းခြင်း၊ ပါကေးခင်းခြင်း၊ အလူမီနီယံများ၊ Composite များ၊ Design များဖြင့် အလှဆင်ခြင်း၊ အလူမီနီယံ Slide Door ၊ သံပန်း၊ Sunshadı
No.42, 94 Street, Mingalar Taung Nyunt Tsp, Yangon, Myanmar.
Tel : 09-73242372, 09-420127578, 09-421126097

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph : 09-512-1284, 09-420-707802, 09-250-066210

Asepso
A globally trusted brand originated from UK since 1900s
ခန္ဓာကိုယ်ပေါ်မှဘက်တီးရီးယားပိုးမွှားများကို ထိထိရောက်ရောက် ဖယ်ရှားပေးသည်
PROVEN TO REMOVE 99.9% OF GERMS*



HINI ခိုင်းရုံ(စ်)
Distributed By: GTS
www.asepso.c
codaa

တာ ယုဇနပလာဇာအနီး
စိန်ရွှေရတနာဆိုင် "တာမွေသိုင်ဦး" မှ
မိတ်ဟောင်းမိတ်သစ်များအား အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်...
No.294, ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊
သီတာမှတ်တိုင်နှင့် အောင်မင်္ဂလာမှတ်တိုင်ကြား တာမွေမြို့နယ်။
Ph: 09-450000451, 09-450000452

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ယာဉ်အိုဝယ်လိုသည်
- ကားအပ်ပြီးစလစ်
- (ဃ) ပို့ဆက် (CNG ကား)
- Taxi, တိုက်ကျေ၊ CNG စလစ်
ဖုန်း-၀၉၄၄၈၀၀၇၃၇၇

အောင်မြေ(ခေတ္တနာ)
အကျိုးဆောင်လုပ်ငန်း

| | | | |
|---|---|---|---|
| ▶ ကမာရွတ်၊ အင်းယားလမ်း | (100×100) | မြေ | 34000.L |
| ▶ စခ၊ အာရှတော်ဝင်နီး၊ M-6 | (50×120) | 3RC | 16500.L |
| ▶ ဗဟန်း၊ ရွှေတောင်ကုန်းနီး | (80×60) | မြေ | 12700.L |
| ▶ ဗဟန်း၊ ရွှေဂုံတိုင်လမ်းသန့် | (40×65) | မြေ | 5700.L |
| ▶ မြောက်ဥက္ကလာ၊ သုဓမ္မာလမ်းမပေါ် | (40×60) | မြေ | 5700.L |
| ▶ သုဝဏ္ဏ၊ VIP - 1 | (46×80) | မြေ | 5200.L |
| ▶ မ/ဥ – VIP ၊ ဆေး(၂)အနီး | (100×100) | မြေ | 3500.L |
| ▶ တ/ဥက္ကလာ၊ ဗိုလ်မင်းရောင်လမ်းမနီး | (50×50) | မြေ | 3200.L |
| ▶ ဗဟန်း၊ ကင်းဘဲလမ်း၊ BR-3 | (2100.Sqft) | 2RC | 2800.L |
| ▶ (၇)မိုင်၊ ကုန်းမြင့်ရိပ်သာ၊ M-1,B-3 | (30×60) | 3RC | 2400.L |
| ▶ သာကေတ ၊ ရတနာ့အိမ်ရာ | (75×75) | မြေ | 2100.L |
| ▶ တ/ဥ၊ သံသုမာလမ်းမအနီး | (40×64) | 1RC | 1800.L |
| ▶ မင်္ဂလာဒုံ၊ အမှတ်(၃)လမ်းသန့် | (100×100) | မြေ | 1700.L |
| ▶ ရန်ကင်း ၊ ကန်ဘဲ့လမ်းသန့် | (37×40) | မြေ | 1550.L |
| ▶ သကတ ၊ တိုင်းရင်းသားကျေးရွာနီး | (50×120) | မြေ | 1100.L |

"အိမ် ခြံ မြေ များအား အပ်နှံပေးရန် ဖိတ်ခေါ်ပါသည်"
09-5080073, 09-422888853, 09-422888852

ဂုဏ်ရည်ဆေးတိုက်
ဂုဏ်ရည် ® အမှတ်တံဆိပ်
ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၇
စျ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀









## ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

## တက်နေဝန်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

## တိုက်ခန်းအမြန်ရောင်းမည်

မြေညီထပ်၊ Bခန်း၊ ရန်အေးလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဘူတာ-ဈေးဗလီအနီး၊ ပေ(၁၄×၅၅) ပြင်ဆင်ပြီးသား၊ သိန်း၂၅၀။

**Ph:09-5198469**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-၅၅၆၊ မြေကွက်တည်နေရာအမှတ်-၅၅၆၊ မဥ္ဇူလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်အုံးသန်း[၁၂/တတန(နိုင်)၀၄၆၅၇၀]ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-၃၉၈၊ မြေကွက်တည်နေရာအမှတ်-၃၉၈၊ ခိုင်သဇင်လမ်းသွယ်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးကျော်စိုးမိုး[၁/ကမန(နိုင်)၀၄၄၄၈၉]ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အိမ်အမှတ် A/52၊ မောင်ငံအလယ်တန်း၊ မော်လမြိုင်မြို့နေ ဦးလှအောင်[၁၀/မလမ(နိုင်)၁၈၁၇၉၃]၊ ဒေါ်အာချီ[၁၀/မလမ(နိုင်)၁၈၁၈၀၉]တို့၏ သားဖြစ်သူ မောင်နေလင်း[၁၀/မလမ(နိုင်)၁၃၃၁၆၉]သည် မိဘကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

နောက်နောင် သူနှင့်ပတ်သက်သည့် ကိစ္စများအား တာဝန်မယူပါ။

**ဦးလှအောင်-ဒေါ်အာချီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် - 2E/3856 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**



# ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံပြိုင်ပွဲ မြန်မာအသင်း ရွှေနှစ်ခု၊ ငွေတစ်ခုနှင့် ကြေးကိုးခုရရှိ

**ရန်ကုန်  ဩဂုတ်  ၇**

(၅)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံပြိုင်ပွဲ(5th World Vovinum Championship-2017)ပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဗိုဗီနမ်အသင်းသည် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ကိုးခုရရှိခဲ့ပြီး ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။ **(အပေါ်ပုံ)**

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ○**

# မန္တလေးနှင့် အင်းစိန်အကျဉ်းထောင်တို့မှ အကျဉ်းသား ကျောင်းသား ကျောင်းသူခုနစ်ဦး လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက်

**နေပြည်တော်  ဩဂုတ်  ၇**

မန္တလေးအကျဉ်းထောင်နှင့် အင်းစိန်အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသော အကျဉ်းသား ကျောင်းသား ကျောင်းသူ ခုနစ်ဦး ယနေ့နံနက်ပိုင်းတွင် ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ပြန်လည်လွတ်မြောက်လာသည့် ကျောင်းသားကျောင်းသူများမှာ မန္တလေးအကျဉ်းထောင်မှ ရွှန်းလဲ့ဝေကျော်(ခ)မအမြူး၊ ဟိန်းထက်အောင်(ခ) လီရှင်းထက်၊ လှိုင်မင်းဦး၊ ထွန်းခေါင်မျိုးဝင်း၊ အောင်ချမ်းမင်း၊ အင်းစိန်အကျဉ်းထောင်မှ ရဲထွန်းအောင် (ခ)ထွန်းထွန်း၊ သင်းနိုင်ဖြိုး(ခ) သက်ဖြိုးနိုင်(ခ)နောင်ကွဲတို့ဖြစ်သည်။

အဆိုပါ အကျဉ်းသားများကို နိုင်ငံတော်သမ္မတရုံး၏ ၄ -၈- ၂၀၁၇ ရက်စွဲပါ စာအမှတ် ၁၀၂ (၁)/၈/သမ္မတရုံးအရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇူလိုင်လအတွင်း ကန်ဒေါ်လာ တစ်သန်းကျော် တင်ပို့နိုင်

**မောင်တော  ဩဂုတ်  ၇**

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇူလိုင်လတွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၂၉၂၂၂ ဒသမ ၃၇၉ သန်း တင်ပို့နိုင်ခဲ့ကြောင်း မောင်တောကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇူလိုင်လတွင် မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းအနေဖြင့် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၄၇၅၂၀၅ ဒသမ ၁၇၀ သာ တင်ပို့နိုင်ခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇူလိုင်လတွင် ကုန်သွယ်မှုတန်ဖိုးဒေါ်လာ ၁၃၂၉၂၂၂ ဒသမ ၃၇၉ သန်း တင်ပို့နိုင်ခဲ့သည့်အတွက် ယခုဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၈၅၄၀၁၇ ဒသမ ၂၀၉ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းကျော်၏ ပြောပြချက်အရ သိရသည်။

ယခုနှစ် ဇူလိုင်လအတွင်း အဓိကတင်ပို့သည့် ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းများအနေဖြင့် ချင်း၊ ဆန်၊ နနွင်းတက်၊ လဲမှို၊ တညင်းသီးတို့ဖြစ်သည်။ ရေထွက်ကုန်ပစ္စည်းများအနေဖြင့် ရေငန်ပုစွန်၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ငါးကုန်းညှိုခြောက်၊ ငါးမြစ်ချင်း၊ ငါးသလောက်၊ ငါးသိုင်းခေါင်းပွ၊ အာပြဲခြောက်၊ ငါးပါးနီတို့ဖြစ်သည်။ ကုန်ချောပစ္စည်းများအနေဖြင့် ဝက်ခြံပျောက်ခရင်မ်၊ သနပ်ခါးခဲ၊ ဆီးယိုထုပ်၊ ထွန်းရွှေဝါ၊ ဆပ်ပြာ၊ သကြားလုံး၊ ကွေကာ၊ ဖိနပ်တို့ဖြစ်ကြသည်။

**(အေဝမ်းစိုး၊ မျိုးသူဟိန်း)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် ဩဂုတ် ၇**

(၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက် ၇ နာရီမှစတင်၍ ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းဝင်းအတွင်း သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်မျက်ရတနာများကို လေ့လာကြည့်ရှုကြပြီး တင်ဒါများကို လွတ်လပ်စွာ တင်သွင်းလျက်ရှိသည်။

ယနေ့တွင် ယမန်နေ့က တင်ဒါတင်သွင်းခဲ့သည့် ကျောက်စိမ်း၊ ကျောက်မျက် ရတနာအတွဲများမှ တင်ဒါအောင်မြင်သူများကို ထုတ်ပြန်

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✳**



# ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ

## ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ**
**( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတ**က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သောနေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည် ။

(ဂ) **ကော်မတီ** ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကော်မတီကို ဆိုသည် ။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည် ။

(င) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည် ။

(စ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်များလည်း ပါဝင်သည်။

(ဆ) **အမှတ်တံဆိပ်** ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို အခြားသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခွဲခြားသိရှိစေနိုင်သော ကိုယ်ပိုင်အမည်နာမများ၊ အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသော အစိတ်အပိုင်းများ၊ အရောင်အသွေးပေါင်းစပ်မှုတို့အပါအဝင် မျက်စိဖြင့် မြင်တွေ့နိုင်သော အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းအမှတ်အသားတစ်ခုနှင့် တစ်ခုပေါင်းစပ်ထားသည့် အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ စုပေါင်းပိုင်အမှတ်တံဆိပ်နှင့် အသိအမှတ်ပြုအမှတ်တံဆိပ်တို့လည်း ပါဝင်သည်။

(ဇ) **ကုန်အမှတ်တံဆိပ်** ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကိုဆိုသည်။

(ဈ) **ဝန်ဆောင်မှုအမှတ်တံဆိပ်** ဆိုသည်မှာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ဝန်ဆောင်မှုများကို အခြားသောလုပ်ငန်းများ၏ ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည် ။

(ည) **စုပေါင်းပိုင်အမှတ်တံဆိပ်** ဆိုသည်မှာ စက်မှုလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ သို့မဟုတ် ကုန်သည်များဖြင့် စုစည်းထားသော အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် သမဝါယမအသင်းကဲ့သို့ စုပေါင်းဖွဲ့စည်းထားသောအဖွဲ့အစည်းက ပိုင်ဆိုင်သည့် အမှတ်တံဆိပ်တစ်ခုခုကိုသော်လည်းကောင်း၊ အဆိုပါအဖွဲ့အစည်း၏ အဖွဲ့ဝင်များပိုင်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကိုသော်လည်းကောင်း ဆိုသည် ။

(ဋ) **အသိအမှတ်ပြုအမှတ်တံဆိပ်** ဆိုသည်မှာ အမှတ်တံဆိပ်တစ်ခု၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ မူရင်းဒေသ၊ အရည်အသွေး၊ အမျိုးအစားနှင့် အခြား ထူးခြားသောအချက်အလက်များနှင့်စပ်လျဉ်း၍ အမှတ်တံဆိပ်ပိုင်ရှင်က ယင်း၏ ထိန်းချုပ်မှုဖြင့် အသုံးပြုခွင့်ရှိကြောင်း အသိအမှတ်ပြုသည့်အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည် ။

(ဌ) **ဒေသဆိုင်ရာအညွှန်း** ဆိုသည်မှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်းထွက်ရှိရာ နိုင်ငံ၊ နယ်မြေ သို့မဟုတ် ဒေသမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်းပြချက်တစ်ခုခုကို ဆိုသည် ။

(ဍ) **ကျော်ကြားသော အမှတ်တံဆိပ်** ဆိုသည်မှာ သတ်မှတ်ထားသော စံနှင့်အညီ နိုင်ငံတော်တွင် လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဎ) **ကုန်သွယ်မှုအမည်** ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းတစ်ရပ်နှင့် တစ်ရပ် ခွဲခြားသိရှိနိုင်ရန် ဖော်ပြသောအမည် သို့မဟုတ် သတ်မှတ်ချက်ကို ဆိုသည် ။

(ဏ) **အမှတ်တံဆိပ်ပိုင်ရှင်** ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင် အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်းခံရသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည် ။

(တ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ အမှတ်တံဆိပ်ပိုင်ရှင်၊ ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၊ ဒေသဆိုင်ရာအညွှန်းပိုင်ရှင်၊ ကုန်သွယ်မှုအမည် ပိုင်ရှင်၊ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းခံရသူအဖြစ် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည် ။

(ထ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံ တစ်ခုခုကို ဆိုသည် ။

(ဒ) **တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သော တရားရုံးကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တရားရုံးများ တည်ထောင်ခြင်းမပြုမီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးများလည်း ပါဝင်သည်။

(ဓ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာနရှိ ညွှန်ကြားရေးမှူးအောက်မနိမ့်သော အရာရှိကို ဆိုသည် ။

(န) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးမှုများ ဆောင်ရွက်သည့် ဦးစီးဌာနရှိ ဦးစီးအရာရှိနှင့်အထက် အဆင့်ရှိသော အရာရှိကို ဆိုသည် ။

(ပ) **ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၂၈ ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည် ။

(ဖ) **ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၂၉ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

### အခန်း(၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊

(ဂ) အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့် သုံးစွဲသူများအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရန်၊

(ဃ) ဒေသဆိုင်ရာအညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတော်မှ ထွက်ရှိသော ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်။

### အခန်း (၃)
### ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများနှင့် ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ကော်မတီဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက် အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်တွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်းနှင့် ယင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် အကြံပြုတင်ပြခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

### အခန်း(၄)
### ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၆။ ဦးစီးဌာနသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန်နှင့် အကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) ကော်မတီကချမှတ်သော အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်ရန်နှင့် ယင်းတို့၏လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရန်အတွက် ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(င) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ဒေသတွင်းရှိ ပြည်သူများ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အတွင်း ဒေသအလိုက်ထွက်ရှိသော အရည်အသွေးမြင့် ထုတ်ကုန်များကို အကာအကွယ်ပေးခြင်း၊

(ဇ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဈ) အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ည) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဋ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ဌ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဍ) ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနနှင့် ကော်မတီတို့က အခါအားလျော်စွာပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

### အခန်း(၅)
### မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း

၇။ ညွှန်ကြားရေးမှူးချုပ်သည် ဦးစီးဌာနတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်သည့် မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်နိုင်သည်။

**စာမျက်နှာ စ သို့ »»**

»» စာမျက်နှာ ဆ မှ

၈။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(ဃ) ကော်မတီနှင့် ဦးစီးဌာနတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၉။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ဒေသဆိုင်ရာ အညွှန်းမှတ်ပုံတင် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများ တောင်းခံရန် လိုအပ်ပါက မှတ်ပုံတင်အရာရှိထံတင်ပြခြင်း၊

(ဃ) အမှတ်တံဆိပ်လျှောက်ထားချက်ကို စစ်ဆေးပြီးနောက် ခွင့်ပြုရန်သင့်၊ မသင့် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) ကော်မတီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၆)

## မှတ်ပုံတင်ခွင့်မရှိသော အမှတ်တံဆိပ်များ

၁၀။ အမှတ်တံဆိပ် တစ်ခုခုသည် အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ငြင်းပယ်ရန် ခိုင်လုံသည့်အကြောင်းပြချက်ဟု မှတ်ယူ၍ ယင်းအမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့်မပြုရ -

(က) သိသာထင်ရှားမှု မရှိခြင်း၊

(ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့် အချိန် သို့မဟုတ် အခြားသော လက္ခဏာများကို ဖော်ပြသည့် အမှတ်အသားများ သို့မဟုတ် ညွှန်ပြချက်များသာ ပါဝင်ခြင်း၊

ခြွင်းချက်။ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ အချက်များသည် အောက်ပါကိစ္စရပ်တစ်ခုခု ပေါ်ပေါက်လျှင် အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခွင့် မရှိစေရ -

(၁) အမှတ်တံဆိပ်ကို မှတ်ပုံတင်လျှောက်ထားသည့် နေ့ရက်မတိုင်မီ ယင်းအမှတ်တံဆိပ်ကို အသုံးပြုခြင်းကြောင့် သုံးစွဲသူများအကြား သိသာထင်ရှားမှု ရှိနေခြင်း၊

(၂) နိုင်ငံတော်၏ ကုန်သွယ်မှုနယ်ပယ်၌ လျှောက်ထားသူက ယင်းအမှတ်တံဆိပ်ကို သဘောရိုးဖြင့် တစ်ဆက်တည်း၊ တစ်ဦးတည်း သီးသန့်အသုံးပြုလျက်ရှိခြင်း။

(ဂ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ၊ နိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ ထိပါးစေနိုင်ခြင်း၊

(ဃ) မျက်မှောက်ဝေါဟာရ အသုံးအနှုန်းတွင် ယေဘုယျ အသုံးအနှုန်းဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုနယ်ပယ်တွင် လက်တွေ့အသုံးအနှုန်း ဖြစ်လာခြင်း၊

(င) ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်း၍ အများပြည်သူ သို့မဟုတ် ကုန်သွယ်မှုနယ်ပယ်ကို ထင်ယောင်ထင်မှား ဖြစ်စေရန် လှည့်ဖြားထားခြင်း၊

(စ) သက်ဆိုင်ရာ အာဏာပိုင်များ၏ ခွင့်ပြုချက်မရဘဲ နိုင်ငံတစ်နိုင်ငံ၏ အလံ၊ အထိမ်းအမှတ်ဆိုင်ရာ အသွင်အပြင်၊ အခြားအမှတ်တံဆိပ် သင်္ကေတများ၊ နိုင်ငံတစ်နိုင်ငံက သတ်မှတ်ထားသည့် ကွပ်ကဲမှု သို့မဟုတ် အာမခံချက်ကို ဖော်ပြထားသော တရားဝင် သင်္ကေတ သို့မဟုတ် အရည်အသွေးအာမခံ အမှတ်တံဆိပ်စသည်တို့ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အစိုးရအချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အထိမ်းအမှတ်ဆိုင်ရာ အသွင်အပြင်များ၊ အလံများ၊ အခြားအမှတ်တံဆိပ်၊ အမည် သို့မဟုတ် ယင်းအဖွဲ့အစည်း၏ အတိုကောက်အမည်တို့ကိုလည်းကောင်း အပြည့်အစုံကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်ကူးယူခြင်း သို့မဟုတ် တုပခြင်း၊

(ဆ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ တားမြစ်ချက်နှင့်ငြိစွန်းခြင်း၊

(ဇ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များအရ သီးခြားကာကွယ်ထားသော အမှတ်တံဆိပ်သင်္ကေတများကို အသုံးပြုထားခြင်း။

၁၁။ အမှတ်တံဆိပ် တစ်ခုခုသည် အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ငြင်းပယ်ရန် ဆက်စပ်သောအကြောင်းပြချက်ဟု မှတ်ယူ၍ ယင်းအမှတ်တံဆိပ်ကို မှတ်ပုံတင် ခွင့်မပြုရ -

(က) အခြားသူတစ်ဦးဦး၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ မှတ်ပုံတင်ထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် အသုံးပြုခြင်းဖြင့် သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်စေခြင်း၊

ရှင်းလင်းချက်။ ။ အဆိုပါ ထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူညီသော အမှတ်တံဆိပ်ကို အသုံးပြုခြင်းသည် ထင်ယောင်ထင်မှား ဖြစ်စေနိုင်သည်ဟု မှတ်ယူရမည်။

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂိုလ်တစ်ဦးဦး၏ ပုဂ္ဂိုလ်ရေးရာဆိုင်ရာ အခွင့်အရေး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်၊ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သော အမှတ်အသားကို အသုံးပြုထားခြင်း၊

(ဂ) အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ထိပါးချိုးဖောက်မှုဖြစ်စေနိုင်သော အမှတ်တံဆိပ်ဖြစ်ခြင်း၊

(ဃ) အမှတ်တံဆိပ်ကို သဘောရိုးဖြင့်မဟုတ်ဘဲ မှတ်ပုံတင်လျှောက်ထားခြင်း၊

(င) မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်တစ်ခုသည် ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုနှင့် ထပ်တူ သို့မဟုတ် အလားတူဖြစ်သည့်အပြင် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများလည်း ထပ်တူ သို့မဟုတ် အလားတူဖြစ်နေသဖြင့် သုံးစွဲသူများအား ထင်ယောင်ထင်မှား ဖြစ်စေခြင်း၊

(စ) မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်တစ်ခုသည် မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုနှင့် ထပ်တူ သို့မဟုတ် အလားတူဖြစ်ပြီး ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ မတူညီသော်လည်း ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွယ်မှုရှိသည်ဟု ညွှန်းပြသကဲ့သို့ ဖြစ်နိုင်ခြင်းနှင့် အဆိုပါအသုံးပြုမှုသည် မှတ်ပုံတင်ပြီးသည့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း။

## အခန်း( ၇ )

## လျှောက်ထားခြင်း

၁၂။ ဤဥပဒေအရ အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားလိုသူသည် မှတ်ပုံတင် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ရရှိလိုပါက အမှတ်တံဆိပ်ကိုမှတ်ပုံတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၃။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင် လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။

(ခ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

၁၄။ (က) အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် မှတ်ပုံတင် လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်-

(၁) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်နှင့်နေရပ်လိပ်စာ၊

(၃) လျှောက်ထားသူက ကိုယ်စားလှယ် လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏အမည်နှင့် နေရပ်လိပ်စာ၊

(၄) အမှတ်တံဆိပ်၏ ရှင်းလင်းပြည့်စုံသော ဖော်ပြချက်၊

(၅) အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ်အမျိုးအစား အုပ်စုခွဲခြားခြင်းအရ အုပ်စုအလိုက် သတ်မှတ်ထားသည့် မှတ်ပုံတင်ရန် တောင်းဆိုသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမည်နှင့် အမျိုးအစားများ၊

(ခ) ပုဒ်မခွဲ(က)ပါ အချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည် -

(၁) လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၂) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၃) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေး အခွင့်အရေးတောင်းဆိုချက်၊

(၄) လျှောက်ထားသည့် အမှတ်တံဆိပ်သည် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ဖြစ်ပါက ယင်းသို့ မှတ်ပုံတင်ထားကြောင်း အသိအမှတ်ပြုလက်မှတ်၊

(၅) ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၅။ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော အမှတ်တံဆိပ်လျှောက်ထားချက်ကို ဦးစီးဌာနမှ လက်ခံရရှိသည့် နေ့ရက်သည် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၆။ (က) ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော အမှတ်တံဆိပ်များကို မတူညီသော နေ့ရက်အသီးသီးတွင် တစ်ဦးထက်ပိုသူများက မှတ်ပုံတင်လျှောက်ထားခြင်းဖြစ်လျှင် လျှောက်ထားချက် အစောဆုံး တင်သွင်းသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေးကို တောင်းဆိုလျှောက်ထားလာခြင်းဖြစ်လျှင် ဦးစားပေးအခွင့်အရေးနေ့ရက် အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၁၇။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော အမှတ်တံဆိပ်များကို မှတ်ပုံတင်ပေးရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ရက်ကို တောင်းဆိုလျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး အမှတ်တံဆိပ်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏ အမည်ကို သတ်မှတ်သည့်ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ၎င်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ အမှတ်တံဆိပ်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်းခံရသူ၏ အမည်ကို မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိက လျှောက်ထားသူများ အားလုံးကို ပုဒ်မခွဲ(က)အရ ညွှန်ကြားသော်လည်း ယင်းတို့အချင်းချင်း သဘောတူညီမှု မရရှိခဲ့လျှင် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဆုံးဖြတ်ခြင်းကို လိုက်နာရမည်။

၁၈။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်အရာရှိက အမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက် အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်းအထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

(ဂ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအများအပြားပါဝင်သော မည်သည့် လျှောက်ထားချက်ကိုမဆို နှစ်စောင် သို့မဟုတ် နှစ်စောင်ထက်ပိုသော လျှောက်ထားချက်အသစ်များအဖြစ် ခွဲခြားပေးရန်လည်းကောင်း၊ တင်ပြထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာရင်းကို ချဲ့ထွင်ခြင်းမပြုဘဲ ကန့်သတ်ခြင်း သို့မဟုတ် လျှော့ချခြင်း ပြုလုပ်ပေးရန်လည်းကောင်း သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်ပေးရန် ခွဲခြား၍ လျှောက်ထားချက်အသစ်များအဖြစ် တင်သွင်းရာတွင် မူလလျှောက်ထားသည့် နေ့ရက်ကို လျှောက်ထားချက်တင်သွင်းသည့် နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၉။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၈ ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း(၈)

## စစ်ဆေးခြင်း၊ ကန့်ကွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၀။ စစ်ဆေးရေးအရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍-

(က) ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိကိုလည်းကောင်း၊ ပုဒ်မ ၁၄ ပါ အချက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ၊ မရှိကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်များကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိကို လည်းကောင်း၊ ပုဒ်မ ၁၄ ပါအချက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ၊ မရှိကို လည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

စာမျက်နှာ ဆ သို့ »»

»» စာမျက်နှာ ၈ မှ

လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိပါက အဆိုပါမှတ်ပုံတင်လျှောက်ထားချက်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ သတ်မှတ်သည့်အချိန်ကာလအတွင်း လျှောက်ထားချက်တွင် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ လက်ခံရရှိပါက စိစစ်၍ လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၂၁။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည်-

(က) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့ပြီး အဆိုပါပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာအမှတ်တံဆိပ်လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက အောက်ပါအချက်များနှင့်ကိုက်ညီလျှင် အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် ပြန်လည်လျှောက်ထားနိုင်သည်-

(၁) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့မှုနှင့် ပတ်သက်သည့် ရှင်းလင်းချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် လိုအပ်ချက်များအားလုံးကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအတွက် အကြောင်းပြချက်များကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုမှာ မရည်ရွယ်ဘဲဖြစ်ပေါ်ခဲ့ကြောင်း မှတ်ပုံတင်အရာရှိက တွေ့ရှိခြင်း၊

(၅) အခကြေးငွေ ပေးသွင်းပြီးဖြစ်ခြင်း။

(ခ) အယူခံတင်သွင်းထားသည့် ကာလအတွင်း ပုဒ်မခွဲ(က)အရ လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေး ပြန်လည်ပေးအပ်ရန် တောင်းဆိုလာလျှင် မှတ်ပုံတင်အရာရှိက ဆိုင်းငံ့ထားရမည်။

၂၂။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) အမှတ်တံဆိပ်လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက စွန့်လွှတ်ပြီးသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)အရ ပြန်လည်လျှောက်ထားလာလျှင် အဆိုပါတောင်းဆိုချက်ကို စိစစ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၀၊ ပုဒ်မ ၁၄ တို့နှင့်ညီညွတ်သော လျှောက်ထားချက်ကို အများပြည်သူသိရှိစေရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် အလို့ငှာ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၂၃။ အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ ရက်အတွင်း ဤဥပဒေပါ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တွင် ဖော်ပြထားသော အကြောင်းပြချက်တစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

၂၄။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့်အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၂၅။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းခြင်း မရှိပါက အဆိုပါအမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာတင်သွင်းလာပါက ကန့်ကွက်ချက်ကို ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စစ်ဆေးပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) မှတ်ပုံတင်ခြင်းကိုခွင့်ပြုလျှင် အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူသို့ ထုတ်ပေးရမည်။

၂၆။ အမှတ်တံဆိပ်ပိုင်ရှင်သည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်မူရင်း ပျက်ဆီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန်ထပ်မံထုတ်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသား အမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို လည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့်အခကြေးငွေ ပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၇။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)ပါ လျှောက်ထားချက်ကို စိစစ်ပြီး အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ် မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ခ)ပါ လျှောက်ထားချက်ကို စိစစ်ပြီးပြင်ဆင်ခွင့် ပေးနိုင်သည်။

## အခန်း(၉)
## ဦးစားပေးအခွင့်အရေး

၂၈။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် ပြည်ပတွင် အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက်၌ပါဝင်သည့် ထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့်တူညီသော အမှတ်တံဆိပ်ကို ပထမလျှောက်ထားသည့် နေ့ရက်မှ ခြောက်လအတွင်း ဦးစီးဌာနသို့ အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထားလျှင် ဦးစားပေးအခွင့်အရေး ခံစားရမည်။

၂၉။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် သက်ဆိုင်ရာနိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် အမှတ်တံဆိပ်နှင့် ထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ၌ စတင်ခင်းကျင်းပြသခဲ့သည့်နေ့ရက်မှ ခြောက်လအတွင်း ဦးစီးဌာနသို့ အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထားလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

၃၀။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၂၈ အရ လျှောက်ထားသည့် နေ့ရက်မှစတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

## အခန်း(၁၀)
## မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်း

၃၁။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ မှတ်ပုံတင်သက်တမ်းသည် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက်တင်သွင်းသည့် နေ့ရက်မှစ၍ ၁၀ နှစ်ဖြစ်သည်။ မှတ်ပုံတင်သက်တမ်း ၁၀ နှစ် ကုန်ဆုံးပြီးနောက် တစ်ကြိမ်လျှင် ၁၀ နှစ်စီဖြင့် သက်တမ်းတိုးနိုင်သည်။

၃၂။ အမှတ်တံဆိပ်ပိုင်ရှင်သည် မှတ်ပုံတင်သက်တမ်းကာလကို တိုးလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မှတ်ပုံတင်သက်တမ်းကာလကုန်ဆုံးမည့် နေ့ရက်မတိုင်မီ ခြောက်လအတွင်း မှတ်ပုံတင်သက်တမ်းတိုးပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်း၍ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် လျှောက်ထားခြင်းဖြစ်ပါက အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း လျှောက်ထားခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားသည့်အခါ သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၃၃။ မှတ်ပုံတင်အရာရှိသည်-

(က) သတ်မှတ်ချက်နှင့်ညီညွတ်သော မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို ခွင့်ပြုရမည်။ မှတ်ပုံတင်သက်တမ်းတိုးခြင်းသည် ယခင်မှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(ခ) မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို စစ်ဆေး၍ သတ်မှတ်ချက်နှင့်ညီညွတ်ပါက ၁၀ နှစ် သက်တမ်းတိုးပေးပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် အခကြေးငွေပေးသွင်းခြင်းတို့ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ဃ) မှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက် အခကြေးငွေကို အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း အမှတ်တံဆိပ်ပိုင်ရှင်က ပေးသွင်းခြင်းမရှိလျှင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းမှ ရုပ်သိမ်းရမည်။

(င) ရုပ်သိမ်းသွားသည့် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းမှရုပ်သိမ်းကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၁)
## မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ

၃၄။ အမှတ်တံဆိပ်ပိုင်ရှင်သည် အခန်း(၁၀)ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက မှတ်ပုံတင်သက်တမ်းကာလအတွင်း ဤအခန်းပါ မှတ်ပုံတင်ထားသော အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၃၅။ အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ်-

(၁) သဘောတူညီချက်မရှိဘဲ အခြားသူတစ်ဦးက ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေပါက ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

ရှင်းလင်းချက်။ ။ ထပ်တူဖြစ်သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် ထပ်တူဖြစ်သော အမှတ်အသားကို အသုံးပြုခြင်းဖြစ်ပါက ထင်ယောင်ထင်မှား ဖြစ်စေသည်ဟု မှတ်ယူရမည်။

(၂) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သူအား ပြစ်မှုကြောင်းဖြစ်ဖြစ်၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားစွဲဆိုခွင့်ရှိသည်။

(၃) အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထားသည့် ကျော်ကြားသောအမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသောအမှတ်တံဆိပ်ကို မတူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် ယင်း၏ သဘောတူညီချက်မရှိဘဲ ကုန်သွယ်မှုပြုရာတွင် အသုံးပြုခြင်းကို ကာကွယ်တားဆီးခွင့်ရှိသည် -

(ကက) မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်နေခြင်း၊

(ခခ) ယင်းအမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း။

(ခ) အခန်း (၁၂) နှင့် အခန်း (၁၃)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

၃၆။ အမှတ်တံဆိပ်ပိုင်ရှင်သည် အခြားသူတစ်ဦးဦးက စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်းများအတွက် အောက်ပါတို့နှင့် စပ်လျဉ်း၍ သဘောရိုးဖြင့် အသုံးပြုဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခွင့်မရှိစေရ -

(က) ပိုင်ရှင်၏ ကိုယ်ပိုင်အမည် သို့မဟုတ် နေရပ်လိပ်စာ၊

(ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့်အချိန်ကာလ သို့မဟုတ် အခြားသောလက္ခဏာများကို ဖော်ပြသည့် ညွှန်းပြချက်များ၊

(ဂ) ကုန်ပစ္စည်းကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ အသုံးပြုရန် ရည်ရွယ်သည့် ဖော်ပြချက်၊ အထူးသဖြင့် တွဲဖက်သုံးပစ္စည်းများ သို့မဟုတ် အပိုပစ္စည်းများ၏ အသုံးပြုရန်ရည်ရွယ်သည့် ဖော်ပြချက်။

၃၇။ အမှတ်တံဆိပ်ပိုင်ရှင်သည် ယင်းကိုယ်တိုင်ကဖြစ်စေ၊ ယင်း၏သဘောတူညီချက်ရရှိသူကဖြစ်စေ ပေးပို့ထား၍ ဈေးကွက်တွင်ရောက်ရှိနေသော ကုန်ပစ္စည်းများ၌ ယင်း၏အမှတ်တံဆိပ်ကို အသုံးပြုခြင်းအား တားမြစ်ပိတ်ပင်ခွင့်မရှိစေရ။

၃၈။ ပုဒ်မ ၃၇ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ အမှတ်တံဆိပ်ပိုင်ရှင်သည် ကုန်ပစ္စည်းများကို ဈေးကွက်သို့တင်သွင်းပြီးနောက် ယင်းကုန်ပစ္စည်း၏ အခြေအနေပြောင်းလဲသွားလျှင် သို့မဟုတ် ပျက်စီးယိုယွင်းသွားလျှင် ယင်းကုန်ပစ္စည်းအား ဆက်လက်ရောင်းချခြင်းကို တည်ဆဲဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်နိုင်သည်။

## အခန်း(၁၂)
## အမှတ်တံဆိပ်အခွင့်အရေးများကို လွှဲပြောင်းခြင်း

၃၉။ (က) အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ဆိုင်မှုကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၄၀။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က)အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ အမှတ်တံဆိပ်ပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ခ)အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် တောင်းဆိုလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၁။ အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက် သို့မဟုတ် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် တောင်းဆိုချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိရမည်။

၄၂။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှုမရှိစေရ။

## အခန်း(၁၃)
## မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်း

၄၃။ အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ၊ ယင်း၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို အသုံးပြုရန်အတွက် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

၄၄။ အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့သည် ခွင့်ပြုချက် စာတမ်းအမှတ်အသား မိတ္တူမှန်နှင့်အတူ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၄၅။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၄ အရ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

စာမျက်နှာ ၉ သို့ »»

»» စာမျက်နှာ ဆ မှ

၄၆။ အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့က မှတ်ပုံတင်အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကိုပယ်ဖျက်ရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိက မှတ်တမ်းမှပယ်ဖျက်ပြီး ယင်းသို့ပယ်ဖျက်ကြောင်း အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၇။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

## အခန်း(၁၄)
## အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်းကြေညာခြင်းနှင့် ပယ်ဖျက်ခြင်း

၄၈။ (က) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ တောင်းဆိုချက်အရ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်မကိုက်ညီသော အမှတ်တံဆိပ်ဖြစ်ကြောင်း သို့မဟုတ် ပုဒ်မ ၁၀ ပါ ငြင်းပယ်ရန် ခိုင်လုံသည့် အကြောင်းပြချက် တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့် မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာရမည်။

(ခ) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ ပုဒ်မ ၁၁ ပါ ငြင်းပယ်ရန် ဆက်စပ်သော အကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့်မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထားခိုင်လုံလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာရမည်။

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်တို့ကို လက်ခံရရှိလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာရမည်။

(ဃ) (၁) ပုဒ်မခွဲ(က)ပါ တရားမဝင်ကြောင်း ကြေညာခြင်းအတွက် တောင်းဆိုချက်ကို မည်သည့်အချိန်တွင်မဆို လျှောက်ထားနိုင်သည်။

(၂) မရိုးမဖြောင့်သောသဘောဖြင့် မှတ်ပုံတင်ခဲ့ခြင်းမဟုတ်လျှင် ပုဒ်မခွဲ (ခ)ပါ တရားမဝင်ကြောင်း ကြေညာခြင်းအတွက် တောင်းဆိုချက်သည် မှတ်ပုံတင်သည့်နေ့ရက်မှ ငါးနှစ်သက်တမ်းကျော်လွန်ပြီးနောက် လျှောက်ထားခြင်းမပြုနိုင်။

(င) တရားမဝင်ကြောင်းကြေညာသည့် အကြောင်းအရင်းများသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အချို့နှင့်သာ သက်ဆိုင်လျှင် အဆိုပါကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် ဆက်စပ်သော မှတ်ပုံတင်ခြင်းကို သာလျှင် တရားမဝင်ကြောင်း ကြေညာရမည်။

(စ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို တရားမဝင်ကြောင်း ကြေညာခြင်းဖြစ်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့ တရားမဝင်ကြောင်း ကြေညာခြင်းကို အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၄၉။ (က) အမှတ်တံဆိပ် အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ မှတ်ပုံတင်အရာရှိသည် အောက်ဖော်ပြပါတစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရမည် -

(၁) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့် သက်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို ဦးစီးဌာနတွင် လျှောက်ထားသည့် နေ့မှစ၍ သုံးနှစ်အတွင်း လုံးဝအသုံးမပြုခြင်းနှင့် အဆိုပါအသုံးပြုမှု ပျက်ကွက်ခြင်းအတွက် လုံလောက်သော အကြောင်းပြချက်မရှိခြင်း၊

(၂) မှတ်ပုံတင်ထားသော အမှတ်တံဆိပ် အသုံးပြုခြင်းအား တစ်ဆက်တည်း သုံးနှစ်ကြာ ဆိုင်းငံ့ထားခြင်းနှင့် အဆိုပါ ဆိုင်းငံ့ထားခြင်းအတွက် လုံလောက်သောအကြောင်းပြချက် မရှိခြင်း၊

(၃) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်သည် ကုန်ပစ္စည်း၏ အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့်အချိန်တို့ကို ဖော်ပြသည့် ညွှန်းပြချက်များ သို့မဟုတ် မျက်မှောက်ဝေါဟာရ အသုံးအနှုန်းတွင် ယေဘုယျအသုံးအနှုန်းဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုနယ်ပယ်တွင် လက်တွေ့အသုံးအနှုန်း ဖြစ်လာသည့် ညွှန်းပြချက်များ သီးသန့်ပါဝင်လာခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အမှတ်တံဆိပ်အသုံးပြုခြင်းတွင် အောက်ပါတို့ ပါဝင်သည် -

(၁) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ထူးခြားသော လက္ခဏာများအား ပြောင်းလဲခြင်းမရှိဘဲ ကွဲပြားသော ပုံစံတစ်ခုအဖြစ် အသုံးပြုခြင်း၊

(၂) တင်ပို့ရန် ရည်ရွယ်၍ ကုန်ပစ္စည်းများပေါ်တွင် အမှတ်တံဆိပ်ကိုကပ်ခြင်း သို့မဟုတ် ယင်းကုန်ပစ္စည်းကို ထုပ်ပိုးထားခြင်းအပေါ်တွင် အမှတ်တံဆိပ်ကို ကပ်ခြင်းတို့ အပါအဝင် နိုင်ငံတော်တွင် အသုံးပြုခြင်း။

(ဂ) ဤဥပဒေအရ အမှတ်တံဆိပ် အသုံးပြုသည့်ကာလ၊ သဘောသဘာဝ သို့မဟုတ် နယ်ပယ်တို့အပါအဝင် အမှတ်တံဆိပ်အား အသုံးပြုမှုကို သက်သေပြရန် လိုအပ်လျှင် အဆိုပါသက်သေပြရန် တာဝန်သည် အမှတ်တံဆိပ်ပိုင်ရှင်နှင့်သာ သက်ဆိုင်ရမည်။

(ဃ) ပယ်ဖျက်စေသည့် အကြောင်းအရင်းများသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအချို့နှင့်သာ သက်ဆိုင်လျှင် အဆိုပါကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင် ပယ်ဖျက်စေရမည်။

(င) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ပြီးပါက အဆိုပါ မှတ်ပုံတင်ခြင်းသည် တရားဝင်ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(စ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို ပယ်ဖျက်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့ပယ်ဖျက်ပြီးကြောင်းကို အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၅၀။ မည်သူမဆို ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)နှင့် ငြိစွန်းသဖြင့် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန် ငြင်းပယ်သည့် သို့မဟုတ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်သည့် အမှတ်တံဆိပ်ကို အသုံးမပြုရ။

## အခန်း(၁၅)
## ဒေသဆိုင်ရာအညွှန်း

၅၁။ သက်ဆိုင်ရာကုန်ပစ္စည်းကို ထုတ်လုပ်သောဒေသအတွင်းရှိ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ကိုယ်စားပြုသည့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း တစ်ခုခုသည် ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်လိုပါက မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) သဘာဝထွက်ကုန် သို့မဟုတ် သဘာဝသယံဇာတများဖြင့် ကုန်ပစ္စည်းထုတ်လုပ်သူများ၊

(ခ) စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်သူများ၊

(ဂ) လက်မှုပစ္စည်း သို့မဟုတ် စက်မှုပစ္စည်းဆိုင်ရာ ထုတ်ကုန်ထုတ်လုပ်သူများ၊

(ဃ) ပုဒ်မခွဲ (က)မှ (ဂ)အထိတွင် ဖော်ပြထားသူများ၏ကိုယ်စား နိုင်ငံတော်တွင်း အခွင့်ရအာဏာပိုင်များအားလုံး။

၅၂။ (က) ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားရာတွင် အောက်ပါအချက်များ ပါဝင်သော သတ်မှတ်သည့်နည်းလမ်းနှင့်အညီ လျှောက်ထားရမည်-

(၁) လျှောက်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၂) မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ဒေသဆိုင်ရာအညွှန်း၊

(၃) လျှောက်ထားသည့် ဒေသဆိုင်ရာအညွှန်း ထွက်ရှိရာဒေသ၊

(၄) ဒေသဆိုင်ရာအညွှန်းအဖြစ် ညွှန်းဆိုသည့် ကုန်ပစ္စည်း။

(ခ) အဆိုပါလျှောက်လွှာများနှင့်အတူ အောက်ပါတို့ကို ဖော်ပြရမည်-

(၁) ကုန်ပစ္စည်း၏ ထူးခြားသော အချက်အလက်များ သို့မဟုတ် အရည်အသွေး သို့မဟုတ် ထင်ပေါ်ကျော်ကြားမှု၊

(၂) ကုန်ပစ္စည်း၏ တိကျစွာသတ်မှတ်ထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် ဝိသေသလက္ခဏာများ၊ မူရင်းဒေသနှင့် ထုတ်လုပ်မှုနည်းစနစ်တို့အကြား ဆက်စပ်မှု၊

(၃) သတ်မှတ်သည့် အခြားအချက်များ။

(ဂ) လျှောက်ထားရာတွင် သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်။

၅၃။ ဒေသဆိုင်ရာအညွှန်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းနေပါက မှတ်ပုံတင်ခွင့်မရှိစေရ -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဌ) ပါ ဒေသဆိုင်ရာအညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) အဆိုပါဒေသဆိုင်ရာအညွှန်းကို သုံးစွဲမည့်ကုန်ပစ္စည်းသည် နိုင်ငံတော်ရှိ အများသုံးဝေါဟာရတွင် ယေဘုယျအသုံးအနှုန်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်နေခြင်း၊

(ဂ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်တရားကောင်းမွန်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်နေသော ဒေသဆိုင်ရာအညွှန်းတစ်ရပ် ဖြစ်နေခြင်း။

၅၄။ အကျိုးသက်ဆိုင်သူ မည်သူမဆို သို့မဟုတ် မည်သည့်သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမဆို အောက်ပါအကြောင်းပြချက်များဖြင့် ဒေသဆိုင်ရာအညွှန်းအား မှတ်ပုံတင်ထားခြင်းကို တရားမဝင်ကြောင်း ကြေညာရန် သို့မဟုတ် ပယ်ဖျက်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဌ) ပါ ဒေသဆိုင်ရာအညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) ပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ) ပါ ချမှတ်ထားသော အချက်အလက်များနှင့် သက်ဆိုင်သည့် လိုအပ်ချက်များနှင့်ကိုက်ညီစေရန် သေချာစွာ ဆက်လက်လုပ်ဆောင်နိုင်မှုမရှိခြင်း၊

(ဂ) မူရင်းထွက်ရှိရာနိုင်ငံတွင် အကာအကွယ်ပြုလုပ်မထားသော သို့မဟုတ် ကာကွယ်ခြင်းရပ်စဲသွားသော သို့မဟုတ် အဆိုပါနိုင်ငံတွင် အသုံးမပြုတော့သော ပြည်ပဒေသဆိုင်ရာအညွှန်းများ၊

(ဃ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်တရားကောင်းမွန်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်နေသော ဒေသဆိုင်ရာ အညွှန်းတစ်ရပ်ဖြစ်နေခြင်း။

၅၅။ (က) မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသော ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသော ဒေသအတွင်း ၎င်း၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေသူများကသာ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မှတ်ပုံတင်ထားသော ဒေသဆိုင်ရာ အညွှန်းကို သုံးစွဲခွင့်ရှိရမည်။ သို့ရာတွင် အဆိုပါကုန်ပစ္စည်းများသည် မှတ်ပုံတင်စာရင်းတွင် သတ်မှတ်ဖော်ပြထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားသော ဝိသေသလက္ခဏာများနှင့် ပြည့်စုံရမည်ဖြစ်သည်။

(ခ) သံတူကြောင်းကွဲဖြစ်နေသည့် ဒေသဆိုင်ရာအညွှန်းများတွင် မှတ်ပုံတင်ပြီးသော ဒေသဆိုင်ရာအညွှန်းအမည်နှင့် နောက်ပိုင်းတွင်မှ မှတ်ပုံတင်သည့် သံတူကြောင်းကွဲ ဒေသဆိုင်ရာ အညွှန်းအမည်တို့အကြား လက်တွေ့ကျင့်သုံးမှုတွင် သိသာထင်ရှားသော ကွဲပြားခြားနားမှုရှိသည့်အခါမှသာ သက်ဆိုင်ရာ ထုတ်လုပ်သူများအား သာတူညီမျှ ပြုမူဆက်ဆံရန်နှင့် စားသုံးသူများအား ထင်ယောင်ထင်မှား မဖြစ်စေရန် လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစား၍ အကာအကွယ်ပေးရမည်။

(ဂ) မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်း၏ အခွင့်အရေးရရှိသူသည် အောက်ပါကိစ္စရပ်များကို ကာကွယ်တားဆီးပိုင်ခွင့်ရှိသည် -

(၁) ကုန်ပစ္စည်း၏ ဒေသဆိုင်ရာအညွှန်းနှင့် စပ်လျဉ်း၍ အများပြည်သူကို လှည့်ဖြားရန်အလို့ငှာ မူရင်းဒေသမှန်မှမဟုတ်ဘဲ အဆိုပါဒေသမှ ထွက်ရှိသော ပစ္စည်းဖြစ်ကြောင်း ဖော်ပြ၍ တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(၂) တရားမျှတမှုမရှိသည့် ယှဉ်ပြိုင်မှုတစ်ရပ်ကို ဖြစ်စေသော မှတ်ပုံတင်ထားသည့် ဒေသဆိုင်ရာအညွှန်းကို အသုံးပြုခြင်း တစ်ရပ်ရပ်၊

(၃) ကုန်ပစ္စည်း၏ မူရင်းဒေသကို ညွှန်ပြရာတွင်ဖြစ်စေ၊ ဒေသဆိုင်ရာ အညွှန်းကို ဘာသာပြန်ဆို၍ အသုံးပြုရာတွင်ဖြစ်စေ၊ အမျိုးအစား၊ အုပ်စု၊ ပုံစံ၊ တုပခြင်း သို့မဟုတ် အလားတူ ဖော်ပြချက်များဖြင့် ဒေသဆိုင်ရာ အညွှန်းကို တွဲဖက်အသုံးပြုထားရာတွင်ဖြစ်စေ၊ အငြင်းပွားနေသော ဒေသဆိုင်ရာ အညွှန်းဖြင့် ဖော်ပြထားသောဒေသမှ မဟုတ်သည့် ကုန်ပစ္စည်းများအတွက် ဒေသဆိုင်ရာအညွှန်းကို အသုံးပြုခြင်း။

(ဃ) ကုန်ပစ္စည်းမူရင်းထွက်ရှိရာ နယ်ပယ်၊ ဒေသ သို့မဟုတ် နယ်မြေကို တိကျမှန်ကန်စွာ ဖော်ပြထားသော်လည်း အခြားနယ်ပယ်မှထွက်ရှိသော ကုန်ပစ္စည်းအဖြစ် အများပြည်သူကို မှားယွင်းစွာဖော်ပြထားသော အခြားဒေသဆိုင်ရာအညွှန်းများသည် ပုဒ်မခွဲ (က)နှင့် (ဂ)ပါ အခွင့်အရေးများမရရှိစေရ။

၅၆။ (က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်အား ပုဒ်မ ၅၁၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၃ တို့နှင့် ကိုက်ညီမှုရှိ-မရှိ စစ်ဆေးရမည်ဖြစ်ပြီး အကယ်၍ လိုအပ်ချက်အားလုံး ပြည့်စုံပါက လျှောက်ထားချက်တွင် ပါဝင်သောအကြောင်းအရာများနှင့် အချက်အလက်များကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) အမှတ်တံဆိပ်၏ ကန့်ကွက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဒေသဆိုင်ရာ အညွှန်း၏ ကန့်ကွက်ခြင်းအတွက် လိုအပ်သလို အသုံးပြုစေရမည်။

(ဂ) ကန့်ကွက်ချက်ကို တင်သွင်းခြင်းမရှိခဲ့လျှင် သို့မဟုတ် ကန့်ကွက်ချက်ကို ငြင်းပယ်ခဲ့လျှင် ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်ပေးရမည်။

၅၇။ (က) ဒေသဆိုင်ရာအညွှန်းတစ်ခုကို မှတ်ပုံတင်သည့် သက်တမ်းသည် ၁၀ နှစ်ကာလ ဖြစ်သည်။

(ခ) မှတ်ပုံတင်သက်တမ်း ၁၀ နှစ် ကုန်ဆုံးပြီးနောက် မှတ်ပုံတင်သက်တမ်း တိုးမြှင့်လိုသူသည် တစ်ကြိမ်လျှင် မှတ်ပုံတင်သက်တမ်း ၁၀ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည်။

(ဂ) ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသူသည် မှတ်ပုံတင်သက်တမ်းတိုးမြှင့်မှု တစ်ကြိမ်စီအတွက် သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းရမည်။

၅၈။ (က) ဒေသဆိုင်ရာအညွှန်းတစ်ရပ်ကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ရာတွင် ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်ရန် လျှောက်ထားပြီးနောက် အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားလာလျှင် ပုဒ်မ ၅၅ ကို ချိုးဖောက်၍ဖြစ်စေ၊ တူညီသော ထုတ်ကုန်နှင့် ဆက်စပ်၍ဖြစ်စေ အသုံးပြုသော အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းအား ငြင်းပယ်ရမည်။

(ခ) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်များသည် ပုဒ်မခွဲ(က)နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက ယင်းအမှတ်တံဆိပ်များသည် တရားမဝင်ကြောင်း ကြေညာခြင်းခံရမည်။

(ဂ) ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်ရန် မလျှောက်ထားမီ သဘောရိုးဖြင့် မှတ်ပုံတင်ထားပြီးသော သို့မဟုတ် လျှောက်ထားပြီးသော အမှတ်တံဆိပ်သည် ပုဒ်မ ၅၅ ကို ချိုးဖောက်၍ အသုံးပြုထားသော်လည်း အခန်း(၁၄) ပါပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိလျှင် ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းတွင် မည်သို့ပင်ရှိစေကာမူ အဆိုပါထုတ်ကုန်များအတွက် ဆက်လက်အသုံးပြုနိုင်သည်။ အဆိုပါကိစ္စရပ်များတွင် ဒေသဆိုင်ရာအညွှန်း အသုံးပြုမှုကို ယင်းနှင့်ဆက်နွှယ်နေသော အမှတ်တံဆိပ် အသုံးပြုမှုကဲ့သို့ ခွင့်ပြုရမည်။

၅၉။ (က) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသည် အကာအကွယ်ရရှိထားသော ဒေသဆိုင်ရာ အညွှန်းများကို ကြီးကြပ်ကွပ်ကဲရမည်။ ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ လုပ်ငန်းအချို့ကို အခြားပုဂ္ဂိုလ်တစ်ဦးအား လွှဲအပ်နိုင်သည်။

(ခ) ကြီးကြပ်ကွပ်ကဲမှုတွင် အောက်ပါတို့ပါဝင်ရမည် -

(၁) ဒေသဆိုင်ရာအညွှန်းအဖြစ် မှတ်ပုံတင်ထားသော ထုတ်ကုန်များ၏ သတ်မှတ်ဖော်ပြချက်များနှင့် သက်ဆိုင်ရာထုတ်ကုန်တို့၏ ကိုက်ညီမှု၊

(၂) မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်းအမည်များအား ဈေးကွက်တွင် အသုံးပြုမှု။ **(ဆက်လက်ဖော်ပြပါမည်)**